www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နီကိုရဲ့

# အနောက်

BURMESE CLASSIC .com

မောင်မျိုး (စီစဉ်သည်)

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၃ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

**မောင်မျိုး**
**(ကြောင်နှစ်ကောင်)**
**စီစဉ်သည်။**

www.burmeseclassic.com

www.burmeseclassic.com

"အနောက်. . ." တဲ့။
သူတို့ဝန်းကျင်မှာ သုံးတတ်တဲ့
လူငယ်စကားပါ။
တစ်စုံတစ်ယောက်ကြောင့်
စိတ်အနှောင့်အယှက်ဖြစ်ရ
အာရုံနှောက်ရတဲ့အခါမျိုးမှာ
ပြောဆို သုံးစွဲတတ်ကြပါတယ်။
ပြောရမယ်ဆိုရင်တော့ . . .

www.burmeseclassic.com

www.burmeseclassic.com

*Marriage is like life in this that it is a field of battle, and not a bed of roses.*

**(Robert Louis Stevenson)**

ထိမ်းမြား လက်ထပ်ခြင်းဆိုတာ
စစ်မြေပြင်တစ်ခုလိုပါပဲ။
နှင်းဆီမွေ့ရာတစ်ခု မဟုတ်ဘူး။

(ရောဘတ်လောရစ်စတီဗင်ဆင်)

BURMESE CLASSIC .com

ထိမ်းမြား လက်ထပ် မင်္ဂလာဆောင်တယ်ဆိုတာ
တကယ်တော့ . . . အရိုးမပါတဲ့အရာနှစ်ခု
ပေါင်းစပ်ခြင်းပါပဲ။

လူနော်

**(01 : 01-A) 24 F 08**

(အသည်းနှလုံးမှာ အရိုးမပါပါ)





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"မလုပ်ကြနဲ့ အဲ... အဲလို မလုပ်ကြပါနဲ့။ ရပ်... ရပ်ကြ ရပ်ကြပါ။ မင်းတို့ အဲလိုလုပ်ရင် အဖေ့ကိုသာ အရင်သတ်လိုက်ကြပါ။ မလုပ်ကြပါနဲ့၊ အဖေ့ကို သနားပါ ငါ့သားတို့ရယ်"

သတို့သမီးနေရာမှာ လက်မှတ်ထိုးရန် ဟန်အပြင်လိုက်မှာပင် တရားရေး ခန်းမထဲ ဒရောသောပါး ပြေးဝင်လာပြီး ဟန့်တားလိုက်သောအသံကြောင့် လရိပ်သည် အထိတ်တလန့်နှင့် ဦးခေါင်းကို လှည့်ကြည့်လိုက်သည်။ သူမ တစ်ကိုယ်လုံး မိုးကြိုးပစ်ခံလိုက်ရသလို ဖြန်းခနဲ တုန်သွားကာ လက်ထဲမှ ဖောင်တိန်လေး ပြုတ်ကျသွားသည်။ ရှေ့မှာ ထိုင်နေသော တရားသူကြီးမင်းလည်း ရုတ်တရက် လန့်သွားကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ လရိပ်၏ နံဘေးမှာ ယှဉ်တွဲ ထိုင်နေသော ရဲရင့်လည်း နံနက်ခင်းမှာ မိုးကြိုးထစ်ချုန်းသံ ကြားလိုက်ရသည့်နှယ် ခေါင်းနပန်းကြီးကာ ပါးစပ်အဟောင်းသားနှင့် ငေးကြောင်သွားသည်။ အတူပါလာသော သူငယ်ချင်းတွေလည်း ထိတ်လန့် တုန်လှုပ်သွားသည်။

"မလုပ်ကြပါနဲ့၊ အဖေ့ကိုသာ သတ်လိုက်ကြ၊ အဖေ့ကိုသာ သတ်လိုက်ပါ ရဲရင့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ တွေတွေစီးကျရင်း ဦးရည်မွန်သည် ကတုန်ကယင်နှင့် ဝင်လာ၏။ လရိပ်သည် လိပ်ပြာလွင့်စင်သွားစေလောက်သည့် ထိတ်လန့်မှုနှင့် ကြောက်ရွံ့နေသည်။

"ဒါက တရားရုံးပါ။ ခင်ဗျားအပြုအမူက ရုံးတော်ကို မထီမဲ့မြင်ပြု နေသလိုပဲ။ ခင်ဗျား ဘယ်သူလဲ"

တရားသူကြီးက တည်ငြိမ် အေးဆေးစွာ မေးသည်။

ဦးရည်မွန်က မျက်နှာငယ်လေးနှင့် ဖြေသည်။

"ကျွန်တော့်နာမည်က ရည်မွန်ပါ။ ခွင့်လွှတ်ပါ တရားသူကြီးမင်းခင်ဗျာ၊ သားသမီးဇောကြောင့် ကျွန်တော် ဘာလုပ်လို့ လုပ်မိမှန်း မသိတော့ပါဘူး။ ရဲ... ရဲရင့်က ကျွန်... ကျွန်တော့်သားပါ"

လရိပ် ဘုရားတ,မိလိုက်သည်။ ဖြူသွယ်သော လက်ချောင်းလေးတွေက သူမ၏ ရင်ကို ဖိမိလိုက်သည်။ မျက်ရည်တွေ လိမ့်ဆင်းကျလာ၏။ သူမ ခေါင်းငိုက်စိုက်ကျသွားသည်။ လရိပ်၏ ရှိုက်သံသည် ရဲရင့်၏ နှလုံးအိမ်အား ဆွဲကိုင် လှုပ်ခါနေလေသည်။ ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် အဖေ့စကားကို မနာခံသော သားမိုက် ဖြစ်သွားသည်။ အချစ်၏ ရုန်းကြွခွန်အားတွေက ရင်မှာ လှိုက်တက်လာသည်။

"ကျွန်တော်တို့ ဆယ့်ရှစ်နှစ်အရွယ်ကို ကျော်ခဲ့ကြပြီ။ အိမ်ထောင်ရေးမှာ ကျွန်တော်တို့ စိတ်ကြိုက် ရွေးချယ်ဆုံးဖြတ်နိုင်ပြီ။ အဖေ ကျွန်တော့်ကို သားအဖြစ်က စွန့်လွှတ်ရင် စွန့်လွှတ်လိုက် လရိပ်ကိုတော့ ကျွန်တော် လုံးဝ မစွန့်လွှတ်ဘူး အဖေ"

"မဟုတ်ဘူး၊ အဲလိုမလုပ်နဲ့ ရဲရင့်။ နင့်ကို ငါ ငါ မယူနိုင်ဘူး၊ မယူနိုင်ဘူး ရဲရင့်"

ချစ်သူ၏ ငိုရှိုက်သံထက် ခါးသီးစွာ ငြင်းပယ်ခံရခြင်းက သူ၏ နှလုံးအိမ်ကို ပိုပြီး နင့်သက်သွားစေသည်။ သူသည် လရိပ်၏ မျက်နှာအား စူးစူးကြည့်လိုက်၏။ လရိပ်သည် အဖေ့အား မကြည့်ဝံ့အောင် ကြောက်ရွံ့





နေသည်။ လရိပ်ရယ် နင့်အကြောင်းကို ငါ သိပါတယ်။ နင် ဦးရည်မွန်ဆိုတဲ့ ငါ့အဖေကို အဲလောက် ကြောက်စရာ မလိုတော့ပါဘူး။ ဒီက ရွှေမှာ နင် သူ့လောင်းရိပ်မှာ မရှိစေရဘူး။ သူ့ ပေးကမ်းမှုတွေကို နင် မျက်နှာ ဆောက်စရာ မလိုတော့ဘူး။ ငါ အဖေနဲ့ အပြတ်စာရင်းရှင်းတော့မှာပါ။

မိုးကြိုး ဆက်တိုက် အပစ်ခံရတော့မယ့် သားလိမ္မာပါပဲ။

သူသည် အဖေ့အား ရဲရဲရင်ဆိုင်လိုက်၏။ အဖေ ရိုက်လျှင်လည်း ရိုက်ပါစေတော့။ သူ့ဆုံးဖြတ်ချက်က ခိုင်မာပြီးသားပါလေ။

"အဖေ... အဖေနဲ့ ကျွန်တော် လူကြီးတွေရှေ့မှာ ပြောမကောင်းလို့ အပြင်ခဏထွက်ပြီး ပြောကြရအောင်။ သားအဖ မဟုတ်ဘဲ ယောကျ်ားချင်း စကားပြောကြတာပေါ့"

တရားသူကြီးမင်းကို ခဏလေးပါဟု တောင်းပန်ကာ သားအဖ နှစ်ယောက် အပြင်ဘက် ထွက်သွားကြသည်။ ဝမ်းနည်းခြင်းကြီးစွာ လရိပ် ငိုရှိုက် ကျန်ရစ်ခဲ့သည်။ အဖေ့ ကျောပြင်ကို ကြည့်လျက် အတွင်းသိ အစင်းသိ သူငယ်ချင်း မျိုးရည်က ကောင်းချီးပေးသည်။

"ဘဝမှာ သူ့သားဖြစ်ရတာကိုက ငရဲကံဆိုးတာပါပဲ။ ဒီကောင့် ဖားသားကြီးက တကယ့်ကို အနောက်ပါပဲကွာ"

မျိုးရည်၏ အဆိုပြုချက်ကို လရိပ်မှလွဲ၍ အားလုံးက တညီတညွတ်တည်း ထောက်ခံကြလေသည်။

● ● ●

အပေါ်ထပ်က သန့်စင်ခန်းတွေဘက်သွားရာ စင်္ကြံကော်ရစ်ဒါမှာ လူသွားလူလာ ရှင်းသည်။ အဖေသည် သူ့အား ရင်ဆိုင်ရမှာ မျက်နှာပူနေသည်ကို သူ သိပါသည်။ မျက်နှာပူတော့ အဖေက မျက်နှာလွှဲကာ ကျောပေးထားပြီး ကောင်းကင်ကို မျှော်ကြည့်နေသည်။ ခုအဖြစ်က ယောကျ်ားသား နှစ်ဦး နှလုံးသားချင်း စစ်ခင်းရမည့်ကိစ္စ။ မိန်းမနှင့် ပတ်သက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အဖေက အတ္တကြီးသည်။ သူပဲ ပိုင်ချင်သည်။ ဇင်မာမျိုးတုန်းကလည်း သားအဖ ထိပ်တိုက် ကွန်ဖရန်တေးရှင်း (Confrontation) တွေ့ခဲ့ကြဖူးသည်။ သနား၍ ကူညီပေးခဲ့ရာမှ ကရုဏာစိတ်ကြောင့် ဇင်မာမျိုးကို သံယောဇဉ် နွယ်ခဲ့သလို ဖြစ်ခဲ့သည်။ ဇင်မာမျိုးကလည်း စိမ်းသော ကျက်သော၊ သားသော အဖေသော စည်းခွဲခဲ့သူ မဟုတ်။ သည်တုန်းကလည်း လက္ခဏာ တောင်မှ ရာမ အတွက် လေးမတင်ဘဲ သီတာဒေဝီကို လွှဲခဲ့လိုက်တာပဲ။ သူတို့က ညီအစ်ကို မင်းနဲ့ ငါက သားအဖ၊ မင်းကိုယ်မင်း ဖခင်ကြီးအတွက် စွန့်လွှတ် အနစ်နာခံတဲ့ သားလိမ္မာကြီးအဖြစ် နောင်လာနောက်သားတွေ စံနမူနာယူနိုင်ဖို့ သမိုင်းကမ္ပည်းမှာ မော်ကွန်းထိုးပစ်လိုက်စမ်းပါ ရဲရင့်ရာ တဲ့။ အဲဒီတုန်းကတော့ သူက အချစ်ဆိုတာ ဘာမှန်းတောင် မသိခဲ့တဲ့သူ၊ ဘာမှလည်း ခံစားမှုမရှိ အေးဆေးပါပဲ။ တန်ဖိုးမထားတတ်ခဲ့တော့လည်း တန်ဖိုးမသိခဲ့တာပဲ ဖြစ်လိမ့်မည်။ အခု လရိပ်ကျတော့ အဲလို မဟုတ်တော့။ လုံးဝ ဆန့်ကျင်သွားပြီ။ ဘယ်အရာနဲ့မှ မလဲနိုင်တဲ့ အနှိုင်းမဲ့အရာ။ လက္ခဏာတွေ ရာမတွေ၊ ကျန်စစ်သားတွေ၊ အနော်ရထာတွေ ဘာမှလာမပြောနဲ့။ အားလုံး နေခဲ့တော့။ အားလုံးကို အဟောင်းတန်းမှာ ပို့ပစ်လိုက်ခဲ့ပြီ။

သူသည် အဖေ့ကို ဘယ်က စပြောရမည်မသိ ဖြစ်နေစဉ် အဖေက စပြောသည်။

"ရှေ့မျက်နှာ နောက်ထားပြီး ဆိုက်ကားပြောင်းပြန်စီးသလို မျက်နှာပူပူနဲ့ ပြောရတော့မှာပဲ။ တကယ်တမ်း စဉ်းစားကြည့်ရင် ငါ့ကိုယ်ငါပဲ သနားတယ် ရဲရင့်။ ချစ်တတ်ခဲ့ခြင်းရဲ့ အပြစ်ဒဏ်ပေါ့။ ရည်မွန်ဟာ မိန်းမတွေ အပေါ်မှာ သစ္စာရှိခဲ့တယ်။ ဒါပေမဲ့ မိန်းမတွေအားလုံးကတော့ ရည်မွန်ကို သစ္စာဖောက်သွားကြတာချည်းပဲ"

ခုချိန်မှာ အဲသည့်လို ခြေဆင်းတွေ၊ ပတ်ပျိုးတွေ၊ intro တွေကို သူ သည်းမခံချင်တော့ပါ။ အမေသာ အဖေ့ တော်ကီတစ်ကြောမှာ မျှော်ရီ





မောလျက် မျောပါသွားလိမ့်မည်။ သူ့ကိုတော့ ဒီလိုလုပ်လို့ မရ။ သူက အဖေ့အကြောကို နောကျေနေပြီ။

"ကျွန်တော့်ကို စင်ပေါ်မှာ တောပြဇာတ် ကသလို လက်ခုပ်တဖြောင်းဖြောင်း တီးမယ့် စကားလုံးတွေ လာရွတ်ပြရမယ့်အချိန် မဟုတ်ဘူး အဖေ။ အကောင်းဆုံးက အဖေ အခုအိမ်ပြန်ပါတော့ဗျာ။ ပြီးတော့ ကျွန်တော့်ကို အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း သတင်းစာထဲ ထည့် လိုက်တော့။ ကဲ… ပြန်တော့ အဖေ"

"ဟော့ကောင် မင်း ဘယ်လိုပြောလိုက်တာလဲ ရဲရင့်"

အဖေက မျက်နှာကြီး ရဲသွားကာ ဒေါသနှင့် အော်လိုက်တော့ သူ ကြောင်သွားသည်။ သူ ဒီအသက်အရွယ်ထိ အဖေ အခုလို ဒေါသနှင့် ပြောခြင်းကို တစ်ခါမျှ မမြင်တွေ့ခဲ့ဖူးပါ။ ဘယ်သူနှင့်ပဲပြောပြော အဖေ့စကားတွေသည် ပန်းကလေးတွေ ဖြစ်နေတတ်စမြဲ။ အခုတော့ အရင်က ပုံစံနှင့် လုံးဝ ဖီလာ။

"မင်း ဘာစကားပြောတာလဲ ရဲရင့်။ မိဘမေတ္တာကို နားမလည်ချင်နေ မစော်ကားနဲ့။ မင်းကွာ ဒီမှာ မင်း နားဝင်ခံသာမယ့် စကားကို ငါ ဘယ်က စပြောရမှန်းမသိလို့ မနည်းစဉ်းစားနေရတဲ့ ငါ့မေတ္တာကို မင်း စော်ကားတယ်။ ရဲရင့် မင်းဟာ ငါ့ရဲ့ တစ်ဦးတည်းသော သားပါ။ မင်းကို ငါက သူငယ်ချင်းလိုပဲ ပေါင်းခဲ့တာ။ ဝါသနာကို မဖျောက်နိုင်လို့ ငါ Small လေးတွေ ထားခဲ့မိတယ်။ ကျန်းမာရေးကို အကြောင်းပြုပြီး နေညိုလို့ လေပြေရင် စင်တင်လေးတွေကို ရီဝေဝေ ခံစားရင်း ဒါ အပုပ်ကောင်တွေပဲလို့ တရားသဘောကို နှလုံးသွင်း ဆင်ခြင်ပြီး ရှုတယ်။ ငါ့မှာ အပြစ်ဆိုလို့ အဲ့လောက် ပိစိညှောင့်လေးပဲ ရှိတာပါကွာ"

သူသည် အဖေ့အား တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် တန်းဖုန်းမြည်သံ ထွက်လာသည်။ အဖေ့ဖုန်းမှ ဖြစ်သည်။ မျက်မှောင်ကြုတ်လျက် စကရင်ပေါ်မှ နံပါတ်ကို အဖေ ကြည့်သည်။ နံပါတ်မပေါ်ဘဲ နာမ ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"Puy Soe Mhu Aye Ka Yi ပိုင်စိုးမှု ကေရီ ဆိုတော့ ဟ... မင်းအခမရဲ့ ဖုန်းပဲ"

" Lady First, Baby Second... မိန်းမသည် ပထမ၊ သားသမီးသည် ဒုတိယတဲ့။ မင်းနဲ့ပြောတာ ခဏနားမယ်။ မင်းအမေကို ဦးစားပေးလိုက်မယ်"

အဖေက ဖုန်းဖွင့်သည်။

"ပြောပါ မြခက်နွယ်၊ ငါပါ ရည်မွန်ပါ"

"ကိုရည်မွန် ရှင် အခု ဘယ်မှာလဲ။ သားကရော ဘယ်မှာရှိနိုင်လဲ။ သားဆီ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားတယ်။ ကျွန်မ... ကျွန်မ အခု ဆေးရုံမှာ အဖေလည်း ပါလာတယ်။ အဖေနဲ့ ကျွန်မ ဘာလုပ်ရမှန်းမသိဖြစ်နေလို့။ ကိုကြီးညြ... ကိုကြီးညြ ဆုံးတော့မယ်။ အခု သူ့ရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပါပြီ ကိုရည်မွန်ရယ်"

အမေ့စကားကြောင့် အဖေ့မျက်နှာထက်မှာ ပြုံးလု မိုးသားညိုတွေ မှိုင်းတက်လာသည်။ အဖေ့မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်တွေ ရှိနေသည်။ အမေ့ရှိုက်သံမှ မမြင်ရသော လက်ချောင်းတွေသည် အဖေ့နှလုံးအိမ်အား ဆွဲကိုင် ဖျစ်ညှစ်ထားလေသည်။ အဖေ့နှလုံးအိမ်သည် နုနယ်၏။ မိန်းမတစ်ယောက်၏ မျက်ရည်တစ်စက်သည် အဖေ့နှလုံးအိမ်အတွက် အက်ဆစ်တစ်စက်နှယ် အစွမ်းထက်လှသည်။

"မငိုပါနဲ့ မြခက်ရယ်၊ မငိုနဲ့နော်၊ အားတင်းထား၊ ကိုရည်မွန် မြခက်ဆီ အခုချက်ချင်း လိုက်လာခဲ့မယ်။ ဘာမှ အားမငယ်နဲ့။ သားလည်း ကိုရည်မွန့် ဘေးမှာ အခုရှိတယ်။ ရော့... သား မင်းအမေနဲ့ စကားပြောလိုက်ဦး"

ဘာမှန်းမသိဘဲ အဖေ လှမ်းပေးလိုက်သည့် ဖုန်းကို သူ လက်ခံလိုက်ရပြီး အူကြောင်ကြောင်နှင့် "ဟဲလို" လိုက်ရသည်။

"သား ရဲရင့်၊ အခု ဘယ်မှာလဲ"





"သားရော အဖေရော တရားရုံးကို ရောက်နေတယ် အမေ။ ဟြော် အမေ ဘာမှမစိုးရိမ်နဲ့၊ ပြဿနာနဲ့ရောက်တာ မဟုတ်ဘူး။ သားကိစ္စနဲ့ သား လာတာ။ အဲဒါ အဖေက ကဖျက်ယဖျက် လိုက်လုပ်နေတာ အမေ။ အမေ တစ်ခုခုများ ဖြစ်နေလို့လား"

"ကိုကြီးညြ ဆုံးတော့မယ် သား၊ နောက်ဆုံးအချိန် ရောက်နေပြီ။ မင်း ဦးကြီးက မင်းကို သံယောဇဉ် သိပ်ကြီးရှာတာ။ သူ မင်းကို နှုတ်ဆက်ဖို့ စောင့်နေရှာတယ်။ သူ့လမ်းသူ ဖြောင့်ဖြောင့်သွားနိုင်အောင်လို့ သား ဆေးရုံကို အမြန်လိုက်ခဲ့ပါ"

အမေ့စကားကြောင့် သူ့နှလုံးသားတစ်ခုလုံး 'ဒိန်း' ခနဲ ခုန်လှုပ်သွားသည်။ ပြဿနာပါလား။ လာပြန်ပြီ တစ်ယောက်၊ ကံကြမ္မာကလည်း တကယ့်ကို မိုက်ချက်က ကမ်းကုန်လှပါလား။ ငါ လက်ထပ်တဲ့နေ့မှာမှ အဖေက သူ့အိစီကလီလေးဖြစ်တဲ့ ငါ့သတို့သမီးကို ဆွဲထုတ်ကာ မင်္ဂလာပွဲ လာဖျက်သည်။ ဆေးရုံမှာ နှစ်လကျော် အိပ်ရာထဲ လဲနေသော အဆုတ်ကင်ဆာရောဂါသည် ဦးကြီးကလည်း ဒီကနေ့ မနက်မှာမှ ကောက်ကာငင်ကာ သေရှာတော့မည် ဆိုပါလား။ လရိပ်ရယ် နင်နဲ့ ငါရဲ့ နှလုံးသားနှစ်ခု ဆက်သွယ်ပြီး ခင်းထားတဲ့ တံတားလေးကို ဖွင့်ပွဲမှာ ဖဲကြိုးဖြတ်ခယ် စီစဉ်နေတုန်းမှာပဲ သူတို့ ချိန်ကိုက်ဗုံး လာတပ်ကြတာပါလား။ ဒါပေမဲ့ အဆုံးသတ်ထိ ငါ ဆက်လျှောက်သွားမှာကို နင် ကြည့်နေပါ လရိပ်။

ဒီလိုနေရာမျိုးမှာ အဖေ့ဘက်က ဗိုလ်လည်း မပါ၊ အမေ့ဘက်က ဗိုလ်လည်း မရှိပါလေပဲ ရဲရင့်တို့က ဉာဏ်ပြေးသည်။ ယခု သူ ကြုံတွေ့နေရသော မဟာပြဿနာကြီးမှ အကောင်းဆုံး ဖောက်ထွက်နိုင်မည့် လမ်းစကို လက်ခနဲ ပြေးမြင်လိုက်ပြီ ဖြစ်သည်။ ရဲရင့်တို့ ကံကောင်းချင်တော့ ခုတုံးလုပ်စရာ သေကာနီး ဦးလေး မသာလောင်းကလည်း အဆင်သင့် ရှိနေသည်။ စစ်ပွဲအား အနိုင်ရတော့မည့် စစ်သူကြီးတစ်ယောက်နှယ် သူ ပြုံးသည်။ အဖေ့မျက်နှာအား ပြုံးပြုံးကြီး ကြည့်လိုက်ပြီး အမေ့ဆီ စကား ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်လိုက်ရအောင် အမေ၊ ကျွန်တော် အခု တရားရုံးကိုရောက်နေတာက ကျွန်တော့်ချစ်သူနဲ့ လာပြီး လက်ထပ်တာ၊ ကံဆိုးချင်တော့ အဲဒီကောင်မလေးကို အဲ... ဟိုလေ အဖေက တိတ်တိတ်ပုန်း ယူမလို့ကြံနေတယ်။ 'ရည်းစားလူလု ရွှေဥပျားတုပ်' ဆိုသလို အခံရခက်ပြီး အဖေက မစားရတဲ့ ဒမဲ သဲနဲ့ပက်တာ ကျွန်တော်တို့ လက်ထပ်တာကို လာပြီး တန့်ကွက်မဲ လာထည့်နေတာ။ ဦးကြီးသြကလည်း သေခါနီးဖြစ်နေတော့ ကျွန်တော်တို့ လက်ထပ်ပွဲကို ဆေးရုံမှာ ရွှေ့ပြီး ဦးကြီးသြရှေ့မှာ ဆက်လုပ်မယ်။ ကျွန်တော်တို့ အခုချက်ချင်း အုပ်စုလိုက် လာပြီ အမေက *ဦးကြီးသြကို အခု မသေပါနဲ့ဦးဆိုပြီး စောင့်ခိုင်းထား*"

"အေး... အေး စောင့်ခိုင်းထားပါ့မယ်။ အခု မသေပါနဲ့ဦး ကိုကြီးသြလို့ ပြောထားလိုက်ပါ့မယ်။ ဟင်... ရဲရင့် နင် ဘာတွေလာပြောနေ"

မွေးသမိခင်၏ စကားကို ဆုံးအောင် မစောင့်တော့ဘဲ ဖုန်းပိတ်ပစ်လိုက်သည်။ ဖုန်းကို ပြန်ပေးလိုက်ရင်း အဖေ့အား ပြုံးပြုံးကြီး ကြည့်လိုက်သည်။ အဖေသည် သူ့အား မျက်လုံးကြီးပြူးကာ ပါးစပ်အဟောင်းသားနှင့် ကတုန်ကယင်ကြီး ကြည့်နေသည်။

"မင်း... မင်း ဘာလုပ်တာလဲ ရဲရင့်၊ ဘာဖြစ်လို့ အဲလိုကြီး မြခက်ကို ပြောလိုက်တာလဲ။ သားအဖချင်း ပြေလည်အောင် ကြိတ်ရှင်းလိုက်ရင် ပြီးသွားမယ့်ကိစ္စ။ အခုတော့ မိန်းမက ငါ့ကို ငပွေ ငရှုပ်ကြီးလို့ ထင်တော့မှာပေါ့ကွာ"

"ဘယ်သူမပြု မိမိမှုပါ အဖေ၊ ကိုယ်က မကောင်းတာလုပ်ခဲ့ရင်တော့ အဲဒီ မကောင်းတဲ့ဒဏ်ကို ခံရမှာပါပဲ။ စိတ်မကောင်းပါဘူး အဖေ၊ အမေက အဖေ့ကို ဘာမှလုပ်လို့မရအောင် အဖေ့ရှေ့က ကျွန်တော် ကာကွယ်ပေးပါ့မယ်။ ဆေးရုံကို အဖေ အရင်သွားနှင့်ပြီး ဦးကြီးသြကို အခု မသေပါနဲ့ဦးလို့ အချိန်ဆွဲထားနှင့်ပေါ့။ ဦးကြီးသြက အဖေပြောရင် ရပါတယ်"

ပြောအပြီးမှာ ရဲရင့်သည် ရဲရင့်သော ခြေလှမ်းများဖြင့် တရားရေး





ခန်းမှဘက်သို့ ထွက်သွားသည်။ ဦးရည်မွန် ရပ်နေရာမှ မရွေ့ဖြစ်သေး။ သား၏ ကျောပြင်အား ငေးကြည့်ရင်း မည်သူမျှမကြားနိုင်သော စကားကို ရင်ထဲမှာပဲ ပြောဆိုလိုက်လေသည်။

(တစ်ချိန်မှာ အသိပေးရမယ့်ကိစ္စ၊ အဖေ့အစား မြခက်ကို ပြောပေးတဲ့အတွက် ကျေးဇူးပါပဲ သားရယ်။ ဒါပေမဲ့ အဆုံးသတ်မှာ လရိပ်နဲ့ အဖေက တစ်ဖက်၊ မြခက်နဲ့ မင်းက တစ်ဖက်၊ လရိပ်ကြောင့် မင်းနဲ့ အဖေနဲ့ ကွဲကွာသွားမှာကိုတော့ အဖေ စိတ်မကောင်းဘူး ငရဲ)

(နောက်တစ်ချက်က မိခင်တစ်ယောက်ရဲ့ မေတ္တာကို မင်း မတွေးမိဘူးငါ။ စင်တင်မှာ သီချင်းဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သားအဖနှစ်ယောက်လုံးက ငြိကြပြီဆိုရင် ဘယ်မိခင်ကမှ သားကို အဲဒီမိန်းကလေးနောက် ထည့်မလွှတ်ဘူး ငရဲ။ အဖေ့လို နွားကြီးတွေကိုပဲ ဘယ်သေသေဆိုပြီး ပေယျာလကန် ထည့်လွှတ်ကြမှာကွ)

အတွေးတစ်ဆက်တည်းမှာပင် ပိုင်ဆိုင်မှုတွေကို ဦးနှောက်က Calculator (ဂဏန်းတွက်စက်) နှိပ်ကြည့်သည်။ ပြီးတော့ ဦးနှောက်ထဲမှာပင် ကိုယ်တစ်ပုံ၊ သားတစ်ပုံ၊ မြခက်တစ်ပုံ သုံးပုံ ပုံလိုက်သည်။ ကိုယ်ရမယ့် ငွေကြေးပမာဏကို သိလိုက်၏။ စိတ်အေးစရာပါပဲ။ ကိုယ်သာ မဖြုန်းတီးဘူးဆိုရင် ဒီငွေကြေးပမာဏသည် သူနှင့် လရိပ်အတွက် ဒီတစ်သက် ပူစရာ မလိုတော့ပြီ။

အတွေးဝဲသြယဥ် ချာလည်လိုက်နေစဉ်မှာပင် သေအံ့မူးမူး ကိုကြီးသြ၏ မျက်နှာဖျော့ဖျော့ကြီးက အာရုံမှာ တံခါးမခေါက်ဘဲ ဝင်ရောက်လာ၏။ ရင်မှာ နင့်ခနဲ စူးအောင့်သွားသည်။ သနားစရာကောင်းလိုက်တဲ့ ကိုကြီးသြ ခရီးရှည်ကြီးတစ်ခုကို ထွက်ခွာရှာတော့မည်။ သူ့ခမျာ မသွားနိုင်ရှာသေးဘဲ ဘယ်လောက်များ ပင်ပန်းရှာလေမည်မသိ။ ဦးရည်မွန်သည် ဆေးရုံသို့ ဖုန်းဆက်လိုက်၏။

ဘဝမှာ အခက်ခဲဆုံးသော ဖုန်းဆက်ခြင်းပဲ ဖြစ်လိမ့်မည်။ စိတ်ရှုပ်ရသည်။ အာရုံစူးစိုက်ရလွန်းသည်။ အချိန်မည်မျှ ကြာသွားသည်ကိုသတိ



www.burmeseclassic.com

www.burmeseclassic.com



မပြုမိ။ ဦးရည်မွန်သည် ရဲရင့်အား ယခုမှ သတိရလိုက်သည်။ အထဲမှ ထွက်လာချိန်တန်ပါလျက် ထွက်မလာကြသေးသော သားတို့အုပ်စုအတွက် ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။ ခြေလှမ်းတွေက ဦးရည်မွန်ကို သယ်ဆောင်ခေါ်ယူသွားသည်။

တံခါးချပ်ကို အသာလှပ်ကာ အဝင်လိုက်မှာပင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးရည်မွန် သဘောပေါက်လိုက်သည်။ ထင်သည့်အတိုင်းပါပဲ။ ရဲရင့်တို့ အရစ်ခံနေရပြီ။

ဒီပွဲမှာ သူ ဝင်က,မှ ဖြစ်တော့မည်။

• • •

ဇီးရွက်လောက် မျက်နှာလေးတွေနှင့် သားတို့တစ်သိုက်က ဦးရည်မွန်ကို အားကိုးတကြီးနှင့် ကြည့်နေကြသည်။ တကယ်ပင် သားတို့ အရစ်ခံနေရပြီ ဖြစ်သည်။ ကြံ့ရည်ကြံ့တစ်စက်ကြီးနှင့်တူသော တရားသူကြီးက ဦးရည်မွန်အား နွားချေးပုံ မျက်နှာကြီးနှင့် မှုန်တေတေ ဖိတ်မန္တက ပြု၏။

"ကြွပါဗျာ၊ ဒီမှာ ခင်ဗျားသား ခင်ဗျားနဲ့ ဘတ်ခနဲ ထွက်သွားတယ်။ ဒီမှာ ငိုတဲ့သူ ငို၊ အော်တဲ့သူ အော်နဲ့ နောက် ဝုန်းခနဲ ပြန်ဝင်လာ၊ ကောင်မလေးရဲ့ လက်ကိုဆွဲ၊ လာ ငါတို့ လက်ထပ်ပွဲကို သင်္ကန်းကျွန်းဆေးရုံကြီးမှာ ရွှေ့မယ်။ အခုပဲ သေတော့မယ့် မသာလောင်းကြီးက ငါတို့ကို လက်ထပ်ပေးမယ့်တဲ့။ ကောင်မလေးက မလိုက်ဘူး၊ မဖြစ်ဘူးဆိုပြီး ငို၊ ပြီးတော့ဗျာ စော်ကားလိုက်ပုံများ ကျုပ်တို့ဘက်လှည့်ပြီး 'ဘယ်လောက်ကျလဲ' တဲ့။ ကဲ ဒီကိစ္စ ခင်ဗျားသားအတွက် ခင်ဗျား ဘယ်လို တောင်းပန်ပြီး ဖြေရှင်းမလဲ စဉ်းစားပါ ကိုယ့်လူ"

အဖေက ဘာမျှပြန်မပြောဘဲ ရှေ့တိုးလိုက်တော့ တရားသူကြီးလည်း ခန္ဓာကိုယ်က နောက်ဘက် တွန့်သွားသည်။ အဖေက တရားသူကြီး၏ မျက်နှာအား စူးစူးကြည့်လိုက်ရင်း ပြုံးနေသော နှုတ်ခမ်းတွေနှင့်ပြောသည်။





" Matric မှာတုန်းက တွက်ခဲ့တဲ့ အေပီ-ဂျီပီ ကိန်းစဉ်သင်္ချိုင်းနှုန်းပါတ်စဉ်ပြီး တွက်ကြည့်ကြရအောင်၊ ဒီနှစ်အတွက်ပဲလေ၊ ပျော်စရာကောင်းမှာပါ"

အဖေ၏ နိဒါန်းအပျိုးကို မည်သူကမျှ မပေါက်ကြပါ။ တရားသူကြီး၏ မျက်နှာကြီးမှာ ငါးပိအိုးကြီးလို ပိုပုပ်သွားသည်။ အဆင်းလှသော်ငြား ရန့်ကင်းသော စက္ကူပန်းတွေ အဖေ့နှုတ်ခမ်းမှ ဆက်ပြီး ပွင့်ကြွေလာ၏။

"တစ် - ဇင်မာ၊ ကရင်မ ၂၂ နှစ်၊ ခဝဲခြံ။

နှစ် - မြတ်နိုး၊ နာမည်ရင်း သိန်းသိန်းထွေး၊ ၂၃ နှစ်၊ အင်ဖက်စတာ ပန်တော်ကျ၊ မြင်သာ (------) လမ်း။

သုံး - ဘောက်ရာ၊ ကချင်မ၊ ၂၄ နှစ်၊ မြစ်ကြီးနားက ကျောက်စိမ်းနဲ့ လွင့်ခဲ့တာ၊ ကျောက်မြောင်း (-----) လမ်း။

လေး - သီတာငါး၊ ဘိတ်မ၊ ၂၅ နှစ်၊ ကျောက်မြောင်း (-----) လမ်း"

အဖေက စကားကို အဲဒီမှာပဲ ရပ်ထားသည်။ တရားသူကြီး၏ လင်ပန်းဖမ်း မျက်နှာကြီးမှာလည်း သူ မဟုတ်တော့သလို ပြုံးပြုံးကြီး ဖြစ်သွားသည်။ တရားသူကြီးသည် အရာအားလုံးကို မေ့သွားသည့်ပုံစံ ဖြစ်သွားသည်။

"ကိန်းစဉ်တာလည်း မှန်ပါတယ်။ အသက်စဉ်တာလည်း မှန်ပါတယ်ဗျာ။ တစ်ခုပဲ လိုတာပါ။ အစ်ကိုကြီးက ကျန်တာတော့ မဟုတ်လောက်ပါဘူး ချန်ခဲ့တာပဲ ဖြစ်မှာပါ"

အဖေနှင့် တရားသူကြီးမှာ မျက်စိရှေ့မှာပင် မယုံနိုင်ဖွယ် တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားကြသည်။ အဖေ့ အလံလောက်မှာ ရောက် သွားပြီ ထင်၏။ ကီးတူသူချင်း ပန်းသင့် ပန်းရသွားပြီ မြင်၏။

"ညီလေးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသမားပဲ။ ချန်ထားခဲ့တာက ရှမ်းမလေး့ဆိုးနဲ့ လေးကြားမှာ ဝင်ရမှာ။ အသက်က နှစ်ဆယ်ဆိုပါတော့ ကိန်းစဉ်က ပျက်သွားမှာမို့ ချန်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူတော်ချင်းဆိုတော့လည်း အစ်ကိုကြီးတွေ ညီလေးတွေနှင့် သစ္စာရေ သောက်စရာမလိုဘဲ အော်တိုမက်တစ် ဂိုဏ်းတူ ညီအစ်ကို ဖြစ်သွားကြသည်။ တရားသူကြီးက ထိုင်ရာမှ ထလာကာ အဖေ့လက်ကို အားပါးတရ ဆုပ်ကိုင်လိုက်သည်။

ဘာမှပြောစရာမလိုဘဲ နှစ်ဦးသား လိပ်စာကတ်တွေ အပြန်အလှန် ပေးကြရင်း တရားသူကြီးက ဖိတ်မန္တက စကားဆိုသည်။

"ညနေဆုံကြရအောင် အစ်ကိုကြီး၊ ကျွန်တော် ပြုစုပါရစေ"

"ဆုံလေ ရတာပေါ့၊ ဟာ နေဦး၊ ညနေဆို ယောက်ဖက ဂိန်းနေလောက်ပြီ။ ဟာ ဟုတ်ပါရဲ့၊ ရဲရင့် မင်းဦးကြီး အသက်ငင်နေတာ ငါတို့ မိမှ မိပါ့မလား မသိဘူးကွာ"

ဩော်... အသက်ငင်နေသော ယောက်ဖကို သတိရလိုက်၍သာ တော်တော့သည်။ အဖေက အဲလိုလူမျိုးပါလေ။

• • •

သူတို့တစ်ဖွဲ့လုံး တရားရုံးထဲမှ သုတ်သုတ်ထွက်လာခဲ့ကြသည်။ တရားရုံးရှေ့မှာ Tiger စာတမ်းနှင့် စတစ်ကာကြီး ကပ်ထားသော အဖေ့ 4 Wheel ကြီး ရပ်ထားသည်။ သင်္ဃန်းကျွန်းဘက်သွားရန်မှာ အဖေ့ကားကြီးက အလှည့်သင့်သည်။ အဖေက လမ်းမ၏ ဟိုမှာဘက်၌ ရပ်ထားသော ရဲရင့်၏ MARK II အား တစ်ချက်လှမ်းကြည့်ရင်း ပြောသည်။

"ဝီရိယ မင်းက လရိပ်တို့ကိုခေါ်ပြီး ရဲရင့်ရဲ့ကားနဲ့ လိုက်ခဲ့။ ရဲရင့်နဲ့ မျိုးရည်က အဖေနဲ့ လိုက်ခဲ့၊ ကဲ... သွားရအောင်ကွာ"

အဖေက ကားမောင်းရန် သော့ဖွင့်မည်အလုပ်မှာ လရိပ်သည် ကားနံဘေးမှာ လာရပ်၏။ လရိပ်၏ပုံစံမှာ တစ်စုံတစ်ခုအား ပြတ်သားစွာ ဆုံးဖြတ်ပြီးသည့်ဟန်၊ ပြီးတော့ အဖေ့အား မရဲတရဲနှင့် လရိပ် တိုးသဲ့စွာ ပြောလိုက်သည်။





"ကားကို ဖြည်းဖြည်းပဲမောင်းပါ အဖေ၊ လရိပ် ရဲရင့်အတွက်လည်း စိုးရိမ်လို့ပါ"

'အဖေ' တဲ့။ ရဲရင့်အတွက်လည်း စိုးရိမ်လို့ပါတဲ့။ ဒါသည် သူတို့သားအဖအတွက် လရိပ် ပေးလိုက်သောအဖြေပဲ ဖြစ်မည်ထင်၏။ ဦးရည်မွန် ကွက်ခနဲ မျက်နှာပျက်သွားသည်။ ရင်ထဲမှာ ကျဉ်ခနဲ နင့်သက်သွားသည်။

အဖေသည် နာကျင်နေသော ရင်အစုံနှင့် ဣန္ဒြေဆည်လျက် ကားကို မောင်းနေမှန်း ရဲရင့် သိပါသည်။ အဝေးသို့ မျှော်မောနေသော အဖေ့ အကြည့်တွေထဲမှာ ဆွေးရိပ်သဲ့သဲ့တို့ မြင်နေရ၏။ မိန်းမ တစ်ယောက်ဆီသို့ အဖေ့ အတွေးတွေ ရောက်နေမည်မှာ သေချာပါသော်လည်း မည်သူဆိုသည်ကိုတော့ မသိနိုင်ပါ။ တစ်ခါ တစ်ခါမှာတော့ အဖေသည် သနားစရာကောင်းသော်လည်း အမြဲတမ်းမှာတော့ ဘယ်လိုမှ အကြောတည့်စရာအကြောင်း မရှိပါ။ တစ်သက်လုံးက ကိုယ့်အပေါ် အမြဲအနိုင်ယူခဲ့သော အဖေ့အား ရဲရင့်ကလည်း နိုင်တုန်းမှာ ဖိထောင်းလိုက်၏။

"စိတ်တော့မကောင်းပါဘူး။ အဖေလည်း ကြားတယ်နော်။ အဖေနဲ့ ကျွန်တော့်အတွက် လရိပ်က အဖြေပေးလိုက်ပြီ။ အဖေ့ကို အဖေလို့ ခေါ်လိုက်ပြီ။ တရားရပါတော့ အဖေရာ၊ ကိုယ့်အရွယ် ကိုယ်သိပါတော့။ အဖေ့ အသက်လေးဆယ့်သုံးနှစ်တောင် ရှိပြီပဲ။ အနေအထိုင် ဆင်ခြင်ဖို့မကောင်းတဲ့ အလုပ်တွေ မလုပ်တော့ဖို့ ကျွန်တော့်လောက်ပြောတဲ့ သားသမီးရှိမှာတောင် မဟုတ်ဘူး။ ဘေးအမြင်မှာ ဟာ... ဒီလူကြီး သား မဆုံးမ၊ သမီး မဆုံးမ အဖေကြီးပါကွာဆိုပြီး အဖေ့ကြောင့် ကျွန်တော့်ပါ ထိခိုက်တယ် အဖေရ၊ ဒီအဖေလေး တစ်ယောက်ရှိလို့ အလိုလိုက်ထားတာကို သိလျက်နဲ့ အဖေရာ"

"အဖေလေး တစ်ယောက်ရှိလို့ဆိုတော့ မင်းက အဖေ ဘယ်နှစ်ယောက်လောက် ရှိချင်လို့လဲ ငါ့သားရယ်၊ ဖြစ်ရလေကွာ ဟင်း... ဟင်း... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ အချိုကြီး သယ်လာသမျှကို အဖေက ဖောရှောလုပ်ကာ ရယ်သွမ်းသွေးလျက် ဖော့ပစ်လိုက်သည်။ ပြီးတော့ အဖေ သက်ပြင်းချသည်။

"ငါ တွေးနေတာက မြခက်အတွက်ပါ။ လရိပ်ရဲ့ကိစ္စ မင်းအမေကို အာလို့ပြောလိုက်ရတာလဲ။ မင်းအမေက အဖေ့ကို စိတ်ဆိုးပြီး ရိုက်ပုတ်တဲ့ ဒဏ်ကို အဖေ ခံနိုင်ပါတယ်။ အဖေ မခံနိုင်တာက အဲဒီအတွက် သူ ခံစား နာကျင်နေရမှာကို မကြည့်ရက်တာပါ။ အဲဒါပဲ သားရာ"

ဒီတစ်ခွန်းကတော့ သူ့ရင်ကို ထိခတ်သည်။ ဖခင်အား နားလည်မည် ကြံကာမှ အဖေ့အဆုံးသတ်စကားက အကြည်ညိုပျက်စရာ ကပ်လိုက်လာသည်။

"ယောကျ်ားကောင်းရင် မောင်းမတစ်ထောင်တဲ့။ ငါက ယောကျ်ားကောင်း ဖြစ်ချင်တာပါ။ အဲဒါကြောင့် မောင်းမတစ်ထောင်ပြည့်အောင်တော့ ဆက်ကြိုးစားကြည့်လိုက်ပါဦးမယ်ကွာ"

ကဲ... အဖေက အဲလို ခံယူချက် ကြီးတဲ့သူပါပဲ။ သူသည် အဖေ့အား အကဲခတ်ကြည့်နေမိသည်။ အဖေ့ပုံစံက လုံးဝ တည်တည်ငြိမ်ငြိမ်ပါပဲ။ လရိပ်နှင့် သူ့ကိစ္စကို[illegible] တစ်ခွန်းမှ မဟတော့ဘဲ စိတ်အေးသွားသည့် ပုံစံကို တွေ့လိုက်ရသည်။

မှန်တိုင်းလာခါနီးမှ တွေ့ရသော ပင်လယ်၏ မျက်နှာပြင်ကို အာရုံမှာ မြင်မိလိုက်သည်။ သူ့ရင်သည် 'ဒိန်း' ခနဲ လှိုက်ခုန်သွား၏။ လရိပ်အား သူ့ရင်ခွင်ထဲမှ ဆွဲထုတ်သွားမည့် အသေချာဆုံးသော ဝှက်ဖဲတစ်ချပ်အား အဖေသည် ပိုင်နိုင်စွာ ဆုပ်ကိုင်ထားပြီဖြစ်ကြောင်း သူ သိလိုက်ပြီ ဖြစ်ပါသည်။

■



*ရည်းစားဦးဟာ မိုက်ရူးရဲဆန်ပြီး*
*သိချင် စပ်စုချင်စိတ်များတဲ့အချစ် ဖြစ်တယ်။*

*(ဂျော့ဘားနက်ရှော)*

*ရည်းစားဦးကို မြေးဦးရတဲ့အချိန်ထိတောင် မမေ့ပါဘူး။*
*သားအချစ်. . . မြေးအနှစ် တဲ့။*

*(လူကြီးသူမ ဆိုရိုးစကား)*



www.burmeseclassic.com

www.burmeseclassic.com

*အမှန်ကတော့ . . .*
*သမီးမွေးမှ*
*မြေးအစစ် ချီရတာပါ။*

*လူနော်က်*

*(09:35-P) 4 JA 07*

*(ကိုယ့်သမီးက မွေးမှတော့ မလွဲမသွေ*
*ကိုယ့်သွေး ကိုယ့်မြေးအစစ်ပေါ့။*
*ကိုယ့်သားက မွေးတာကျ. . . ကိုယ့်သွေး ကိုယ့်မြေး စစ် မစစ်*
*ကိုယ့်ချွေးမကလွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူး။)*



## အခန်း(၂)

"ငါ့မြေး... ငါ့မြေး ရဲရင့်၊ နောက်ကျလိုက်တာကွာ။ မင်းရဲ့ဦးကြီးသြော့ အဘိုးတို့ကို ထားခဲ့သွားပြီကွ"

လူနာဆောင် အဝင်စပ်မှာပင် အဘိုး ဦးထွန်းနွယ်က ရဲရင့်ကို ဆီးကြိုရင်း စိတ်မကောင်းစွာ ပြောသည်။ ဦးရည်မွန်သည် ယောက္ခမကြီးကို ကြည့်လျက် နှုတ်ခမ်းအစပ်လေးမှာ မသိမသာ လှုပ်သွားသည်။

ဟုတ်တာပေါ့။ အဲဒါ ခင်ဗျားမြေးအစစ်ပေါ့။ ခင်ဗျားသမီးက မွေးတာပဲလေ။ ကျုပ်အဖေအတွက်တော့ သူ့မြေး ဟုတ်ချင်မှ ဟုတ်မှာပေါ့။ သြကြီးက ခင်ဗျားသမက်လည်း မဟုတ်၊ သောက်ပိုတွေပါဗျာ။

အဲဒီစကားက ရင်ထဲမှာပဲ အသံမထွက်ဘဲ ပြောတဲ့စကား ဖြစ်သည်။ အကယ့်အသံထွက်ပြီး ပြောလိုက်တဲ့စကားကတော့ အကယ်ဒမီရှော့နှင့် ဤသို့ . . .၊ ဦးရည်မွန်သည် ယောက္ခမကြီး၏ လက်ကို တင်းတင်း ဆုပ်ကိုင်လိုက်ရင်း ပြောသည်။

"မြခက်က ဖုန်းဆက်ပြောတော့ ရင်ထဲကို နင့်ပြီး ဟာသွားတာပဲ အဖေရာ။ ဖြစ်မှ ဖြစ်ရလေ ကိုကြီးသြရယ်။ မနေ့ကမှ အကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဗျာ ကိုကြီးဩ ကျွန်တော်တို့ကို တကယ်ပဲ ထားရစ်ခဲ့ပြီပေါ့ အဖေရာ”

ရဲရင့်သည် အဖေ့ကို ကြည့်လျက် မျက်မှောင်ကြုတ်နေသည်။ အခုမှ ရဲရင့်နှင့် လရိပ်၏ လက်ထပ်မည့်ကိစ္စက အထက်မရောက် အောက်မကျ နှင့် ဇော်ကန့်လန့်ကြီးဖြစ်သွားပြီ ဖြစ်သည်။ လရိပ်တို့ကလည်း အခုထိ ရောက်မလာသေး။ သူ့ရင်မှာ ခွတီးခွကျနှင့် ဘယ်လိုကြီးနေရမှန်းမသိ ဖြစ်နေ၏။

“ကဲ... မောင်ဩဆီကို သွားနှုတ်ဆက်ကြရအောင်။ မင်းတို့ကို စောင့်နေတာ ခဏနေရင် အလောင်းကို မော်ကျူရီ ပို့တော့မှာကွ”

အဘိုးက ဦးဆောင်ပြီး သူတို့ကို ဦးကြီးဩ၏ ရုပ်ကလာပ်ရှိရာသို့ ခေါ်သွားသည်။

• • •

“ဦးကြီးဩ မဆိုက်ဘူးဗျာ၊ ဦးကြီးဩ မသေပါနဲ့ဦး၊ ကျွန်တော် ဦးကြီးဩ ရှေ့မှာ လက်ထပ်မှာ စောင့်နေပါ မသေပါနဲ့ဦးလို့ မှာထားလျက်နဲ့ ဘာလို့ တစ်ပွေ့တည်း ဒိုးသွားတာလဲ။ အခုကျ သတို့သမီးကလည်း အခုထိ ရောက်မလာသေးဘူး။ ကျွန်တော် ဟတ်ကော့ကြီး ဖြစ်နေပြီဗျ”

မချိတင်ကဲ ပြောလိုက်ရင်းနှင့် သူသည် ဦးကြီးဩ၏ ရုပ်ကလာပ်ကို ထိုင်ကန်တော့လိုက်၏။ အင့်ခနဲ ရှိုက်သံကို အမေ့ထံမှ ကြားလိုက်ရသည်။ ငိုရှိုက်နေသော အမေ့ခန္ဓာသည် အဖေ့ရင်ခွင်မှာ ပြိုကျသွားသည်။ အဖေသည် အမေ့ပခုံးသားအား တင်းတင်းထွေးဖက်ထား၏။

“တကယ့်ကို ညင်ညင်သာသာလေး ထွက်သွားတာပါပဲ။ ထွက်သွားခါနီးမှာ ဖြည်းဖြည်းလေး ပြောသွားတယ်။ ရည်မွန့်ကို ကျေးဇူးတင်တယ်တဲ့။ ငါ စိတ်ဖြောင့်သွားပြီတဲ့။ သွားတော့မယ်ဟာ တဲ့။ အဲလိုလေး ပြောပြီး တဖြည်းဖြည်းချင်းပဲ သက်သက်သာသာလေး ထွက်သွားရှာတာပါ ကိုရည်မွန်ရယ်”





အမေသည် သိမ့်သိမ့်ရှိုက်ရင်းနှင့် အဖေ့ကို ပြောပြနေ၏။ သြော်... အမေ့မှာလည်း အားကိုးရာက အဖေ့ရင်ခွင်ပဲ ရှိရှာသည်လေ။ အမေက မျက်ဝန်းမှာ ပုလဲတွေခလျက် စကားပွင့်တွေ ဆက်ခြွေချသည်။

“ထွက်သွားတဲ့အထိ သတိမလွတ်ခဲ့ရှာဘူး။ သူ့ တူကို စောင့်နေရှာတာလေ။ သူ့ကိုယ်သူ နောက်ဆုံးအချိန်ဆိုတာ သိနေခဲ့တယ်။ ခြေထောက်တွေက စပြီး ဆုတ်လာခဲ့တာ။ ငါ ဘာမှမမြင်ရတော့ဘူးတဲ့။ စိတ်ကို လုံးဝ ချွဲ့ဘဲ ရဲရင့်ကို စောင့်နေတာ ဝဋ်ကြီးလိုက်တာ။ သူ့ခမျာ ပင်ပန်းလွန်းရှာသော့ ကျွန်မလည်း မကြည့်ရက်တော့ပါဘူး ကိုရည်မွန်ရယ်။ အဲဒါ... အဲဒါလေ ကိုရည်မွန်က သူ့ကို ဖုန်းဆက်ပြီး ပြောလိုက်တော့မှ သူ့စိတ်ကို လျှော့ချလိုက်ပြီး သူ့ခရီးကို သူ ဖြောင့်ဖြောင့်ထွက်သွားတော့တာပါပဲ။ နို့မို့ဆို ဒီ... ဒီအချိန်ထိ သူ... သူက ရဲရင့်ကို စောင့်နေမှာပါ”

အမေ့စကားကြောင့် သူ့စိတ်ထဲမှာ အသိတစ်ခု မြင်လိုက်ရသည်။ အတ်ရည်လည်သလို ရှိသွားသည်။ သူ့ဦးခေါင်းသည် နောက်ဘက်သို့ ညင်ညင်လှည့်လာသည်။ သူသည် မျက်မှောင်ကြုတ်လျက် အဖေ့အားအားစက် မျက်ဝန်းတွေနှင့် ကြည့်လိုက်သည်။ သားဖြစ်သူက တရားခံကြည့်နှင့် ကြည့်ချင်းခံလိုက်ရသည့်အတွက် အဖေ့ခန္ဓာကိုယ်သည် ဆတ်ခနဲ သုပ်သွား၏။ ပြီးတော့ အမေ့ကို တိုးတိုးလေး ကပ်ပြောလိုက်သည်။

“ဟိုဘက် သွားပြောကြရအောင် မြခက်ရယ်၊ သားရှေ့မှာ ဒါတွေ ကိုယ်တို့ မပြောသင့်ဘူး။ ကိုယ်တို့ကြောင့် သား ရင်မှာ ဒဏ်ရာတွေ မရစေချင်ဘူး”

ဤသို့ တိုးတိုးပေါ်တင်ပြောလျက် အဖေက ပါးနပ်စွာ ရှောင်ထွက်သည်။ အမေ့ကိုပါ တစ်ပါတည်း ပထုတ်ခေါ်ဆောင်သွားသည်။

အဖေ့ကို သူ တစ်စုံတစ်ခု ပြောမည်အပြုမှာ မျိုးရည်သည် ဖုန်းတိုင်လျက် သူ့ဆီ သုတ်သုတ်လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

“ရဲရင့် မင်းဖုန်းကို ဖွင့်သင့်နေပြီ။ ဒီမှာ ဝီရိယက ဖုန်းလှမ်းဆက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရောက်လာသော မျိုးရည်၏ ဟန်းဖုန်းကြောင့် ဝီရိယတို့နှင့် အဆက်အသွယ် ရသွားသည်။

"ဟော့ကောင် ဝီရိယ၊ မင်းက နာမည်နဲ့လိုက်အောင် နောက်ကျတဲ့ကောင်ပဲ။ ဒီမှာ ငါ့ဦးကြီးတောင် သေသွားပြီ။ အရေးကြီးတဲ့ သတို့သမီးကို ဦးဆောင်ပြီး ဝေါနဲ့ ထမ်းခေါ်လာမယ့် မင်းက ခုထိ ရောက်မလာဘူး။ ငါလည်း ဒီမှာ မသာတစ်ဖက်နဲ့ ဘာမှဆက်လုပ်လို့ မရတော့ဘူး"

"ဟော့ကောင် ရဲရင့်၊ ငါ တော်တော် ဒေါသီးနေတာနော်။ မင်းကို့ဆီ ငါ ချက်ချင်း ဖုန်းဆက်တယ်။ မင်းတို့နှစ်ကောင်လုံး ဖုန်းပိတ်ထားတယ်။ လရိပ်က မင်းဖားသားကြီးဆီ လှမ်းဆက်တော့လည်း မင်းဖားသားကြီးက ဖုန်းမကိုင်ဘူး။ မင်းတို့သားအဖ ဘာအချိုးချိုးတာလဲ။ လရိပ်တို့ ကောင်မလေး သုံးယောက်ရှေ့မှာ ငါ့ကို သိက္ခာကျအောင် ချွတ်ခဲ့တာပဲ။ ငါ တအားခီးနေတာနော် ရဲရင့်"

"အောင်မာကွာ၊ ငပြူးကများ ပြပြနေတယ်။ ခီးချင်းခီးရင် ငါကပဲခီးရမယ့်ကိစ္စ။ ဘာမှလွဲစရာမရှိဘူး ဝီရိယ၊ မင်းက ငါ့ကားနဲ့ ငါတို့နောက်က အသာလေး လိုက်။ ဟာ... ဟုတ်သားပဲ ပြဿနာပဲ။ ငါ သိပြီ ဆောရီး ဆောရီးပဲ သူငယ်ချင်း၊ မင်းမှ ကားမမောင်းတတ်တာပဲ။ ငါ... ငါ ဘာလို့ အဲလောက် မှွန်သွားရတာလဲကွာ"

တရားရုံးမှ သုတ်သုတ်ထွက်အလာ အဖေ့ကားနံဘေးအရောက် သူတားသော့ကို ယူလိုက်ကာ ဝီရိယဆီ ဖတ်ခနဲ ပစ်ပေးလိုက်သော အဖေ့လုပ်ကွက်လေးကို အာရုံမှာ ပြန်မြင်လိုက်မိသည်။ အားလုံး မှွန်ထူနေသည်ကို အခွင့်ကောင်းယူလျက် ပါးပါးလေး လှည့်ပစ်လိုက်သည့် အဖေ့ကစားကွက်လေးက လှလိုက်တာ။ စိတ်ထဲမှာ ခံရခက်စွာနှင့် နှုတ်ခမ်းကို မဲ့ပြုံးပြုံးလိုက်ရင်း ခေါင်းကို အခါခါ ညိတ်နေမိလေသည်။

"ဟော့ကောင် ဘာငြိမ်နေတာလဲ။ အသက်ကောရှိသေးရဲ့လား ရဲရင့်"

"ဟာ...အေး ဝီရိယ၊ ဆောရီးကွာ ငါညံ့တာ။ ငါကိုက ညံ့တာပါကွာ၊





အဖေက ငါ့လောက်တော့ အသာလေးပဲ လှည့်ပစ်လိုက်တာပေါ့ကွာ။ အေး အခု လရိပ်ရော ဘယ်မှာလဲ"

"လရိပ်တို့ သုံးယောက် ကားငှားပြီး အဲဒီကို လိုက်သွားကြပြီ။ ငါတော့ ငါ မမောင်းတတ်တဲ့ ကားကြီးကို ကားသော့ကြီးကိုင်ပြီး စောင့်နေပါတယ် ငအကြီးရေ"

ဝီရိယက နှိပ်ကွပ်အပြီးမှာ ဖုန်းပိတ်သွားသည်။ မျိုးရည်သည် မကျေလည်သော မျက်ရိပ်နှင့် ကြည့်နေပြီး ပြောသည်။

"မင်းဖားသားကြီးကတော့ အနောက်ပါပဲကွာ၊ ငါတော့ တော်တော်လေး အာရုံနောက်သွားပြီ ရဲရင့်"

သူ့နှုတ်ခမ်းတွေ တင်းသွားသည်။ လှူနာခုတင်ထက်မှ ဦးကြီးသြ၏ ရုပ်ကလာပ်မှ ဝါဖန့်ဖန့် မျက်နှာကြီးကို တစ်ချက်ကြည့်လိုက်သည်။ တရားခုစရာပါပဲ။ အဖေသည် သူ့လို ချာတိတ်တစ်ယောက်ကို မပြောနှင့် အသက်မထွက်နိုင်သေးဘဲ သံသရာကို မြဲမြဲဆုပ်ကိုင် ဖက်တွယ်နေသော ဦးကြီးသြလို သေနိုင်ခဲ့သူကိုတောင် အေးဆေးစွာ စိတ်ချပြီး ထွက်သွားနိုင်အောင် တယ်လီဖုန်းထဲမှ ပြောပြ နားချနိုင်သော 'အဖေ' ပင် မဟုတ်ပါလား။ တကယ့်'အနောက်' ပါပဲ။ အဖေ ဒီလို ဆက်ပြီး 'အနောက်' မဝင်နိုင်အောင် အဖေ့ကို အပြတ်ပြောဖို့ ကျွန်တော် အခုလာပါပြီ အဖေ။

• • •

အရိုးရုံ၏ နံဘေးဘက်မှ စားသောက်ဆိုင်တန်းဘက်သို့အကူး စကြံမှာ အဖေနှင့် အမေ့ကို မြင်လိုက်ရသည်။ အဖေရော၊ အမေရော နံဘေးအကာ အုတ်လှာထုအား လက်ထောက်လျက် ရှေ့မှာရှိနေသော အစိမ်းရင့် အရွက်ရှည်တွေနှင့် Kiss Me Quick နှင့်တူသည့် အပွင့်ရဲရဲတွေ ဆုပ်ဆုပ်ခဲခဲ ပွင့်နေသော သူ မသိသည့် ပန်းရုံကြီးအား ကြည့်နေကြသည်။ လောကကြီးအား မေ့လျော့စွာ စကားဖောင်ဖွဲ့နေကြသည်။ သား



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ကျောပေးထားသော အနေအထားဆိုတော့လည်း ခြေသံဖွဖွနှင့် သူတို့နောက်မှာ ရဲရင့်ရောက်လာသည်ကိုလည်း အဖေနှင့် အမေ သိပုံ မရ။ အဖေတို့ ပြောစကားတွေထဲမှာ သူ့နာမည်ပါလာတော့ ရဲရင့် ငြိမ်သက်ကာ တန့်ရပ်သွားသည်။

“ကိုရည်မွန်လည်း မှတ်မိမှာပါ။ ရဲရင့်က အဲဒီတုန်းက သုံးနှစ်သာ သာ အရွယ်လေ။ အဖေ့ရွာ မြောင်ကို သွားကြတုန်းက ပြည်ကူးတို့နဲ့ ရွှေပေါက်ပင်မှာ ဆင်းကြတာ။ ရဲရင့် သင်္ဘောပေါ်ကနေ ရေထဲကျသွား တာလေ။ ကျွန်မလည်း မျက်လုံးတွေ ပြာသွားပြီး သတိမေ့သွားတာ”

“ကိုယ်ကလည်း အဲဒီတုန်းက ကြောင်ပြီး သားကို ဆင်းဆယ်ဖို့ ဘာ လုပ်ရမှန်းမသိတဲ့အချိန်မှာ ကိုကြီးသြက ရေထဲ ဝုန်းခနဲ ခုန်ဆင်းပြီး သား ကို ဆွဲမပြီးသား ဖြစ်နေပြီ။ ကိုယ်တို့က သားကို မွေးခဲ့ပေမယ့် သားမှာက ကိုကြီးသြပေးတဲ့ အသက်ပဲ ရှိခဲ့တာပါ။ ကိုကြီးသြက သနားဖို့ကောင်းတယ်။ အဲဒီကတည်းက စပြီး သူ သေသွားတဲ့အထိ သားအတွက်ပဲ သူ အသက် ဆက်ရှင်ခဲ့ရှာတာလေ”

အမေသည် အဖေ့မျက်နှာအား မဝံ့မရဲနှင့် ကြည့်သည်။ ပြီးတော့ သူ သိချင်သည့်ကိစ္စကို အမေက မေးသည်။

“ကိုရည်မွန် ဖုန်းထဲကနေပြီး ကိုကြီးသြကို ဘာပြောလိုက်တာလဲဟင်”

အဖေသည် အမေ့မျက်နှာကို မကြည့်ပါ။ အဖေ သက်ပြင်းချသည်။

“ဖြစ်နိုင်မယ်ဆိုရင်တော့ အဲဒါကို ကိုယ် မပြောပြချင်ဘူး မြခက် ရယ်။ အဲဒါကို မင်း သိသွားတဲ့အခါမှာ မင်း နာကျင်ခံစားရလိမ့်မယ်”

“ဘာပဲဖြစ်ဖြစ် ကျွန်မကို ပြောပြပါ ကိုရည်မွန်”

အဖေ သက်ပြင်းချပြန်သည်။ အတန်ကြာမှ အဖေ ပြောသည်။

“ကိုကြီးသြက ရဲရင့်ကို သူ့သားလို့ပဲ တစ်ထစ်ချကြီး ထင်နေတယ်။ သူ့ရဲ့ နောက်ဆုံးထွက်သက်မှာ သားကို မြင်ရ တွေ့ရပြီးမှ ထွက်သွားချင် တယ်။ အဲဒါ ဖခင်တစ်ယောက်ရဲ့ မေတ္တာပါ မြခက်နွယ်။ သူ ထွက်သွား





ခင်တောင်မှ သားကို စိတ်မဖြောင့်ရှာတဲ့ အစွဲကြောင့် ကောင်းရာမွန်ရာ ဘဝကိုလည်း ကူးနိုင်မှာ မဟုတ်တော့ဘူး မြခက်နွယ်”

“ဒါကြောင့် ကိုယ် အမှန်ကို ပြောပြလိုက်တာပါ။ ကိုကြီးသြ ထင်သလို ရဲရင့်ဟာ ကိုကြီးသြရဲ့သား မဟုတ်ပါဘူး။ ရဲရင့်ဟာ ကျွန်တော့်သားပါ။ ကိုကြီးသြရဲ့ သွေးက ‘အို’ သွေး၊ မြခက်ရဲ့သွေးကလည်း ‘အို’ သွေး၊ ဖခင် ‘အို’ သွေး၊ မိခင် ‘အို’ သွေးဆိုရင် မွေးလာတဲ့ သားသမီးကလည်း ‘အို’ သွေးပါပဲ။ ရဲရင့်က ‘ဘီ’ သွေးဆိုတော့ ကိုကြီးသြရဲ့သား လုံးဝ မဟုတ်ပါ ဘူး။ ကျွန်တော်က ‘အေဘီ’ ပါ။ ဒါကြောင့် ရဲရင့်ဟာ ကျွန်တော့်သားပါလို့ ပြောခဲ့ပါတယ် မြခက်နွယ်။ အဲဒါဟာ သူ့ကို ဘဝကူးဖြောင့်အောင် ရည် ရွယ်ပြီး သေချာစဉ်းစားပြီးမှ ပြောခဲ့တဲ့စကားပါ”

အမေ့မျက်နှာသည် အောက်သို့ ငုံ့ကျသွားသည်။ အမေ့နေရာမှာ သူဆိုလျှင်လည်း ခေါင်းမော့ဖို့ ခက်ခဲပါလိမ့်မည်။

အမေရော အဖေပါ တစ်လုံးတစ်ပါဒမှ မပြောကြဘဲ ငြိမ်သက်နေ ကြသည်။ အတန်ကြာမှ အမေက တိုးတိုးသဲ့သဲ့ပြောသည်။

“ကိုကြီးသြက ရဲရင့်ကို ဘာကြောင့် သူ့သားလို့ တစ်ထစ်ချ ထင်နေ ခဲ့တဲ့ အကြောင်းရင်းကိုလည်း ရှင် အစကတည်းက သိနေခဲ့တာပဲလား ကိုရည်မွန်”

Yes (OR) No ဘယ်လိုပဲဖြေဖြေ ဘယ်အဖြေမှ စိတ်ချမ်းသာစရာ မရှိနိုင်သော မေးခွန်းမျိုးအား ရှေ့နောက် မစဉ်းစားဘဲ မေးရဲလိုက်သော အမေ မိုက်ရူးရဲသတ္တိကား သြချလောက်စရာပါပဲလား။ အဖေ မည်သို့ ဖြေလေမည်မသိ။ မိန်းမပေါင်းများစွာအား နှစ်သက်စရာ အသည်းခိုက် အောင် ဖြေတတ်သော အဖေသည် အမေ့လို မိန်းမလောက်ကတော့ စာဖွဲ့နေမည်ပင် မဟုတ်ပါ။ အေးဆေးပေါ့။ ဒါပေမဲ့ အဖေ့အဖြေက သင်းသည်။

“မြခက်ရယ် ရဲရင့်သာ ရည်းစားဦးကို ဘာအပြစ်တွေပဲ ရှိခဲ့ ရှိခဲ့

www.burmeseclassic.com



ခွင့်လွှတ်ပြီး တစ်သက်လုံး တစ်ဘဝလုံး ပုံအပ်လို့ အတူလက်တွဲတဲ့ ဖအေ့လိုမျိုး ဖအေတူသားဖြစ်ပြီး အိမ်ထောင်ပြုခဲ့မယ်ဆိုရင် ကိုယ်တို့ ခုချိန်မှာ မြေးတောင်ချီနေရပြီ။ အခုမှ အဲဒီမေးခွန်းကို မေးရသလား မိန်းမရယ်။ အဲဒီမေးခွန်းအတွက် အဖြေကို မြခက်ရဲ့ နှလုံးသားက သိပြီးသားပါကွာ"

ရဲရင့်၏အာရုံတွင် ဘေထုပ်ထဲမှ အကောင်း အသန့်တွေကို ရွေးထုတ် သန့်စင်ကာ စတိုးဆိုင်ခန့်ခန့်ကြီးပေါ် တင်လိုက်ပုံကို ပြေးမြင်လိုက်မိသည်။ အဟောင်းတွေ အသစ်ဖြစ်ကုန်သည်။ အဖေနဲ့ အမေကလည်း ဤနည်းနှင်နှင်ပါပဲလေ။

"ဒီအချိန်ထိ မျိုသိပ် ဖုံးကွယ်ပြီး ကျွန်မအတွက် စိတ်အေးချမ်းသာအောင် *နံဘေးမှာ အတူနေလာပေးခဲ့တာ ရှင် အတော်ပင်ပန်းခဲ့မှာပါပဲ။* ကိုယ့်အပေါ် အဲလောက်ထိ ကြည်ဖြူ ခွင့်လွှတ်နိုင်စွမ်းကြီးခဲ့တဲ့ ကိုရည်မွန့်ကို မျက်နှာတောင် ဘယ်လိုပြုရမှန်း မသိတော့ပါဘူး။ ကျေးဇူးတင်ပါတယ် ကိုရည်မွန်ရယ်။ ဒီကမ္ဘာမှာ ကိုရည်မွန် စိတ်ချမ်းသာအောင်နေပါ။ ကျွန်မအပေါ်မှာလည်း ကိုရည်မွန် ဆိုးချင်သလောက် ဆိုးပါ။ ကိုရည်မွန့်အတွက် ရင်ခုန်သံအသစ်လေးတွေ တွေ့ရင်တောင်မှ ကျွန်မ အပြုံးမပျက် ခွင့်ပြုပါတယ် ကိုရည်မွန်"

ဟာ... သွားပြီ... သွားပြီ အမေ။ အမေ ဆေးမမီတော့ဘူး၊ အမေ ဦးနှောက်ကန်းသွားပြီ။ အဲဒီလူကြီး (အဲ... အဲဒါလည်း ကျွန်တော့်အဖေ) အဲ... အဲဒီအဖေ မယုံနဲ့၊ အဖေ့ကို မယုံပါနဲ့ အမေ။

ရဲရင့်၏စိတ်သည် ဤသို့ သွေးရူးသွေးတန်း ခုန်ပေါက် အော်ဟစ်နေ၏။ စကားသံက ထွက်မလာ။ လည်ချောင်းဝမှာပင် တစ်ဆို့လျက်မှင်တက် ငေးကြောင်နေခိုက် ရင်တစ်ခုလုံးအား မြူတစ်မှုန် တစ်စ မကျန်အောင် ခွဲခြေပစ်လိုက်သည့် ရင်ခွင်းပုံးတစ်လုံး အမေ့နှုတ်ခမ်းထက်မှ ပွင့်ကန်ထွက်ကျလာသည်။

"စောစောက ကိုရည်မွန် ဖွင့်ပြောတဲ့ကိစ္စအတွက် ကျွန်မလည်း မိန်းမ





သားချင်း ကိုယ်ချင်းစာမိပါတယ်။ မြခက်နွယ်ဆိုတဲ့ မိန်းမ သဘောထားကြီးလိုက်တာကွာလို့ လူတွေ ချီးမွမ်းမှာကို ဂုဏ်မယူလိုပါဘူး။ ဒါဟာ ကိုရည်မွန့်အတွက် ကျွန်မရဲ့ ပေးဆပ်ခြင်းပါပဲ။ ရဲရင့်အတွက်တော့ စိတ်မကောင်းပါဘူး။ သားလေး ဘယ်လောက်များ ထိခိုက် နာကျင်ရှာမလဲ။ အတွေးနဲ့တင် ရင်နင့်ရပါတယ်။ ဘာများတတ်နိုင်တော့မှာလဲ။ တကယ်ဆော့ လကလေးမှာသာ ကိုယ်ဝန် သုံးလဆိုတဲ့ကိစ္စ မရှိခဲ့ဘူးဆိုရင် သားသည်း ဒီလို ကြေကွဲစရာရှိလာမှာ မဟုတ်တော့ဘူးပေါ့"

ကြားလိုက်ရသော စကားကြောင့် သူ့တစ်ကိုယ်လုံး မြောက်တက်သွားကာ မိုးကုပ်စက်ဝိုင်း နံရံတံတိုင်းကြီးအား ပစ်ပေါက်လိုက်သလို ခံစားလိုက်ရသည်။ အရပ်ရှစ်မျက်နှာမှာ လင်းလက် ချွန်မြသော လျှပ်စီးအလင်းတန်းတွေ ပြိုးပြက် ဖြာထွက်သွားသည် ထင်၏။ ခန္ဓာကိုယ်တွင်းမှ သွေးကြောမျှင်စတွေ အားလုံး ဖျင်းဖျင်းထ ဆူကြွသွားသည်။

"ကားဒက်ချ်ဘောက်ထဲမှာ ခိုင်မာတဲ့ လက်ထပ်စာချုပ် ထည့်ထားတယ်။ သားကို အဲဒီ လက်ထပ်စာချုပ် ပြပေးပါ။ အဲဒါကိုတော့ မြခက်တာ ပြပေးဖို့ အကူအညီတောင်းပါရစေ။ ကိုယ်က အပြစ်ကျူးလွန်ခဲ့သူဆိုတော့ သားကို မျက်နှာပြဖို့ အင်အားမရှိလို့ပါ"

အမေက ကြည်ဖြူစွာ ခေါင်းညိတ်ပြသည်ကို မြင်လိုက်ရသည်။ သူ့ရင်ထဲမှာ ကျဉ်ခနဲ စူးအောင့်သွားသည်။ သူသည် တုန်လှုပ်စွာဖြင့် နောက်ဘက်သို့ ခြေလှမ်းဆုတ်လိုက်မိသည်။ ရက်စက်လိုက်ကြတာ...

"ပြီးတော့ လကလေးကိုလည်း ပြောလိုက်ပါ။ မြခက်က ကြည်ဖြူပါတယ်လို့။ ရှင်ရော လကလေးရော ကျွန်မတို့ မိသားစုနဲ့ ဝေးရာ ခွဲထွက်မသွားပါနဲ့။ လကလေးလည်း ကျွန်မတို့အိမ် ရွှေ့လာခဲ့ပါလို့"

"လကလေး မဟုတ်ပါဘူး၊ လရိပ်ပါ မြခက်ရယ်"

"သြော်... ဟုတ်သားပဲ။ ကျွန်မ နာမည် အမှတ်မှားသွားတယ်။ လကလေး... အဲ... လရိပ် လရိပ်ကို အိမ်မှာပဲ ရွှေ့ပြီး နေခိုင်းလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ဒီကရွေ့မှာ ဘုရားရိပ် တရားရိပ်မှာ အချိန်များများလေး နေချင်လို့ပါ။ သံသရာကို ကျွန်မ ကြောက်ကြောက်လာတယ်"

"ကျေးဇူးပါပဲ မြခက်ရယ်၊ လရိပ်လည်း ဝမ်းသာရှာမှာပါပဲ"

သူ နားနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ဖိအုပ်လိုက်မိသည်။ အငယ်အား အိမ်ပေါ်ထိ ခေါ်တင်လောက်အောင် သဘောထားကြီးသော အမေ့အား မယုံနိုင်အောင် အံ့ဩမိသည်။ အမေရော အဖေရော စိတ်ဖောက်ပြန်သွားကြပြီလား မသိ။ နာကျင်သော ရင်၌ နှလုံးအိမ်သည် ပြင်းစွာ လှိုက်ခုန်နေ၏။ ရဲရင့်သည် နောက်ဘက်သို့ ဆုတ်ရင်းနှင့် ချာခနဲ လှည့်ထွက်ကာ ခြေဦးတည့်ရာ ရည်ရွယ်ရာမဲ့ ပြေးထွက်ခဲ့သည်။ ရက်စက်လိုက်တာ လရိပ်ရယ်။

■



*"ကျွန်မ သတို့သားကို ပြောစရာစကားလေး ရှိပါတယ်။ ကျွန်မ ပြောချင်တာက ရှင် ဘယ်တော့မှ မခိုးဘဲ၊ လိမ်မပြောဘဲ၊ မလှည့်စားဘဲ နေချင် နေနိုင်တယ်။ ဒါပေမဲ့ ရှင် ခိုးမယ်ဆိုရင် ကျွန်မရဲ့ ဝမ်းနည်း ပူဆွေးမှုတွေကို ရှင် ခိုးယူရမယ်။ ရှင် လိမ်ပြောမယ်ဆိုရင် တစ်ဘဝလုံး ညတိုင်းပဲ ကျွန်မကို လိမ်ပြောရမယ်။ ရှင် လှည့်စားမယ်ဆိုရင် သေမင်းကို ရှင် လှည့်စားရမယ်။ ဘာလို့လဲဆိုတော့ ရှင် မရှိဘဲ ကျွန်မ တစ်ရက်မှ အသက်မရှင်ချင်လို့ပါ"*

**အိုင်ယာလန်-ဒပ်ဗလင်**
**လက်ထပ်မင်္ဂလာ ညစာစားပွဲတစ်ခုမှ**
**လူပုံအလယ်၌ သတို့သားအား**
**သတို့သမီးက ပြောစကား**



www.burmeseclassic.com

www.burmeseclassic.com

*နိုးချင်သလောက် နိုးပါ၊ လိမ်ပြောချင်သလောက် လိမ်ပြောပါ၊*
*လှည့်စားချင်သလောက် လှည့်စားပါ။*
*အဓိကကတော့ . . .*
*⌘ နိုးတယ်ဆိုရင် ကိုယ်နိုးတာ ဘယ်သူမှ မသိပါစေနဲ့ . . .*
*⌘ လိမ်ပြောတယ်ဆိုရင် ကိုယ်လိမ်ပြောတာကို နားထောင်တဲ့ သူက ယုံပါစေ။*
*⌘ လှည့်စားတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်တော့ မလှည့်စားမိပါ စေနဲ့။*
*အဲဒါမှ အမြတ်က ကိုယ့်ဘက်မှာ ရှိမှာပါ။*

*လူနော*

***(10:42-P) 18 JA 07***



## အခန်း(၃)

လရိပ်ရယ် ငါ့ရဲ့ အိပ်စက်ခြင်းတွေကို နင် ဘာလို့ ခိုးယူသွားတာလဲ။ နင့်ရဲ့ အသည်းနှလုံးကိုလည်း နင် လိမ်ပြောနေတယ်။ ငါ့ကိုလည်း နင် လှည့်စားတယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားတဲ့ နင့်ကို ငါ အံ့ဩတယ်။ စိတ်ထဲမှာလည်း နာကြည်းတယ်။ ဒါပေမဲ့ ငါ နင့်ကို ဘာလို့ မေ့မှလို့ မရနိုင်တာလဲ။ နင်မရှိတော့တဲ့ဘဝဟာ ခန္ဓာကိုယ်ထဲက အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုကို ဆွဲထုတ်ယူသွားသလိုပါပဲ။ ရင်မှာ ဟာပြီး နင့်နင့် သက်သက်ကြီး ခံစားနေရတယ်။ ဟော့ကောင် လရိပ်၊ ဒီမှာ ငါ မင်းကို လွမ်းနေတယ်။ သေလောက်အောင် လွမ်းတာကွ။ မင်း နေကောင်းပါစေ၊ ပျော်ရွှင်ပါစေ လို့ ရေခြားမြေခြားကနေပြီး ဆုတောင်းလိုက်ပါတယ်။

သူသည် အဝေးစိမ်းစိမ်းတွေကို မှင်တက် မျှော်ကြည့်နေ၏။ ပန်းဖျော့ ချယ်ရီပွင့်များ၊ စိမ်းရင့် ယူကလစ်ရွက်ရှည်များ၊ မြရည်သွေး စိမ်းပြန့် မြက်ခင်းစို အားလုံးသည် မြင်လွှာမှာ ထင်ဟပ်မလာ။ ကြည့်လေရာတိုင်းမှာ လရိပ် မျက်နှာကိုသာ မြင်နေမိသည်။ ပြင်ဦးလွင်၏ ဆည်းဆာရည်သည် သက်တမ်းတိုစွာနှင့် ညခြုံလွှာအောက်သို့ တိုးဝင်နေပြီ။ အသည်းကွဲ ပူ နွေးနွေးလေး ရဲရင့်သည် လွင့်မျောနေသော တိမ်တိုက်တွေနှင့်အတူ ခေါက်

www.burmeseclassic.com



တည်ရာမဲ့စွာ ကားကို မောင်းထွက်လာခဲ့သည်။ လမ်း၏ သယ်ဆောင်ရာသည် ပထမ မန္တလေး၊ နောက် မန္တလေးမှ ပြင်ဦးလွင်သို့ ခေါ်ဆောင်လာ၏။ နေသာ၍ အေးမြသော ဥတုခြုံလွှာအောက်မှ တောင်ပေါ်မြို့လေးသို့ မခေါ်ဘဲနှင့် သူ ရောက်လာသည်။ သေဖော်သေဖက် မျိုးရည်သည် သူနှင့်အတူ နောက်တော်ပါးမှ ဖဝါးထပ်မကွာ လိုက်ပါလာ၏။ အင်္ဂလိပ်ခေတ်က ဘိုအိမ်ကြီးတစ်ခုလို ဟိုတယ်ကြီးက ကုန်းမြင့်သာပေါ်မှာ ခန့်ခန့်ထည်ထည် ရှိနေသည်။ နံဘေးဘက် စိမ်းမြ မြက်ခင်းပေါ်မှာ ဘီယာဝိုင်းကလေးမှာ သူနှင့် မျိုးရည်တို့ ထိုင်နေကြသည်။ သူ ကျောခိုင်း ပြေးထွက်ခဲ့သည်မှာ ဒီနေ့ဆို ငါးရက်မြောက်ခဲ့ပြီ။

အမေ့ကိုလည်း သူ လွမ်းသည်။ အမေက ရိုးသည်။ သဘောဖြူသည်။ တစ်ခါတစ်ရံမှာ နုံဖျင်းသည်။ ဤမျှ ဒုန်းဝေးသော အမေသည် ဘာအလုပ်မျှ မရှိ၍လားမသိ အမျိုးသမီးများ စောင့်ရှောက်ရေးမှာ အရေး ပါလှသောသူ ဖြစ်နေသည်။ အမျိုးသမီးများ နိုင်ထက်စီးနင်းပြုမူခံရပါက အမေသည် ရှေ့မှ မားမားရပ်ကာ ဦးဆောင် ကူညီစောင့်ရှောက်သည်။ ဤသည်တို့၏ အရှိန်ကြောင့်လားမသိ လရိပ်အား သဘောထားကြီးစွာ အိမ်ပေါ် ခေါ်တင်ဦးမည်တဲ့လေ။ စဉ်းစားမိသော အတွေးကြောင့် 'ကျွတ်' ခနဲ စုပ်သပ်လိုက်မိပြီး ခေါင်းကို ရမ်းခါမိလိုက်၏။ သူ့ကို အကဲခတ်ကြည့်နေသော မျိုးရည်က ဖြေသိမ့်စကားဆိုသည်။

'စဉ်းစားမနေပါနဲ့ သူငယ်ချင်းရာ၊ စိတ်ကိုလျှော့ပါ။ အားလုံးကို ခေါင်းထဲက ကြိုးစားပြီး ထုတ်ပစ်လိုက်ပါကွာ။ ကံစီမံရာအတိုင်း ငါတို့ အားလုံး နာခံနေရတယ်လို့ စိတ်ဖြေပါ ငရဲရာ"

မျိုးရည်ကို ခွန်းတုံ့မပြန်မိ။ ဟိုခုန် ဒီခုန် စိတ်အစဉ်မှာ အဖေက ဝင်ရောက်လာသည်။ အဖေက ရက်ရော သဘောကောင်းသည်။ လူချစ်လူခင်ပေါသည်။ အဘိုးရှာထားသော စည်းစိမ်ချမ်းသာနှင့် အဖေ့ဘက်မှ ရလိုက်သော အမွေအနှစ်တွေကြောင့် ဒီတစ်သက်မှာ ကြောင့်ကြမဲ့စွာ အဖေ နေ





နိုင်သည်။ ချမ်းသာပြီး သဘောကောင်းတော့ မိန်းမတွေက အဖေ့ကို ကပ်ကြသည်။ အဖေကလည်း အညှာလွယ်သည်။ ဒီတော့လည်း လှေနှင့် ရေနှင့် ကြုံကြသည်မှာ မဆန်းပါ။ အဖေသည် မိန်းမကိစ္စမှာ ပါရမီရှိလှသူဖြစ်သော်လည်း တစ်ဦးတည်းသောသား သူ့ကိုတော့ အတော်ချစ်ရှာသည်။ သားအတွက် ဘာမဆို ဖြည့်ဆည်းပေးတတ်သည့် အဖေ (မှတ်ချက်-မိန်းမကိစ္စ နှလုံးသားရေးရာမှ လွဲ၍ပေါ့) ဦးကြီးဩ၏ နာရေးကိစ္စနှင့် အဖေဘယ်လောက်များ ပင်ပန်းရှာလေမည် မသိ။ ငရဲကို ခွင့်လွှတ်ပါ အဖေ။ အဖေနဲ့ လရိပ်တို့ ယှဉ်တွဲပြီး မြင်နေရမယ့် မြင်ကွင်းမျိုးကို ကြည့်နိုင်ဖို့ ကျွန်တော် ဘယ်လိုမှ အင်အားမရှိလို့ပါ။ အဖေ ကျန်းမာပါစေ။ ငရဲ အဖေ့ကို ချစ်လည်း ချစ်၊ လွမ်းလည်း လွမ်းပါတယ် အဖေ။

သံဘူးထဲမှ Tiger လက်ကျန်ကို ဖန်ခွက်ထဲ ဖြည့်ထည့်လိုက်သည်။ ဘီယာ မရှိတော့သော သံဘူးခွံကို လက်ထဲမှာ ကိုင်လျက် ငေးစိုက်ကြည့်နေမိသည်။ ဩော်... ဘူးထဲမှာ ဘီယာအပြည့်ရှိနေစဉ်က တန်ဖိုးရှိခဲ့သည်ဆိုသော်လည်း အခုလို အခွံဘဝ ရောက်သွားတော့ ဘာမှ တန်ဖိုးမရှိတော့ပါလား။ အလေးချိန်ကလည်း ပေါ့တော့တော့ ဟာလာဟင်းလင်းနဲ့။ ရင်ထဲမှာလည်း ဒီသံဘူးခွံလိုပါပဲ။ ပေါ့တော့တော့နဲ့ ဟာလာဟင်းလင်းကြီး ဖြစ်နေပါတယ် လရိပ်ရယ်။

သူသည် သက်ပြင်းချမိလိုက်ရင်း မျိုးရည် မသိသေးသော အကြောင်းအရာကို ဖွင့်ပြောပြဖို့ ဆုံးဖြတ်လိုက်လေသည်။ မျိုးရည်၏ နှုတ်စောင့်မှုကို သူ ယုံသည်။

"ငါပြောရင် မင်း အံ့ဩသွားမယ် မျိုးရည်၊ အခု လရိပ်မှာ အဖေနဲ့ရတဲ့ ကိုယ်ဝန်က သုံးလရှိနေပြီ သူငယ်ချင်း"

သူ့စကားကြောင့် မျိုးရည်သည် ဖန်ခွက်ကို ဆက်မမော့နိုင်တော့ဘဲ နှလုံးကြီးပြူးကာ တန့်ရပ်သွားသည်။ ပြီးတော့ တုန်လှုပ်စွာ ပြောသည်။

"ဟုတ်ရဲ့လား... ဟုတ်ရဲ့လား ငရဲရာ၊ လရိပ်အကြောင်း မင်းပြောရာ



www.burmeseclassic.com

www.burmeseclassic.com



ငါရော အသိပါ။ လရိပ်က အဲလို အညှာလွယ်တဲ့ မိန်းကလေး မဟုတ်ပါဘူးကွာ”

“ငါလည်း နားရှိလို့သာ ယုံရတာပါ။ အဖေနဲ့ အမေ ပြောတာကို ငါ သဲသဲကွဲကွဲကြီး နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတယ်။ ပြန်ပြောရမှာ ရှက်လို့ မင်းကို မပြောပြခဲ့တာပါ။ သူတို့ လက်ထပ်ထားတာလည်း ကြာခဲ့ပြီ မျိုးရည်၊ နောက်ပြီး မင်းစိတ်ထဲမှာ လရိပ်ကို ငါတို့ ကျောင်းမှာတုန်းက ရင်းနှီးခဲ့တဲ့ ကျောင်းသူ သူငယ်ချင်းလို့ပဲ မြင်နေတယ်။ စင်တင်မှာ သီချင်းဆိုတဲ့ မိန်းကလေးလို့ မင်း မစဉ်းစားတာပါ မျိုးရည်”

လရိပ်အတွက် ကြေကွဲရိပ်တွေကို မျိုးရည်၏ မျက်ဝန်းတွေထဲမှာ မြင်နေရသည်။ သူငယ်ချင်းအတွက် သူလည်း ထိခိုက်ခံစားရပါလိမ့်မည်။

“စင်တင်မှာ သီချင်းဆိုတဲ့အတွက်ကြောင့်တော့ ဝါးလုံးရှည်နဲ့ မယမ်းသင့်ဘူး ငရဲ၊ ဘယ်သူလုပ်ချင်မှာလဲ။ ဘဝပေးကံကြောင့်သာ လုပ်နေကြရှာတာပါ၊ ငါ သိပြီ ငရဲ။ ငါ သဘောပေါက်ပြီ၊ ဟုတ်တာပေါ့၊ မင်းနေရာမှာ ငါဆိုလည်း အခုလို ပြေးထွက်လာခဲ့မိမှာပါပဲ။ ဒါပေမဲ့ ဒီလို ရှောင်ပြေးခဲ့တာဟာ ပြဿနာကို ဖြေရှင်းတဲ့ အညံ့ဆုံးသော နည်းလမ်းပဲ သူငယ်ချင်း။ နောက်ပြီး မင်းအဖေနဲ့ မင်းအမေ နာရေးတစ်ဖက်နဲ့ စိတ်အားငယ်နေတဲ့ အချိန်မှာ မင်းအတွက်လည်း ဘယ်လောက် ပူပင်သောက ရောက်နေရှာမလဲ။ မင်း တွေးမိရဲ့လား သူငယ်ချင်း”

ရည်ရွယ်ချက်မရှိ၊ လမ်းများ၏ သယ်ဆောင်ရာခရီးဦးမှာ စော်ဘွားကြီးကုန်းကို ဖြတ်သန်းစဉ်မှာပင် ကားကို ခဏရပ်ကာ မိခင်ထံသို့ ဖုန်းလှမ်းဆက်ခဲ့သည်။ “ရင်ထဲမှာ တင်းကြပ်နေလို့ စိတ်ပြေ ခရီးထွက်သွားသည်ဖြစ်ကြောင်း ဘာမှမဖြစ်စေရပါဘူး၊ ကတိပေးပါတယ် အမေ၊ အမေ့ကို သား အကြာကြီးလည်း မခွဲနိုင်ပါဘူး။ အဖေ့ကိုလည်း သား ချစ်ပါတယ်။ အမေရော၊ အဖေရော သားအတွက် မစိုးရိမ်ကြပါနဲ့” ဟု အမေ့ကို ဖုန်းလှမ်းဆက်ပြီး ပြောခဲ့သည်။ အမေရော၊ အဖေရော နှစ်ဦးစလုံးကို ဖုန်းထဲကပဲ ရည်မျှော် ကန်တော့ခဲ့ပြီး ဖုန်းပိတ်ခဲ့သည်။





‘ဒီလို ရှောင်ပြေးတာဟာ ပြဿနာကို ဖြေရှင်းတဲ့ အညံ့ဆုံး နည်းလမ်း’ ဆိုသော မျိုးရည်၏ စကားက သူ့ရင်ကို စိုက်ဝင်နေသည်။ ဟုတ်တာပေါ့။ အခုလို ဖုန်းပိတ်ထားတာကလည်း အညံ့ဆုံး နည်းလမ်းပါပဲ။

ရဲရင့်သည် တွေးချင့်နေရာမှ ခိုင်တည်သော ဆုံးဖြတ်ချက်ကို ချလိုက်သည်။

“ငါ ဆုံးဖြတ်လိုက်ပြီ မျိုးရည်၊ ခုကစပြီး ပိတ်ထားတဲ့ ငါတို့ဖုန်းတွေကို ဖွင့်လိုက်ကြစို့။ ဘယ်လို ပူဆွေတွေပဲလာလာ ရဲရဲရင်ဆိုင်ပြီး တွက်ထုတ်ကြမယ် သူငယ်ချင်း”

သူ့စကားကြောင့် မျိုးရည်၏ မျက်နှာမှာ ဝင်းခနဲ အကြည်ရိပ်တွေ ပြေးဖြတ်သွားသည်။ နှစ်ဦးသား ရဲရဲရင့်ရင့်ပင် ပိတ်ထားသော ဖုန်းတွေကို ဖွင့်လိုက်သည်။

ဤသည်မှစ၍ မျိုးရည်အတွက် ‘အနောက်’ တစ်ခု အသက်ဝင်သွားပြီ ဖြစ်သည်။ ဘာဖြစ်မည်ကို မသိမြင်သေးသော မျိုးရည်သည် အမေတစ်ခု သားတစ်ခုဘဝ မုဆိုးမ မိခင်ထံသို့ လွမ်းဆွတ်စွာ ဖုန်းဆက်လိုက်၏။

‘အနောက်’ တစ်ခု ဒီမှာ စပါပြီ။

• • •

“ဟဲလို မျိုးရည်လား၊ သား အခု ဘယ်မှာလဲ သား။ သားတို့ ပြန်လာတော့မလို့လား သား”

မျိုးရည် မျက်မှောင်ကြုတ်သွားသည်။ သူ မျှော်လင့်ထားသည်က အမေသည် သူ့အား လွမ်းဆွတ်စွာ ပြန်လာခဲ့ဖို့ ပြောရင်း ငိုရှာလိမ့်မည်ဟု ထင်သည်။ ယခုတော့ အမေ့အသံက ဥဒေါင်းဖျိုမလေးလို တက်ကြွတာ ငယ်သွေးရည်တွေ နိုးထနေသည့် အသံ။

“ပြန်ရက်ကို မသိရသေးပါဘူး။ ရဲရင့်က အသည်းကွဲနေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်က ဘယ်လိုမှန်းမသိဘူး အမေ၊ ကျွန်တော်တို့ အခု ပြင်ဦးလွင်မှာ ပါ။ အမေ... အမေ တစ်ယောက်တည်း ဖြစ်ရဲ့လား အမေ"

"ဖြစ်တယ် သား၊ အမေ့အတွက် မပူနဲ့၊ သားတို့ အေးအေးဆေးဆေး သာနေ၊ ရက်ကြာတော့ ပိုတောင်ကောင်းသေးတယ်"

ပြောရင်းနှင့် အမေက ရယ်သည်။ နံဘေးမှာ တဝူးဝူးအသံက ကြီးစိုး နေသည်။ တစ်ခုခုတော့ လွဲချော်နေပြီထင်၏။ သူ ထင်သလို ဖြစ်မလာပါ လား။ သူ တွေးထင်ထားသည်က "မနေ့ကတောင် သားကြိုက်တဲ့ မရမ်း သီး ငါးပိချက်နဲ့ ကြက်သားလေး ကြော်ထားတာ။ အဲဒါလေးကြည့်ပြီး မင်း ကို သတိရလိုက်တာ မျိုးရည့်ရယ်" ဟု ဆိုကာ ဖုန်းထဲမှာ အမေ့အလွမ်း ခန်းကို ဘူးသီးလုံးလောက် ပုလဲတွေခကာ ကြားရလိမ့်မည်ဟု ထင်ထား သည်။ ယခုတော့ လုံးဝ ဆန့်ကျင်ဖီလာ။

"အမေ... အမေ ဒီနေ့ ဘာဟင်းချက်လဲဟင်"

"ဘာမှမချက်ဘူး သား၊ မနေ့ကလည်း မချက်ဘူး။ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က ကြမ္မာဝင်လို့ ကွေကွင်းခဲ့ရတဲ့ အစ်ကိုတစ်ယောက်နဲ့ မမျှော်လင့်ဘဲ ပြန်တွေ့ကြတယ်။ မနေ့ကရော ဒီနေ့ရော အစ်ကိုရည်က ထမင်းစားဖိတ်ပြီး လိုက်ကျွေးတယ်။ သား မျိုးရည် ဒါပဲမဟုတ်လား။ ပြီးမှ ဆက်လိုက်ပါလား။ ဒီမှာ အမေက တိုင်ပင်နဲ့ အပူပေးနေရလို့ သားရဲ့"

မျိုးရည် နည်းနည်းတော့ စိတ်ရှုပ်သွားသည်။ ဖုန်းထဲမှာ ကြားနေရ သော သီချင်းသံနှင့် တဝူးဝူးအသံကို ယခုမှ သူ တွေးမိလိုက်သည်။

"အမေ... အမေ Beauty Parlour ရောက်နေတာလား။ လေမှုတ် စက်အသံ ကြားနေရတယ်"

"အယ်... ငါ့သားကို လဒူလေးမှတ်နေတာ ပွင့်သားပဲ ဟက်ဟက်။ အမေ ဆံပင်ကောက်နေတာ။ အိန္ဒြာကျော်ဇင်ကောက်လေ... လှိုင်းကြီး ကောက်ပေါ့"

မြတ်စွာဘုရား ကယ်ပါ။ မျိုးရည် ဘုရားတ,မိလိုက်သည်။ တင်ပါး





ဖုံး အမေ့ဆံပင်ရှည်ကြီးကို ပြေးမြင်လိုက်မိသည်။ တစ်ဆက်တည်းမှာပင် 'သန္တာရီ ဆိုတော့ မိတ္တီလာက သန္တာရီများ ဖြစ်နေမလား။ နှုတ်ခမ်းမှာ မှဲ့ ကြီးနဲ့လေ။ ဖြူဖြူတောင့်တောင့်ကြီးကွ၊ ငါ့ကို သိပ်ချစ်ရှာတဲ့ မိန်းကလေး ပါကွာ' ဟူသော ဦးရည်မွန်၏ အသံကြီးက အာရုံမှာ 'ဒိန်း' ခနဲ ဆောင့် ဝင်လာသည်။ ဘုရားသိကြား မ,လို့ ဒီလူကြီးတော့ မဖြစ်ပါစေနဲ့လေ။

"အမေ အစ်ကိုရည်... အစ်ကိုရည် ဟုတ်လား။ အမေ ပြောတဲ့ အစ်ကို ရည်က ဦးရည်မွန်လား။ ရဲရင့်ရဲ့အဖေ ဦးရည်မွန်လား အမေ"

"အယ်... ငါ့သားကို လဒူလေး မှတ်နေတာ ပွင့်သားပဲ ဟက်ဟက်၊ သားပြောတာ အမှန်ပဲ သား"

စောစောက ရွှေပြည်အေး တရားသမားလေးမှာ ကြက်ပျောက် ငှက် ပျောက် ပျောက်ကာ ပိန်းတောင်းရိုက်သံနှင့် အာဠာဝက ဘီလူးသည် မျိုးရည်၏ ကိုယ်မှာ ပူးဝင်သွားပြီလား မသိ။ မျိုးရည်သည် အသံကျယ် ကြီးနှင့် သတိလက်လွတ် အော်လိုက်၏။

"ဒီမှာ အမေ ရပ်လိုက်တော့၊ အမေ့ခြေလှမ်းတွေကို အခုပဲ ရပ်လိုက် တော့။ ရွှေးစရာရှားလို့ဗျာ အမေ ခင်ဗျား ဒီလူကြီးနဲ့ ဆက်မတွဲနဲ့တော့။ ဆက်တွဲလို့ကတော့ အဲဒီလူကြီးကို ကျွန်တော် သတ်ပစ်မှာဗျ"

"ဟဲ့... သား... သား... ဘုရား... ဘုရား မိုးကြိုးတွေတော့ ပစ်ကုန် တော့မှာပဲ။ အဲဒါ တခြားလူ မဟုတ်ဘူး။ မင်းရဲ့ အဝ့ါလေ အဝ့ါများ ဖြစ် နေမလား မျိုးရည်ရဲ့"

"ဘာကြီးပဲဖြစ်နေနေဗျာ၊ ဘာမိုးကြိုးပဲ ပစ်ပစ်ဗျာ။ ဘာမှ ကျွန်တော့် အဝ့ါ မဟုတ်ဘူး။ အမေက 'အို' အဖေကလည်း 'အို' ကျွန်တော်ကလည်း 'အို' ပဲ။ သုံးယောက်လုံး 'အို' သွေးတွေချည့် ရှင်းနေတဲ့ကိစ္စ။ အဲဒီလူကြီး က 'အေဘီ' ဗျ"

"အစ်ကိုရည်ကလည်း ပြောပါတယ်။ ဖအေက 'အေဘီ' ဆိုပေမယ့် မိခင်နဲ့ သွေးအုပ်စုတူရင်လည်း သားသမီးက 'အို' သွေး ဖြစ်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့၊ ရှိခိုးပါရဲ့… ရှိကြီးခိုးပါရဲ့ဗျာ။ ကျွန်တော် အခုပဲ ရန်ကုန်ကို ပြန်ခဲ့ပြီ။ ဘယ့်နှယ်ဗျာ သားက ခရီးတောင် မသွားရဲအောင်။ အမေ့ကို လင်နောက်လိုက်ပြေးမှာ စိတ်မချနိုင်တဲ့ ဘဝပါလားဗျာ"

ဒေါ်သတကြီးနှင့် မျိုးရည်က ဖုန်းကို ပိတ်သည်။ ရဲရင့်သည် မျိုးရည်အား ပြုံးပြုံးကြီး ကြည့်နေ၏။

"မပြုံးနဲ့ ရဲရင့်၊ အဲဒါ မင်းအဖေ 'အနောက်' ဝင်တာကွ။ တကယ့်ဈေးထုတ်ပါပဲကွာ။ အံ့ဩတယ်။ မြန်မာတစ်ပြည်လုံးကို ပတ်ပြီး ဈေးတွေ ယမ်းခဲ့တာပါလားကွာ"

ရဲရင့် ရယ်သည်။ ကျေနပ်စွာ အူလှိုက်သည်းလှိုက် ရယ်မိသည်။ စိတ်က တဒင်္ဂ ဖြေလျော့သွားသည်။ ဒေါ်ခိုးနေသော မျိုးရည်အား ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

"အဖေ့ရဲ့ ဗျူဟာက သူဟာ ရည်းစားဦးကို သူ့ဘဝ တစ်သက်လုံး မမေ့နိုင်ပါဘူးတဲ့။ အဲဒါလေးနဲ့ ထိန်းထားတာကွ။ ခက်တာက သူ့ရဲ့ ရည်းစားဦးကလည်း ဘယ်နှစ်ယောက်ရှိမှန်း မသိတာပဲကွ။ ဟော့ကောင် မျိုးရည် ဘာမှလုပ်မနေနဲ့ အဲဒါ မင်း စတဲ့ ဇာတ်လမ်းလေ မေ့ချင်ယောင်ဆောင်မနေနဲ့"

မမေ့ပါ။ မေ့ချင်ဟန်ဆောင်လို့လည်း မရနိုင်ပါ။ အသည်းစွဲအောင် မှတ်မိနေသည်။ လွန်ခဲ့သော တစ်နှစ်ကျော်က ဖြစ်ပါသည်။

• • •

"ခိုင်လုံသော ရပ်ကွက်က ပြောရေးဆိုခွင့်ရှိသူထံမှ သတင်းအတိအကျ ရထားပါတယ် ဦးရည်မွန်ခင်ဗျား၊ မယ်တော်၏ ရွှေနားတော်သို့ မပေါက်ကြားစေလိုပါက ဤတိုင်းပြည်၏ ထုံးစံအတိုင်း ကျွန်တော်တို့အား လာဘ်ပေး လာဘ်ယူ ပြုရပါမည် ခမည်းတော်ဘုရား"

အပြင်မှ ပြန်လာသော အဖေ့အား သူနှင့် မျိုးရည်က ဆီးကြိုလျက်





မုန့်ဖိုးတောင်းသည်။ အဖေက ပခုံးတစ်ချက် တွန့်လိုက်ရင်း ပြုံးထေ့ထေ့ ပြန်မေးသည်။

"နေရာပြော၊ အချိန်ပြော၊ အဲဒါမှန်မှ ရှေ့ဆက် ဆွေးနွေးမယ်"

"မြင်သာ (........) လမ်း၊ မနေ့က ညနေခင်း ငါးနာရီ ဆယ့်ငါး၊ အစိမ်းရင့် ပါတိတ်ဝမ်းဆက်နဲ့၊ အသက်က နှစ်ဆယ့်ခြောက်၊ (.......) ဘဏ်မှာ အလုပ်လုပ်တယ်။ ဇာတိက ဟင်္သာတ၊ နာမည်က မြသွေးထက်"

"ဟိုး ရပြီ၊ တော်ပြီ၊ မင်းတို့ တော်တော်ဆိုးတာပဲ။ ပေါက်တီးပေါက်ရှာ နေရာလည်း ရောက်တာပဲလားကွာ"

အဖေက အတည်ပေါက်ပါပဲ။ ငွေစက္ကူတစ်ထပ် သူ့အိတ်ထဲမှ ထုတ်ပေးသည်။ ဒီမှာပင် အငြိမ်မနေသော မျိုးရည်က မိုင်းဗုံးကို နင်းမိသွားသည်။

"ကျွန်တော်က မြင်သာ (.......) လမ်းထဲမှာ နေတာ။ အဲဒီလမ်းထဲက အမေ့သူငယ်ချင်းအိမ်က လျှောက်လာပြီး အပြန်မှာ အန်ကယ့်ကို တွေ့လိုက်တာ။ ပထမ ကျွန်တော်က မမြင်ဘူး၊ အမေက မြင်တာ။ အဲဒီလူ ငါ မြင်ဖူးသလိုလိုပဲလို့ အမေ ပြောလို့ ကြည့်လိုက်တော့ အန်ကယ် ဖြစ်နေတယ်"

အဖေက ဘာမှမဖြစ်သလို ဟန်မပျက်ပါပဲ။ မှင်ကောင်းသည်။ ဒါကို မျိုးရည်က ကြည့်ရပုံမပေါ်။

"အန်ကယ် မကြိုက်ပေမယ့် သူငယ်ချင်းအတွက် ပြောပါရစေဗျား အရွယ်လေးလည်း ရလာပြီပဲ၊ အဲဒီကိစ္စတွေ လျှော့ပါတော့လား။ အန်ကယ်လည်း အဲလိုနေတာကို ရဲရင့်ကလည်း ရှက်နေတယ် အန်ကယ်"

မိကျောင်းမင်း ရေခင်းပြ၊ ဘုန်းကြီးစာချ၊ ဖအေ့ထက် သားသူငယ်ချင်းက တစ်လ လာကြီးပြနေသည်။ အဖေသည် ဒေါသကို ဘယ်တော့မှ လူသိမခံတတ်။ စိတ်ခုခြင်းက ရင်တွင်းမှာ မျက်နှာကတော့ အပြုံးစွင့်စွင့်တက် မျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မျိုးရည်ရဲ့၊ မင်းအဖေနာမည် ဘယ်သူလဲ"

"ဦးမိုးဦးပါ။ ကျွန်တော် နှစ်နှစ်သားကတည်းက ဆုံးခဲ့တာပါ အန်ကယ်"

"အို... ဖြစ်ရလေကွာ၊ မင်းအမေနာမည်ကရော"

"ဒေါ်သန္တာရီပါ အန်ကယ်"

"သန္တာရီ၊ သန္တာရီဆိုတော့ မိတ္ထီလာက သန္တာရီများ ဖြစ်နေမလား။ မင်းအမေက မိတ္ထီလာ ဇာတိများလားကွာ"

မျိုးရည် မျက်နှာပျက်သွားသည်။ ဒါပေမဲ့ ချက်ချင်းပဲ ပျာပျာသလဲ ငြင်းချက်ထုတ်သည်။

"ဟာ... ကြံကြီးစည်ရာ အန်ကယ်ရယ်၊ အမေက မိတ္ထီလာမပြောနဲ့ မန္တလေးတောင် မရောက်ဖူးပါဘူး"

အဖေက စိတ်မကောင်းဟန်နှင့် ဆွေးရိပ်ရည် မျက်နှာလေးနှင့် ညည်း ဆိုသည်။

"အေးပေါ့လေ၊ ရေစက်မှ မဆုံနိုင်ခဲ့ကြတာပဲ။ သန္တာရီဆိုတော့ နာမည်တူ ကြားလိုက်ရတော့ ငယ်ချစ်ဦးကို သတိရမိလိုက်တာပါ။ မိတ္ထီလာက သန္တာရီများ ဖြစ်နေမလားလို့ပါ။ နှုတ်ခမ်းမှာ မှဲ့ကြီးနဲ့လေကွာ၊ ဖြူဖြူ တောင့်တောင့်ကြီး၊ ဆံပင်ရှည်ကြီးနဲ့ ငါ့ကို သိပ်ချစ်ရှာတဲ့ မိန်းကလေး ပါကွာ။ တစ်ချိန်မှာ သားလေးမွေးရင် အစ်ကို့ ရည်နာမည်ပါအောင် မှည့်မယ်တဲ့ဟာ။ မျိုးရည် မင်းနာမည်မှာလည်း ရည်ပါနေပါလားကွ"

"ကြံကြီးစည်ရာ အန်ကယ်ရာ၊ တိုက်ဆိုင်တာပဲ ဖြစ်မှာပါ"

• • •

"ဟေ့ကောင် မျိုးရည်... မျိုးရည်၊ ဟ... ဘာတွေ စဉ်းစားနေတာလဲ။ ခေါ်မကြား အော်မကြားနဲ့"

မျိုးရည်က ယခုမှ ဖျတ်ခနဲပဲ အတွေးမျှောထဲက ရုန်းထွက်မိလိုက် သည်။





"ခုချက်ချင်းပဲ ငါတို့ ရန်ကုန်ပြန်မှဖြစ်မယ် ငရဲ မင်းအဖေ 'အနောက်' ကြီးနဲ့ ငါ့အမေကို ဒီအတိုင်းလွှတ်ထားလို့ မရတော့ဘူးကွ"

"ဒါဆိုလည်း ပြန်တာပေါ့ကွာ။ ငါလည်း ဆုံးဖြတ်ပြီးပြီ။ အိမ်ကို တန်းပြန်မယ်။ လရိပ် ရှိတဲ့နေရာကို တန်းသွားမယ်။ လရိပ်ကို ငါ့နောက် လိုက်ခဲ့ဖို့ ခေါ်မယ်"

"မလိုက်ရင်ရောကွာ"

"ဟေ့ကောင် ငါနဲ့ လရိပ်က ရင်ခုန်သံတူတယ်။ ငါခေါ်ရာ သူ လိုက် ခဲ့မှာပါ မျိုးရည်"

"ဟို... ဟို ကိုယ်ဝန်သုံးလကိစ္စ"

"Generation အတူတူပါပဲ။ ငါ စဉ်းစားပြီးပြီ။ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ လရိပ်ကို ငါ ခွင့်လွှတ်တယ်။ ကဲ... သွားမယ် သူငယ်ချင်း"

အားအပြည့် တက်လှမ်းလာမည့် သူ့ခြေထောက်တွေကို အဖေသည် ဘယ်လို အနောက်မျိုးပေးကာ ရိုက်ချိုးဖို့ စောင့်နေမည်လား မပြောနိုင် ပါ။

■



www.burmeseclassic.com

www.burmeseclassic.com

*Love all,*
*trust a few,*
*do wrong to none.*

***(Shake Speare)***

အဆုံးစွန်သော အတိုင်းအတာအထိ ချစ်ပါ။
နည်းနည်းလေးလောက်ပဲ ယုံကြည်ပါ။
အများအယွင်းတော့ ဘာမှမလုပ်ပါနဲ့ . . .

(ရှိတ်စပီးယား)



သေလောက်အောင် ချစ်တဲ့ပုံစံ ဟန်ဆောင်ပါ။
သူ့အပေါ် ယုံကြည်ယောင်ဆောင်ပါ၊ ဘာကိုမှတော့ မယုံပါနဲ့
အများတွေကို သွေးတိုးစမ်းလုပ်ရင်းနဲ့
တစ်ဆင့်ပြီး တစ်ဆင့် အရှိန်အဟုန်မြှင့် ကျူးလွန်ပါ
နောက်ဆုံးကျန်တဲ့သူဟာ မင်းရဲ့လူပါပဲ
တစ်ယောက်မှ မကျန်လည်း လူလည်ကျလိုက်ရတာက
အမြတ်ပေါ့။

လူနောက်

**(10:30 P) 02 MY 08**



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ငါဟာ လရိပ်ကို ဟန်ဆောင်ပြီး ချစ်ခဲ့တာလည်း မဟုတ်ပါဘူး။ သူ့အပေါ်မှာ အရာအားလုံးကို ယုံကြည်ပြီး ချစ်ခဲ့တာပါ။ ဘာတစ်ခုမှ လည်း အမှားမလုပ်ခဲ့ပါဘူး။ ဒါနဲ့များတောင် သူ ဘာတွေ တွေဝေနေခဲ့ တာလဲ။ ခုချိန်မှာ ငါ သူ့ကို တအားလွမ်းတယ်ကွာ။ အလွမ်းလွန်တော့ ဖြေဆေး မရှိဘူး။ နေရခက်တဲ့ ဝေဒနာပဲ။ လရိပ်ကို မတွေ့ရတော့ အရာရာတိုင်းမှာ ကွက်လပ်တွေချည်း ခံစားနေရတယ်ကွာ။ အဆိုးဆုံး ကတော့..."

ပြောရင်းနှင့် ရဲရင့် စကားတန့်သွားသည်။ အခန်းတွင်းသို့ ပစ္စည်း လက်ခံ လယ်ဂျာကို ကိုင်ရင်း ကိုဇော်ဦး ဝင်လာသည်။ ကိုဇော်ဦးသည် 'မွန်-အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး' လုပ်ငန်းစုကြီး၏ မန်နေဂျာ ဖြစ်သည်။ ကိုဇော်ဦးသည် လယ်ဂျာအား ရဲရင့်ကို ဖွင့်ပြလိုက်သည်။

"အိတ် ထောင့်ခြောက်ရာပြည့်တယ်။ ဒီမှာ စစ်ဆေးပြီး လက်မှတ် လည်း အစ်ကို ထိုးထားတယ်။ ရဲရင့် တစ်ချက်လောက် စစ်ပြီး အတည် ပြုပေးပါဦး"

"မစစ်တော့ပါဘူး အစ်ကိုရာ၊ ဒီမှာ အစ်ကိုနဲ့အတူ ကျွန်တော် လိုက်စစ်နေတာလေ"





ရဲရင့်က သူ့စားပွဲ နံဘေးခုံပေါ်မှ ကွန်ပျူတာ စကရင် လေးခုအား ညွှန်ပြရင်း ပြောသည်။ စကရင်တွေကို ကြည့်နေသော ကိုဇော်ဦး၏ မျက်နှာ ကြီး ပြုံးသွားသည်။

"ကောင်းလိုက်တာ ရဲရင့်ရယ်၊ CCTV ကင်မရာတွေ ဘယ်တုန်းက တပ်လိုက်မှန်းတောင် အစ်ကို မသိလိုက်ဘူး။ မိုက်တယ်ကွာ၊ ဂိုဒေါင် လေးခုလုံး တစ်နေရာထဲက အထိုင်မပျက် ကြည့်နေရုံပဲ။ ပွဲကို ပြတ်ရော ဗျာ"

"မနေ့ညကမှ လာတပ်လိုက်တာ။ မနက်ဖြန်မှ အသေးစိတ် အစ်ကို့ ကို ကျွန်တော် ပြပေးမယ်။ Over time ဆင်းပေးတာ ကျေးဇူးပါ အစ်ကို။ ဒါ အစ်ကို့အတွက် Over time ကြေးပါ"

မန်နေဂျာ ပြန်ထွက်သွားတော့မှ သူတို့၏ လရိပ်တမ်းချင်း စကား ဝိုင်းလေးလည်း အိပ်မှုန်စုံမွှားနှင့် ပြန်လည် နိုးထလာသည်။

"အဲဒါပါပဲ သူငယ်ချင်းတို့ရာ။ အဲဒီမှာပဲ ဘာတဲ့ကွာ၊ အဲဒါ ဟော့ ဆောင်တွေ ခွီးမှုံပဲ ခုနက ငါပြောတာ ဘယ်နေရာ ရောက်သွားပြီလဲကွ"

မျိုးရည်နှင့် ဝီရိယတို့ နှစ်ကောင်စလုံး ပြိုင်တူ ခေါင်းကုတ်သည်ကို တွေ့လိုက်ရ၏။ ပြီးတော့မှ မျိုးရည်က စဉ်းစားမိဟန်နှင့် သွေ့ခြောက်စ ကားဝိုင်းလေးအား အသက်ဆက်သည်။

"ငါ မှတ်မိပြီ ရဲရင့်၊ ငါတို့ Final Year မှာလေကွာ။ စာမေးပွဲ နောက် ဆုံးရက်မှာ ဖြေပြီးတော့ လရိပ်က မိတ္ထီလာ ပြန်တယ်။ မင်းကို ကားဂိတ် လိုက်ပို့ခိုင်းတယ်။ အဲဒီအချိန်ထိ လရိပ်က မင်းကို အဖြေမပေးသေးဘူး။ မင်းကလည်း နားပူတိုက်ပြီး အဖြေမတောင်းဘူးလေ။ 'ချို့တဲ့ရှာတဲ့ မပြည့် စုံမှုတွေရဲ့ ဖိအားတွေအောက်မှာ ဖျစ်ညှစ် ရှင်သန်နေရတဲ့ သူ့ဘဝလေး ငါ တောင်းတဲ့အဖြေကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်မှာ စိုးတဲ့အတွက် အဖြေ မတောင်းရက်ခဲ့တာပါ" လို့ မင်း ပြောခဲ့တာလေ။ အဲဒီတုန်းက အဝေးပြေး ဂိတ်မှာ ကားထွက်ဖို့ကလည်း သုံးမိနစ်လောက်ပဲ လိုတော့တာ။ ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



တွေ အကုန်လုံးလည်း ကားပေါ်ရောက်နေကြပြီ။ လရိပ်တစ်ယောက်ပဲ ကားပေါ်မတက်သေးတာလေ။

ကားထွက်ရန် သုံးမိနစ်လောက်သာ လိုတော့သည်။ ခရီးသည်တွေ အားလုံးလည်း ကားပေါ်မှာ ရောက်နေကြပြီ။ လရိပ်တစ်ယောက်သာ ကားပေါ်မတက်ဖြစ်သေးဘဲ ကားနံဘေးမှာ ရပ်လျက် သူနှင့် သံယောဇဉ် အမျှင်တန်းနေခြင်း ဖြစ်သည်။

"ဖြစ်နိုင်ရင်တော့ နင်နဲ့အတူ လိုက်ခဲ့ချင်တာပေါ့။ နင် ဘာလို့ ငါ့ကို မိတ္ထီလာ လိုက်မလာခိုင်းတာလဲ လရိပ်ရာ"

"ငါ ပြောပြီးပြီပဲ။ ငါ့ဘဝက နိမ့်ကျလို့ ငါ့အိမ်ကလေးကို နင့်ကို ချ မပြရဲတဲ့ ဘဝမို့ပါလို့။ အခု ငါ ကျောင်းစရိတ်တောင်မှ ဒီက အမေ့မောင် က ထောက်ပံ့လို့သာ ငါ့ပညာရေးက ဆုံးခန်းတိုင်ခဲ့တာလေ။ နင် လိုက် လာရင် ဆင်းဆင်းရဲရဲနဲ့ အမေ မုဆိုးမကြီးကို ငါ ဘယ်လိုပေးတွေ့နိုင် မလဲ။ နင်လည်း စိတ်ညစ်သွားမယ်။ အမေလည်း ရင်ဆို့သွားမှာလေ"

"နင်နဲ့ ငါနဲ့ကြားမှာ အဲဒါတွေ မလိုပါဘူး လရိပ်ရယ်၊ အဓိကက ချစ်ခြင်း တစ်ခုတည်းပါပဲ"

"အဲဒါတွေက စာတွေ ဝတ္ထုတွေထဲမှာပဲ ရှိတာပါဟာ၊ တကယ့်အပြင် မှာတော့ အဲလောက် သတ္တိမရှိကြပါဘူး။ အချိန်တန်တော့လည်း ငွေကပဲ အလှာမတူတဲ့ ဘဝနှစ်ခုကို ဝေးသထက် ဝေးအောင် ခြားပစ်လိုက်ကြတာ ပါပဲ။ ဆင်းရဲတဲ့ဒဏ်ကို နင့်နေအောင် ခံခဲ့ရတာတွေက တစ်သက်လုံး ခံ ခဲ့ရတော့ ငါ ချမ်းသာချင်လာတယ်။ တစ်ခါတလေမှာ ငွေများများရဖို့ ဆိုရင် ဘာပဲလုပ်ရ လုပ်ရ ဆိုတဲ့ စိတ်အမှားတွေတောင် တွေးခဲ့ဖူးတယ်။ အဲဒီ တစ်ခါတလေတွေက အခုဆို ခဏခဏဖြစ်ပြီး အတွေးတွေ စိပ်စိပ် လာတယ်"

"ဒါကို ငါ နားလည်ပါတယ် လရိပ်ရယ်"

ဦးခေါင်းလေးကို ယမ်းခါလိုက်ရင်းနှင့် လရိပ်၏ နှုတ်ခမ်းလေး မဲ့သွားသည်။





"နင် နားလည်တယ်ဆိုတာ နှလုံးသားရဲ့ အပေါ်လွှာလေးပေါ်ကပဲ နားလည်တာပါ။ အတွင်းပိုင်းထိ နင့်နင့်လှိုက်လှိုက် မရှိပါဘူး။ နင် ဘယ် သိနိုင်မလဲ။ နင်မှ တကယ် မဆင်းရဲခဲ့ဖူးတာလေ"

ယာဉ်မောင်း ဒရိုင်ဘာကြီးက ကားထွက်ခွာရန် သတိပေး ဟွန်းသံ နှင့် အချက်ပြ အသိပေးလိုက်သည်။ လရိပ် သတိဝင်သွားသည်။ ဦးခေါင်း ကို ဆတ်ခနဲ ခါလိုက်ပြီး သူ့ကို ပြုံးပြသည်။

"ငါ သွားတော့မယ် ရဲရင့်၊ ငါ မကြာခင် ရန်ကုန်ကို ပြန်လာမှာပါ။ ဒီမှာက ငွေရှာလို့ ပိုလွယ်တယ်လေ"

ခွဲခွာချိန် နှုတ်ဆက်ရန် အသံပင် ထွက်မလာ။ နှုတ်ခမ်းတွေက အာ ခေး ထည့်ထားသည့်နှယ် ဦးခေါင်းကိုပဲ ညိတ်ပြပြီး ယဲ့ယဲ့ပဲ ပြုံးပြလိုက်နိုင် သည်။ လရိပ်က သူမ လက်ကိုင်အိတ်လေးထဲမှ လက်တစ်ဝါးစာ အဖြူ ရောင် စာအိတ်ထူလေးကို ထုတ်ပြီး သူ့ကို ပေးသည်။ သူ အူကြောင် ကြောင်နှင့် ယူထားလိုက်မိသည်။ စာအိတ်ပေါ်မှာ အင်္ဂလိပ်လို ရေးထား သော သူမ၏ လက်ရေးလေးကို တွေ့လိုက်ရ၏။

'My Lover's image' တဲ့။ သူ မျက်မှောင်ကြုတ်သွားပြီး လရိပ်၏ မျက်နှာကို ကြည့်လိုက်သည်။ လရိပ်၏ မျက်နှာတည်တည်နှင့် အကြည့် ငြူစူးကို မြင်လိုက်ရသည်။ ဤစာအိတ်ထူလေးသည် သူ့အတွက် သေမိန့် တစ်ခုသာ ဖြစ်လိမ့်မည်ဟု သဘောပေါက်လိုက်၏။ ကွက်ခနဲ ညှိုးသွား သော သူ့မျက်နှာကို လရိပ်က ပါးနပ်စွာ ဖမ်းဆုပ်လိုက်နိုင်သည်။

"နင် ဒေါသဖြစ်မှာကို ငါ သိတယ်။ နင့်ကို အခုအချိန်ထိ အချိန်ဆွဲ ခဲ့သလို ဖြစ်ခဲ့တယ်။ အဲဒီအတွက် ငါ့ကို ခွင့်လွှတ်ပါ။ ငါ့မှာ ကျောင်းပြီး ရင် လက်ထပ်ရမယ့် ချစ်သူ ရှိခဲ့တယ်။ အဲဒါ ငါ့ချစ်သူရဲ့ ဓာတ်ပုံပါ။ ငါ့ အဆောင်ကို သူ အမြဲလာတွေ့တယ်။ သူလာတိုင်း နင်မရှိသလို နင် လာတိုင်းလည်း သူ မရှိခဲ့ပါဘူး။ ပြီးမှ ဖွင့်ကြည့်ပါ။ ဓာတ်ပုံကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် နင် အံ့သြသွားမှာ၊ နောက် ငါ့ကို နင် သတ်ပစ်ချင်လောက်အောင် မုန်းသွားမှာပါ။ စိတ်မကောင်းပါဘူး ရဲရင့်၊ ကဲ... ငါ သွားတော့မယ်ဟာ”

သွက်သွက်လှမ်းရွေ့ရင်း ထိုင်ခုံရှိရာ သွားနေသည့် လရိပ်ကို ကားမှန်ခုံးကြီးတွေကြားခံလျက် သူ လိုက်ကြည့်နေမိသည်။ ထိုင်ခုံမှာ သူမ ထိုင်လိုက်သည်။ မျက်လွှာချလျက် ခေါင်းကလေး ငုံ့သွားသည်။ တစ်ချက်ကလေးမျှ လှည့်မကြည့်ခဲ့ပါလား။ ကားဘီးတွေက စတင် ရွေ့နေပြီ။ သူ့ရှေ့မှ ထွက်ခွာသွားသော ကားကြီးကို တွေတွေကြီး ကြည့်နေရင်း ဂိတ်ရှေ့မှာ ငေးရပ်နေမိသည်။ ဩော်... မတ်တပ်မေ့တယ်ဆိုတာ ဒါမျိုးပဲလား မသိ။

လက်ထဲမှ စာအိတ်ထူလေးကို ငုံ့ကြည့်လိုက်သည်။ ဒီမှာပင် ပြုံးနေသော အဖေ့မျက်နှာကြီးက မဆီမဆိုင် ပြုန်းစားကြီး အာရုံမှာ ဝင်ရောက်လာသည်။ ပြီးတော့ ပျောက်သွားသည်။ စာအိတ်ထူလေးကို ပြန်ပြီး ငုံ့ကြည့်လိုက်သည်။ ဖွင့်ဖောက်ဖို့ နောက်ကျောဘက်ကို လှန်ကြည့်လိုက်၏။ သူ့ရင်သည် စည်းချက်မဲ့စွာ ပြင်းပြင်းခုန်လှုပ်လာသည်။

နောက်ကျောအပိတ်ကို ခွာရလွယ်သော ဝါယာတိပ်အစိမ်းလေး ကပ်ထားသည်။ ဒါသည် ရှေ့ဆက်ဖို့ မီးစိမ်းပြလိုက်သည့် အဓိပ္ပာယ်လား။ စိမ်းကားခြင်းကို ရည်ရွယ်သည့် အဓိပ္ပာယ်လား။ ဘာပဲဖြစ်ဖြစ် လရိပ်သည် သူမ ရှေ့မှာ တွေ့ရသည့် ရှိသည့် တိပ်နှင့်သာ အလွယ်တကူ ကပ်လိုက်ခြင်းပဲ ဖြစ်မည်ဟု စိတ်ဒုန်းဒုန်းချကာ မျက်စိမှိတ်ယုံလိုက်၏။

နောက်ကျောပိတ်ကို လှန်လိုက်သည်။ အဖြူရောင် စက္ကူတစ်ရွက် ပတ်ထားသည်။ ပလတ်စတစ် အမာစား ဘောင်ကလေးနှင့် မာပြားပြား ဓာတ်ပုံအိမ်ကလေး၊ သုံးခေါက်ပတ်ထားသော စက္ကူဖြူကလေးက အောက်သို့ ပြုတ်ကျသွားသည်။ သူ့ရင်သည် တဒိုင်းဒိုင်း လှုပ်ခုန်နေ၏။ ဘာကိုမှ သတိမရ။ လက်တွေက သိသိသာသာတုန်ယင်နေသည်။ ဓာတ်ပုံဘောင်ကလေး၏ နောက်ကျောဘက်မှ အညိုရောင် လယ်သာသား၏ ဟိုမှာ





ဘက်ကို လှန်ကြည့်ဖို့ တော်တော်လေး အားယူနေရ၏။ သက်ပြင်းချလိုက်ရင်းနှင့် ဓာတ်ပုံရှိသည့် မျက်နှာဘက်ကို လှန်ကြည့်လိုက်သည်။

ဟင်...

သူ မျက်မှောင်ကြုတ်ကာ အံ့သြသွားသည်။ ဘာဓာတ်ပုံမှလည်း မတွေ့ရ။ မျက်နှာပြင်နှစ်ဖက် ဟိုဘက် ဒီဘက် လှန်ကြည့်သည်။ ဘာဓာတ်ပုံမှ မရှိပါ။ ဓာတ်ပုံရှိသော မျက်နှာပြင်ကို မျက်မှောင်ကြုတ်လျက် သူ ကြည့်နေသည်။ ဘာဓာတ်ပုံမှ မရှိဘဲ ပြဒါးသုတ် ကြည့်မှန်တစ်ချပ်သာ ဖြစ်နေသည်။ မှန်ထဲမှ မျက်မှောင်ကြုတ်နေသော ရဲရင့်၏ ပုံရိပ်ကလည်း အပြင်က ရဲရင့်ကို ပြန်ကြည့်နေသည်။

My Lover's Image တဲ့။ ချစ်သူရဲ့ ပုံရိပ်တဲ့။

“အဲဒါ ငါ့ချစ်သူရဲ့ ဓာတ်ပုံပါ။ ပြီးမှ ဖွင့်ကြည့်ပါ။ ဓာတ်ပုံကို မြင်လိုက်ရင် နင် အံ့သြသွားမှာ၊ နောက် ငါ့ကို နင် သတ်ပစ်ချင်လောက်အောင် မုန်းသွားမှာပါ” တဲ့။

လရိပ်၏ စကားသံက အာရုံမှာ တိုးဝင်လာသည်။

ဟား... ဟား... ဟား... ဟား

သူ့မျက်နှာကြီး ပြုံးသွားကာ ဂိတ်ရှေ့ လူတွေကြားမှာ သတိလွတ်စွာ ရယ်မိလိုက်သည်။ “သေစမ်းကွာ၊ ငါ့လောက် အူတဲ့ကောင် ကမ္ဘာမှာ ရှိသေးရဲ့လားဟ” ဟုလည်း သူ့နှုတ်က ဝမ်းသာအားရ အသံထွက်သွားသည်။ ရင်ထဲမှ အပျော်စိတ်သည် မိုးသို့တက်ကာ တိမ်ညွှန့်တွေကို မက်ဆီကစ်သလို လိုက်ကန်နေသည်။ ခုချိန် လရိပ်သာ သူ့ရှေ့မှာရှိနေပါလျှင် အရိုးကျိုးအောင် ဖျစ်ညှစ် ပွေ့ဖက်မိမည်မှာ သေချာပါသည်။ သူသည် လရိပ် ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်၏။

ချစ်သူအား တင်ဆောင်သွားသော Express ကြီးအား ပြပြသေးသေး မြင်နေရသေးသည်။

သူ့အဖြစ်ကို ကြည့်ကာ ပြုံးရယ်နေမည့် ချစ်သူ၏ သွင်ပြင်နဲကို အာရုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ မြင်ယောင်လိုက်သည်။ ကားကြီး၏ နောက်ပိုင်းကို ကြည့်နေရင်းမှ ကျီစားသန်သော ချစ်သူအား အသံထွက်ရင်း ပြုံးပြုံးကြီး အော်လိုက်မိ၏။

"ခွေးကောင်မ"

ရဲရင့်၏ တစ်တစ်ခွခွ ထောပနာပြုသံကြောင့် ရှေ့မှာ ရပ်နေသော အမျိုးသမီးက ရှုတ်ခြည်းပင် ခေါင်းကို ချာခနဲ လှည့်ကြည့်လိုက်သည်။ ဒီမှာပင် ရဲရင့်၏ ပြုံးနေသော မျက်နှာကြီးကို တွေ့လိုက်ရသည်။ အမျိုးသမီး၏ ဒေါသသွေးတို့က မျက်နှာတင်မက ငယ်ထိပ်ထိ ဆောင့်တက်သွားသည်။

"ရှင် ဘာစကားပြောတာလဲ။ ကျွန်မဘာသာ ရပ်နေတာကို ခွေးကောင်မ လို့ ဘာလို့ ခေါ်ရတာလဲ။ ရုပ်ကလေးက သနားကမားနဲ့ လူကို ဘာများထင်နေလို့လဲ ပြောလေ"

ရဲရင့် ရင်မှာ 'ဒိန်း' ခနဲ ဖြစ်သွားသည်။ ဒီလိုကိစ္စမျိုးက ချက်ချင်း မတောင်းပန် မဖြေရှင်းပါလျှင် အကြီးအကျယ် ဒုက္ခရောက်သွားနိုင်သည်။

နံဘေး ဝန်းကျင်မှာ ရှိနေသူများ၏ ဝိုင်းဝန်း သက်သေပြုမှုများကြောင့် ဒီပြဿနာထဲမှ လွတ်မြောက် ရုန်းထွက်လာနိုင်ခဲ့သည်။ အချိန်သည် တန်ဖိုးရှိလှသော ယခုလိုအခါမျိုးမှာ အချိန် မိနစ်နှစ်ဆယ်တိတိကြီး ချကျွေးလိုက်ရသည်။ နှမြောလိုက်တာ။ ချစ်သူ စီးနင်းသွားသော အဝေးပြေး ကားကြီးအား သူ့ကားနှင့် အမီလိုက်ကာ မှော်ဘီလောက်ထိ လိုက်ပို့ပေးလိုက်မည် ဟူသော အစီအစဉ်လည်း ပျက်သွားပြီ။ လိုက်၍လည်း မီမည် မဟုတ်တော့။ နောက်ပြီးတော့ လရိပ် စီးသွားသော ကားကိုလည်း သူ မမှတ်မိ။ တောက်... ဗိုင်းနာမကြီး မဆီမဆိုင် ဝင်ပြီး ဒင်းက ပြဿနာ ရှာလို့ ငါ လရိပ်ကို မမီလိုက်တာပဲ။ ဒင်းတော့ကွာ။

ရဲရင့်သည် မကျေလည်စွာနှင့် ပြဿနာမကြီးအား စိတ်ထဲမှာ အသံ တိတ် အားရပါးရကြီး ကလော်တုတ်လိုက်လေသည်။

"ခွေးကောင်မ"

• • •





"ခွေးကောင်မ"

သူ့နှုတ်မှ တိုးသဲ့စွာ ထွက်သွားသော အသံကြောင့် မျိုးရည်က သူ့ဘက်သို့ လှည့်ကြည့်သည်။ ဘသားချောက နှုတ်ခမ်းတွေတောင် ပြုံးနေသေးသည်။ ဒီလို အခြေအနေမျိုးမှာ ပြုံးနေနိုင်သေးသော သူ့ကို မျိုးရည် အံ့ဩပေလိမ့်မည်။

"ခွေးကောင်မ တဲ့၊ မင်း ဘယ်သူနဲ့ တွေ့နေတာလဲ။ ဘာကို တွေးနေတာလဲ"

"ငါက မတွေးပါဘူး၊ အတွေးကသာ ငါ့ဆီ အလည်ရောက်လာတာပါ။ သူ့ကို အားနာလို့ ငါက ပြန်ပြုံးပြမိတာပါ"

မျိုးရည်က သူ့ကို ကြည့်နေသည်ကို သူ သိသည်။ မသိဟန်ပြုကာ ကားကို အာရုံပြု မောင်းနေသည်။ သည့်အတွက် မျိုးရည်ကို မစိုးရိမ်စေလိုပါ။ မျိုးရည်၏ ရင်ထဲမှာလည်း ထုနှင့် ထည်နှင့် ပူပန်မှုက ရှိနေပါလိမ့်မည်။

"အဲဒါ ငါ့ရဲ့ ဦးနှောက်ကြီးက ရက်စက်တာလေကွာ၊ ဒီ ဦးနှောက်ကြီးက အတိတ်ဆိုတဲ့ မှတ်တမ်းကြီးထဲမှာ သူ စွဲစွဲထင်ထင် ရှိခဲ့တာတွေကို အော်တော်မက်တစ် Play back ပြန်ပြန်ရစ်ပြတာလေ။ ခံရတာက ရင်ဘတ်ကြီးရဲ့ နှလုံးသားပဲ။ နာကျင်နေတဲ့ ပစ္စုပ္ပန်အတွက်တော့ အတိတ်က ပျော်စရာ တစ်ခုကို play back ပြန်ရစ်ပြလည်း နာကျင်ရတာပါပဲ။ ခုနတုန်းကတော့ အတိတ်ဟာ မဖိတ်ဘဲနဲ့ ရောက်လာခဲ့တာကွ"

"အဖေရဲ့ အိမ်ဆောက်ပစ္စည်း ထရိတ်ဒင်းကို ငါ စပြီး ကိုင်ခါစတုန်းက အဲ... ကိုင်ခါစဆိုတာထက် နေသားကျခါစတုန်းက တစ်ရက်မှာ မင်းနဲ့ ဝီရိယနဲ့ ငါ့ဆီ ရောက်လာတာလေ။ ပြောရမယ်ဆိုရင် အဲဒီအလုပ်က ငါ ဆယ်တန်းပြီးကတည်းက အဖေက အမြဲခေါ်သွားပြီး လက်ကျသင်ပေးခဲ့တာ။ ငါ့မှာ ဝင်ငွေကောင်းတဲ့ အလုပ်နဲ့ အခြေကျနေအောင် ကြိုးစားခဲ့တာဟာ လရိပ်ကို တင့်တောင့်တင့်တယ်နဲ့ ထားချင်လို့ပါ။ ဒါပေမဲ့ လရိပ်က



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဝေနေတယ်။ အဲဒီတုန်းက အကြောင်းရယ်၊ နောက် လရိပ် အပြန် ကားဂိတ်မှာ ငါ့ကို အဖြေပေးတုန်းက အဖြစ်အပျက် အဲဒါတွေက ငါ့ ခေါင်းထဲကို အကြမ်းဖက်ပြီး ဝင်လာကြတာလေ"

ပြောရင်းနှင့် ရှေ့တူရူသို့ မျှော်ရည်ကြည့်မိသည်။ တစ်မျှော်တစ်ခေါ် စာအကွာ ဆုံရာတူရူတွင် အလျှံညီးညီးနှင့် ငွေ့ငွေ့ထနေသော တံလျှပ်တွေ အောက်သို့ ကတ္တရာလမ်းမကြီးက မဲနက်သော မြွေတစ်ကောင်နှယ် တွားသွား တိုးဝင်နေသည်။ သည်တံလျှပ်တွေသည် သူ့ရင်ထဲသို့လည်း ငွေ့ငွေ့လှိုက်လှိုက် ရောက်နေကြသည်။ လရိပ်သည်လည်း သည်တံလျှပ် တွေလိုပဲလား မသိ၊ မြင်နေရသော်လည်း မည်သို့ ဖမ်းဆုပ်ရမည် မသိနိုင် လေသည့် ဘဝ။ မျိုးရည်သည်လည်း သူ့နှယ် အတွေးတွေထဲမှာ တံလျှပ် တွေနှင့် ငွေ့ငွေ့လှိုက်လှိုက် ရှိနေမည် ထင်၏။

မျိုးရည် သက်ပြင်းချလျက် ညည်းချင်းဆိုသည်။

"အမှန်တော့ လူငယ်တွေကိစ္စ သူ့ဘာသာ ဒီခရီးသည် ထီးနဲ့ လိုက် ဖက် ပြေလည် ချောမွေ့နေရမယ့်ကိစ္စ မင်းအဖေသာ ကန့်လန့်လိုက်လာ ပြီး 'အနောက်' မဝင်ဘူးဆိုရင် တော်တော်လေး ကြည်နူးကြရမယ့်ကိစ္စ။ မင်းအဖေက တကယ့် သပွတ်ကြီး၊ 'အနောက်' ကြီးပါပဲကွာ''

မျိုးရည်၏ စကားအား ခွန်းတုံ့မပြန်ဘဲ ရေငုံနှုတ်ဆိတ် နေလိုက် သည်။ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံသမှု ပြုလိုက်သည်။ သူ့ဘက်က သက် ငြိမ် ဖြစ်သွားတော့ မျိုးရည်က သွေးတိုးစမ်းလျက် ရောင့်တက်လာပြန် သည်။

"စဉ်းစားကြည့်တော့ လုံးဝ မတရားတာတော့ အမှန်ပဲ ရဲရင့်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် မင်းအဖေက တစ်လှမ်းသာနေတာချည့်ပဲ။ ကိုယ့် သားရဲ့ ချစ်သူကိုတောင်မှ နောက်တစ်လှမ်း ဆုတ်မပေးခဲ့ဘူး။ ငါသာ မင်းနေရာမှာဆိုရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး သူငယ်ချင်း"

ဘာမျှ ပြန်မပြောနိုင်ပါ။ အဖေ့ကို သူ နားလည်သည်။ သူ၏





နားလည်နိုင်ခြင်းသည် မည်သို့သော နားလည်ခြင်းမျိုးဖြစ်ကြောင်း သူ သရုပ်ခွဲ မပြောပြတတ်ပါ။ မျိုးရည်ထံမှ ပင့်သက်ချသံ ကြားရပြန်သည်။

"လက်ကလည်း သွက်ပ့၊ လရိပ်မှာ ကိုယ်ဝန်သုံးလ ရှိနေပြီတဲ့။ တုတ်ရဲ့လား၊ မင်း နားကြားများ လွဲတာလားကွာ"

"လုံးဝ မလွဲဘူး မျိုးရည်၊ အဲဒါ အမေကိုယ်တိုင် ကြည်ဖြူနေတဲ့ကိစ္စ။ ဆော်တော် အံ့သြပြီး တော်တော် နားမလည်နိုင်တာပဲကွာ။ အဖေက ဘာလို့ အဲဒီဘက်မှာ အဲလောက် စွမ်းနေရတာလဲ။ အမေက အစ ပတ်သက်တဲ့ မိန်းမတိုင်းဟာ အဖေ့ကို ဘာလို့ ဝိုင်းကြွေနေကြတာလဲ။ အဖေနဲ့ နှယ် ယှဉ်တိုက်ပြီဆိုရင် မိန်းမတွေဟာ ဦးနှောက်မှ ရှိကြရဲ့လား မသိပါဘူးကွာ"

ရွယ်ရည်ရာမဲ့စွာ ပြောလိုက်သော ဤစကားသည် မျိုးရည်အတွက် ရင်ခွင်းမြားတစ်စင်းနှယ် နှလုံးသား တစ်ခုလုံးအား ထုတ်ချင်းခပ် စူးဝင် ဖောက်ထွက်သွားသည်။ မျိုးရည်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်သွား ၏။ သူ့မျက်နှာကို တွေတွေကြည့်လျက် မျိုးရည် ဝန်ခံသမှုပြု၏။

"အဲဒါ အမှန်ပဲ၊ အမှန်ပါပဲကွာ။ အဲဒီအထဲမှာ ငါ့အမေလည်း ပါနေ တယ်။ ငါ့အပြစ်ပါကွာ၊ ငါသာ မင်းနဲ့ လိုက်မလာခဲ့ရင် အမေနဲ့ မင်းအဖေ နဲ့လည်း တွေ့စရာအကြောင်း မရှိပါဘူး။ လောကကြီးမှာ ငါ အကြောက် ဆုံး အရာဟာ အမေနဲ့ မင်းအဖေနဲ့ တွေ့ကြမှာကို အကြောက်ဆုံးပဲ သူငယ်ချင်း။ ငါ့မှာ ဒီအမေလေး တစ်ယောက်ပဲရှိလို့ အလိုလိုက်ထား တာကို အမိုက် စော်ကားသွားတာလေ။ ဒီအသက်အရွယ်ထိ အမေဟာ ငါ့မျက်စိအောက်မှာပဲ ဗိုင်းကောင်းကျောက်ဖိ နေလာခဲ့တာကွ။ အခုတော့ ငါ သတိလေး တစ်ချက် လွတ်သွားတာနဲ့၊ အမေလေး တော်လှ တော်လှ ယောက်မ မြင်းစီးထွက် ဆိုသလိုမျိုး ဖြစ်နေတယ်။ ငယ်ငယ်တုန်းက မတ်ခဲ့တဲ့ အိပ်မက်ကို အခုမှ ဆုပ်ကိုင်မိတာပါ သားရယ်တဲ့။ သေရော... သေရောကွာ၊ အမေ့မှာ နားရော မျက်စိရော ကန်းသွားပြီ။ ငါ အမေ့ကို ဆက်ထိန်းလို့မှ ရပါတော့မလား ရဲရင့်ရာ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးရည်စကားကြောင့် ကားမောင်းရင်းနှင့် ခေါင်းညိတ်မိသည်။ အမေ့အပေါ်၌ နားလည်နိုင်မှု မရှိသေးသည့်အခိုက် ဆိုတော့လည်း တိုယ်ချင်းစာလျက် နှင့်သက် နာကျင်မိသည်။

“အဲဒါ ငါတို့ လူငယ်တွေအတွက် သင်ခန်းစာယူစရာပဲ မျိုးရည်၊ ငါတို့တွေက မိဘတွေကို ကိုရီးယားကားတွေ ကြည့်ခွင့်ပြုခဲ့ကြတာ ငါတို့အမှားပဲ။ ကိုရီးယားဇာတ်လမ်းတွဲတွေမှာ အသက်ကြီးမှ တွေ့ကြ၊ အိုပါးတွေ ဒုံဆမ်းတွေ အချစ်နလန်ထကြ၊ အမေကလည်း ‘ယောက်ဖောရယ်’ ဆိုပြီး အဖေ့ကို ခွင့်လွှတ် အဲဒါပဲ။ အဲဒါတွေကို ငါတို့အမေတွေက စိတ်ကူးတွေယဉ်ပြီး အတုခိုးမှားကြတာ။ အမေတွေ အရှက်မရှိ အတုခိုးမှားမှာ စိုးလို့ ငါတို့ သားသမီးတွေက သူတို့ကို ကိုရီးယား ဇာတ်လမ်းတွဲတွေ ရှေ့လျှောက်ကြည့်ခွင့်မပေးကြနဲ့တော့ကွာ။ အဲလိုပဲ ထိန်းကြရမှာကွ”

ပြောလို့မှ မဆုံးသေးခင်မှာပင် မျိုးရည်၏ အမေ့ထံမှ ဖုန်းဝင်လာသည်။ ဖုန်းကို ဖွင့်လိုက်သော မျိုးရည်၏ လက်မှာ ချွေးစီးပြိုက်ပြိုက်နစ်နေသည်။ ရင်ခုန်သံပြင်းသော်လည်း သတ္တိက မခေ။ ယောင်ယောင်မှားမှား နှင့် စပီကာ ဖွင့်မိလိုက်သည်အထိ သွေးပျက်နေရှာသည်။

“ဟဲလို ပြောပါ အမေ”

“သား မျိုးရည်၊ သား အခု ပြန်လာနေပြီလား”

“ပြန်လာနေပြီ၊ ရောက်ခါနီးပြီ အမေ”

“ရဲရင့်ရော ပြန်လိုက်ခဲ့ရဲ့လား။ အစ်ကို ရည်မွန်လေ ရဲရင့်အတွက် အတော်လေး စိတ်ထိခိုက်နေတယ်။ သားတို့ကို ဆက်သွယ်လို့ မရတော့ သူ အရမ်းခံစားနေရရှာတာ။ အားကောင်းမောင်းသန် ယောကျ်ားရင့်မာကြီး ဖြစ်လျက်နဲ့ သူ့ရင်ထဲမှာ မချိရှာတော့ အမေ့ဆီမှာ လာပြီး မျက်ရည်တွေ ကျနေရှာတယ်။ နှလုံးသား နူးညံ့ရှာတဲ့ သဘောကောင်းကြီးပါ သားရယ်”

ကြားလိုက်ရသော စကားကြောင့် သူ့နှုတ်ခမ်းတွေ အလိုလို ပြုံး





သွားသည်။ ဟား... ဟား ရိုးပ့ါ ရွာသူရယ်၊ အဖေ့အကြောင်း ကျွန်တော်သိတာပေ့ါ။ အဲဒါ မျက်ရည်ကျတာ မဟုတ်ဘူးဗျ၊ အဲဒါ အန်တီ သန္တာရီကို ဆင်တစ်ကောင်လို ကျုံးသွင်းနေတာဗျ။

အတွေးထဲမှ အပြောနှင့်အတူ အာရုံမှာ အန်တီ သန္တာရီ၏ ပုံကို မြင်ယောင်မိသည်။ အသားဖြူဖြူ အရပ်မြင့်မြင့် လုံးကြီးပေါက်လှ ကိုယ်မှာ အမြဲတစေ အင်ဒိုနီးရှား ပါတိတ်ဝမ်းဆက်တွေနှင့် ကြွကြွဟန်ချီရှိနေသူ။ အိမ်ထောင်၏ဒဏ်ကိုလည်း မခံရဘဲ မျိုးရိုးစဉ်ဆက် ကြွယ်ဝခဲ့သူ။ အသက်က လေးဆယ်ဆိုသော်လည်း အရွယ်က မကျ။ သားဖြစ်သူ မျိုးရည်နှင့်မှ ခုနစ်နှစ်လောက်ပဲ ကွာသည့် အစ်မရယ်လို့ လူတိုင်းက ထင်ရသူ။ ဤသို့သော လွတ်လွတ်ကြီး လပ်နေသည့် ငယ်ချစ်အား မီလာရှိကာနည်းနှင့် လွဲချော်ခြင်းမရှိ အဖေ ပစ်လွှတ် ဖမ်းချုပ်လိုက်သော ကြိုးကွင်းကို အန်တီ သန္တာရီ တစ်ယောက် သိလိုက်ရှာမည်ပင် မဟုတ်။ မနေနိုင်တော့ သူ့နှုတ်က ပွင့်ထွက်သွားသည်။

“သွားပြီ မျိုးရည်၊ မင်းအမေ ခံလိုက်ရပြီကွ”

ကားကို ဖြည်းဖြည်းပဲ မောင်းနေတော့ သူ့အသံကို အန်တီ သန္တာရီ ရှင်းရှင်းကြီး ကြားသွားသည်။

“အယ်... ရဲရင့်အသံပဲ၊ ကောင်းတယ် ရဲရင့် သား ပြန်လာပြီပေ့ါ၊ မင်းတို့ညီအစ်ကို ဘယ်ကို အရင်လာမလဲ သားတို့’

ဤအသုံးအနှုန်းကို သူတို့နှစ်ယောက်လုံး သဘောမကျပါ။ ဖုန်းကို ကိုင်ထားသော မျိုးရည် တစ်ယောက် မေးကြောကြီးတွေ ထောင်သွား၏။

“ဘာ ညီအစ်ကိုလဲ။ ကျွန်တော် လက်မခံဘူး အမေ၊ ဒီမှာ အမေ့ကို ကျွန်တော် အပြတ်ပြောမယ်။ ကျွန်တော် သဘောမတူဘူး။ ကျွန်တော် သဘောမတူတဲ့ကြားက အမေ ပိုးဖလံမျိုး မီးကို တိုးမယ်ဆိုရင် အမေ့ကို အမွေစား အမွေခံ အမေအဖြစ်က စွန့်လွှတ်ကြောင်း သတင်းစာထဲမှာ ကြေညာပစ်မယ်။ ဒါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"နေ… နေဦး အဲ… အဲလို မလုပ်ပါနဲ့၊ တောင်းပန်ပါတယ် သားရယ်"

"No… No… မရတော့ဘူး အမေ၊ ဆုံးဖြတ်ပြီးပြီ၊ အဲဒီလူကြီးက သပွတ်ကြီး အနောက်ကြီး၊ ဒီမှာ မျိုးရည်တို့က ရှင်းတယ်။ အဲဒီလူကြီးနဲ့ ပေးစားမယ့်အစား ခွေးအမြီးဖြတ် ပေးစားလိုက်မယ် အဲ…အဲ ကန်တော့… တန်တော့ပါ အမေ"

ဒီကောင် အဖေ့ကို အသားလွတ် မြင်ပြင်းကပ်နေတော့ မွေးသမိခင် ကျေးဇူးရှင်ကြီးကိုပင် ကံကြီးထိုက်မည့်စကား ထွက်သွားသည်။ နှုတ်က ထွက်သွားပြီးမှ အတော်တုန်လှုပ်သွားသည်။

"ဘုရား… ဘုရား မိုးကြိုးတွေတော့ ပစ်ကုန်တော့မှာပါလား မျိုးရည်ရယ်၊ အစ်ကို ရည်မွန်က တခြားလူ မဟုတ်ဘူး သား၊ သားနာမည် မျိုးရည်မှာ 'ရည်' ဆိုတဲ့ စာလုံးဟာ အမေ့နာမည် သန္တာရီက 'ရီ' မဟုတ်ဘူး သား၊ သားနာမည် 'ရည်' က ရကောက် ညသတ် 'ရည်'၊ နည်းနည်းမှ မစဉ်းစားမိဘူးလား လူမိုက်ရဲ့။ အစ်ကို ရည်မွန်ရဲ့သား 'ရဲရင့်' က 'ရဲရင့် ရည်' လေ၊ အဲဒီ 'ရည်' ကလည်း ရကောက်ညသတ် 'ရည်' သားနာမည် မျိုးရည်ကလည်း 'ရည်' မှာ ရကောက်ညသတ် 'ရည်' "

'ကျွိ' ခနဲ ပါပဲ။ ကားက အထိတ်တလန့်နှင့် ဘရိတ်အုပ်ကာ လမ်းဘေးမှာ ရုတ်ချည်း ထိုးရပ်သွားသည်။ နေ့ခင်းကြောင်တောင်ကြီးမှာ 'ဒိန်း' ခနဲ မိုးကြိုးပစ်ချလိုက်သည့်နှယ် နှစ်ဦးသား ခေါင်းနားပန်းကြီးကာ တုန်လှုပ်သွားသည်။ မျိုးရည်၏ လက်ထဲမှ ဟန်းဖုန်းလည်း အလယ်မှ ဟန်းဘရိတ်ပေါ် 'ဒုတ်' ခနဲ ပြုတ်ကျကာ အော်တိုပိတ်သွားသည်။ သူနှင့် မျိုးရည်သည် ခန္ဓာကိုယ်တွေ တောင့်တောင့်ကြီး ဖြစ်သွားကာ အသက်ရှူဖို့ သတိမရ တစ်ယောက်မျက်နှာ တစ်ယောက် တုန်လှုပ်ငေးကြောင်ကြည့်နေမိသည်။ မျိုးရည်၏ နှုတ်ခမ်းတွေက တုန်လှုပ် ရှုံ့ထိတ်စကားတွေ ခုန်ထွက်လာသည်။

"ဒါ… ဒါဆို… ဒါဆို… ငါ… ငါက… မျိုး… ရည်၊ မင်း… မင်းက ရဲရင့်ရည်၊ လ… လရိပ်က… လရိပ်ရည်၊ ဒါ… ဒါဆို… ဒါဆို"





နေလယ်ပြင်းခေါင်ခေါင် ဟင်းလင်းပြင်၌ ကမ္ဘာပေါ်မှာ အကြီးဆုံး ဗုံးကြီးတစ်လုံး သူတို့ ငယ်ထိပ်တည့်တည့်သို့ 'ဝုန်း' ခနဲ ပြုတ်ကျသွားပြီ ထင်၏။ သတိစိတ်တွေက စကြဝဠာအစွန်းဘက်သို့ လွင့်ထွက်သွားသည်။ ဘယ်လိုမှ ထင်မှတ်မထားသော အကြောင်းခြင်းရာ ပြဿနာ…

• • •

"ပြဿနာပဲ Problem ပဲ။ ဦးရည်မွန်ရေ ခင်ဗျားကြီးကတော့ 'အနောက်'ပါပဲဗျာ။ ဒီအတိုင်းဆို မြန်မာပြည် တစ်နံတစ်လျား ကျွန်တော်တို့နဲ့ မောင်နှမတွေ ဘယ်လောက်များ ရှိနေမှာပါလိမ့်။ မစဉ်းစားရဲစရာပါလားဗျာ ကဲ ရဲရင့် ဒီဇာတ်ကို ငါတို့ ဘယ်လို ဆက် က ကြမလဲ၊ စဉ်းစားပါဦးကွာ"

ရဲရင့် မျက်မှောင်ကြီးကြုတ်လျက် ဖြစ်ခဲ့သမျှကို တစ်ချက်ချင်း စဉ်းစားနေသည်။ မရေရာ မသေချာသေးသော်ငြား လရိပ်အား မောင်နှမချစ်သို့ ပြောင်းချစ်ဖို့ ဆိုသည်မှာ နှလုံးသားကလည်း လက်ခံ၍ မရ၊ ဦးနှောက်ကလည်း လက်ခံ၍မရ၊ ရင်မှာလည်း မတင်မကျနှင့် လစ်လစ်ဟာဟာ၊ ဒီမှာပင် ဦးခေါင်းကို ယမ်းခါလျက် ရဲရင့် ပြောသည်။

"မဟုတ်ဘူး… မဖြစ်နိုင်ဘူး၊ ငါနဲ့ လရိပ်ဟာ မောင်နှမ မဟုတ်ဘူး။ 'ရည်' ပါတာဟာ တိုက်ဆိုင်မှုပဲ။ ငါနဲ့ လရိပ် သွေးသားမတော်စပ်ဘူးဆိုတာ ငါ့စိတ်ကလည်း အလိုလို သိနေတယ်"

ရင်၌ လွယ်ပိုးထားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ပြုတ်ကျသွားသည်။ 'ဟူး' ခနဲ သက်ပြင်းချရင်း ရဲရင့်က ရဲရင့်စွာ ပြုံးသည်။ နေလောင်ရှုတ်လို မျက်နှာလေးနှင့် မျိုးရည်က သူ့ကို ကြည့်နေသည်။ သူက နှစ်သိမ့်ခြင်းနှင့် ရယ်မောလျက် မျိုးရည်၏ ပခုံးအား ဖွဖွအုပ်ကိုင်လိုက်သည်။

"ရုပ်ရှင်တွေထဲကလိုများ ဖြစ်မလားဆိုပြီး ငါတို့ အရမ်းစဉ်းစားမိသွားလို့ပါ။ မင်းအမေက ဝန်ခံလိုက်လို့ မင်းနဲ့ ငါဟာ ညီအစ်ကို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အဖေ အနောက်ပေးလို့ မြန်မာပြည် တစ်နံတစ်လျား ငါ့ရဲ့ ညီအစ်ကို မောင်နှမတွေ ကြိုက်သလောက် များစမ်းပါစေ။ အမိကက ငါနဲ့ လရိပ် ဘာမှ မတော်ဖို့ပဲကွ"

မျိုးရည်၏ စိတ်တွေက ယခုအချိန်မှာ ထွေနောက်နေလိမ့်မည်။ ပင့် သက် လေရှူးကြီးထုတ်လျက် ညည်းသည်။

"အမေကလည်း 'အနောက်' ပါပဲကွာ၊ ဒီအတိုင်းပဲ ဘာသိဘာသာ အထိုင်မပျက်လေး နေလိုက်ရင် ပြီးသွားမယ့်ကိစ္စ။ အခုကျ သမိုင်းက ရှုပ်သွားပြီ။ ဧည့်ခန်းထဲက အဖေ ဦးမျိုးဦး ဆိုတဲ့ သွားလေသူရဲ့ ဓာတ်ပုံကြီးကို ငါ ဘယ်လိုကြည့်ရပ့်မလဲကွာ"

ရဲရင့်က ကားသော့ကို ဖွင့်ရန် ဟန်ပြင်ပြီးကာမှ မဖွင့်သေးဘဲ တစ်စုံတစ်ခုကို သတိရဟန်နှင့် မျိုးရည်ကို ကြည့်လိုက်၏။

"မင်း မှတ်မိလား မျိုးရည်၊ ခုနက ငါ အတွေးပြတ်သွားလို့ အခု ပြန်ဆက်မလို့ကွ။ လရိပ်က သူ့မြို့ပြန်သွားပြီး နှစ်လလောက်မှာလေ မင်းနဲ့ ဝီရိယ ငါ့ဆီ ရောက်လာတာ။ အဲဒီတုန်းက အဖေ့ရဲ့ အိမ်ဆောက်ပစ္စည်း ထရိတ်ဒင်းကို ငါ လက်လွှဲလုပ်နေတဲ့အချိန်။ ဂိုဒေါင်တွေအတွက် ငါ စီစီတီဗီတွေ တပ်ပြီး နောက်တစ်ရက်လေကွာ"

သူငယ်ချင်းတွေထဲမှာ မျိုးရည်က အမှတ်သညာကောင်းသည်။ တွေခနဲ တစ်ချက် စဉ်းစားလိုက်တော့ မျိုးရည်၏ မျက်နှာမှာ ညှိုးရိပ် ပြေလျော့သွားသည်။

"မှတ်မိပါတယ်။ ဘုရားဒကာရဲ့ ငါတို့က အကြံနဲ့ ဒိုင်လျှိုပြီး မင်းကို လာခေါ်တာလေ။ Sunday မှာတောင် မနားဘဲ အိုဗာတိုင်ဆင်းပြီး လောဘ ဇောတိုက်နေတဲ့ အချိန်လေ။ မင်းရဲ့ မန်နေဂျာကြီး ကိုဇော်ဦး ပြန်သွားတော့ ဟိုကောင် ဝီရိယက ဘာမှမပြောလို့ ငါကပဲ မင်းကို စပြောခဲ့ရတာ။ အဲဒီတုန်းက မင်းက အဝေးကို မျှော်ကြည့်နေတာ။ တမေ့တမြော ကြီး၊ ဒါပေမဲ့ ဘာမှမမြင်ဘူး လရိပ်ကိုပဲ မြင်နေတာလေ"





ရဲရင့်သည် အဝေးသို့ မျှော်ကြည့်နေ၏။ တမေ့တမြောကြီးပါပဲ။ မျှော်ကြည့်ရာ အဝေးဆုံးမှတ်တွင် မိုးပြာခံ တိမ်လိပ်တွေ ဖွဲ့ဆိုင်းနေသော်လည်း ဘာကိုမှ သူ မမြင်မိ။ မိုးသားကောင်းကင်ပြာတွင် လရိပ်၏ မျက်နှာကိုသာ မြင်နေမိသည်။ ဒီမှာပင် လရိပ် လွမ်းသော မြစ်တစ်စင်း၌ စီးမျောနေသော သူ့အား မျိုးရည်က ပုတ်နှိုးလိုက်သည်။

"ဟေ့ကောင် ရဲရင့်၊ မင်းကွာ တမေ့တမြောကြီး အသက်မှ ရှိသေးရဲ့လား ငါ့ကောင်ရာ"

သူက ဖြတ်ခနဲ သတိဝင်သွားကာ မျိုးရည်ကို ကြည့်သည်။

"ခွေးကောင် သာသနာဖျက်၊ ငါက လရိပ်ကို လွမ်းနေတာကွ။ ဟိုမှာ တိမ်တွေထဲမှာ ကြည့်လိုက် တွေ့လား လရိပ်ရဲ့ မျက်နှာ"

သူ ညွှန်ပြရာ တိမ်ဆိုင်တွေကို မျိုးရည်က ကြည့်လိုက်သည်။

"ငါတော့ မမြင်ပါဘူးကွာ၊ အဲဒါ လရိပ် မဟုတ်ဘူး၊ ကိတ်ဝင်းစလက်ကွ။ ဆိုဖာပေါ်မှာ ငါ့ကို ခဲခြစ်ပုံတူဆွဲခိုင်းမလို့တဲ့၊ ကိုယ်ဟန်ပြပေးနေတာ"

ဒါသည် တိမ်ပန်းချီပါပဲ။ လွတ်လပ်စွာ လွင့်နေသော တိမ်စိုင်အုပ်အုပ်တွေ၊ ကိုယ်မြင်မိသလို ခံစား၍ ရသည်။ ဒီတိမ်စိုင်အလွင့်တွေထဲမှာ ချစ်သူ၏ မျက်နှာလည်း ရှိနေတတ်သည်။ တစ်ပြည်လုံးက ချစ်ခင် လွမ်းဆွတ်ကြသော အမျိုးသား ခေါင်းဆောင်ကြီး၏ တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့်အတူ နှစ်နှစ်ပျော်ပျော်ကြီး ပြုံးရယ်နေသော မျက်နှာလည်း ရှိနေတတ်သည်။ တစ်တိုင်းပြည်လုံးက အော့နှလုံးနာ စက်ဆုပ် ရွံရှာသော ခဲပုပ် ညစ်ယုတ် မျက်နှာကြီးလည်း ရှိနေတတ်သည်။ မှိုင်းရေးကြွယ်သော တိမ်စိုင်လိပ်တွေနှင့် ကောင်းကင်သည် မာယာများလွန်းလှပါလား။

ဝီရိယ သူတို့အနီး ကပ်လာသည်။ သူတို့ ကြည့်သလို တိမ်စိုင်တွေကို လိုက်ကြည့်သည်။ ပြီးတော့ ဗရွတ်ရွတ်တ ဝင်ပြောသည်။

"ရဲရင့် ပြောတာ မှန်တယ် မျိုးရည်ရ။ အဲဒါ ကိတ်ဝင်းစလက် မဟုတ်ဘူး လရိပ်ကွ၊ လရိပ် ငပလီမှာ ရေထဲက တက်လာတာ၊ အဲမှာ ဘောင်းဘီလည်း မပါဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား ဒါမျိုးတော့တတ်တယ်"

ဝိုးရိုယအား မေတ္တာပို့ ကျိန်ဆဲလိုက်ရင်း တိမ်စိုင်တွေကို အကြည့်လွှဲလိုက်သည်။ ရှေ့ဆက်ပြောလာလျှင် ကောင်းနိုင်လိမ့်မည် မဟုတ်တော့၊ ယခုမှ လာရင်းကိစ္စကို မျိုးရည် ဖွင့်ဟသည်။

"ရဲရင့် အခု ငါတို့ မင်းဆီလာတာ မင်းအတွက် ကောင်းခြင်းတစ်ခုကို သယ်လာတာကွ"

"အာ... ဟုတ်တယ်။ မျိုးရည်ပြောတာ ဟုတ်တယ်။ သတင်းကို ငါ သယ်လာတာ။ ဒါပေမဲ့ ငါက ဗမာလို ရေလည်အောင် သိပ်မပြောတတ်လို့"

"ဒါဆိုလည်း ပြောလေ" ဟူသော အဓိပ္ပာယ်နှင့် မေးထိုး သင်္ကေတပြကာ သူက မျိုးရည်ကို ပြောလိုက်သည်။

"ဒီအတိုင်းပြောရတာ အာစီးတယ်။ ခဏနေရင် ညနေစောင်းပြီ။ Angel palace ကို သွားမယ်။ ညပိုင်းဆို လူအရမ်းရှုပ်သွားပြီ။ ညနေစောင်း ဆိုတော့ အိန်ဂျယ်လ်လေးတွေလည်း ရောက်ပြီ။ ရဲရင့် မင်းလည်း လရိပ်ရဲ့ မျက်နှာကို တိမ်တွေထဲမှာ မကြည့်နဲ့။ ဝါရွှေရည်ထဲမှာ အပေါ်ကို ပြေးတက်နေကြတဲ့ ပူဖောင်းသေးသေးလေးတွေနဲ့ Tiger ထဲမှာ တစ်ဝ ကြီး ကြည့်တော့။ 'ဒွန်' တော့ အလုံအလောက်ထည့်ခဲ့"

'ဒွန်' ဆိုတာ ကိုရီးယားလို 'ငွေ' ကို ပြောတာပါ။ သူငယ်ချင်းတွေ စိတ်အပန်းဖြေဖို့ အားလုံး လိုက်လျောနိုင်သော်လည်း ရွေးချယ်ထားသော ဆိုင်ကိုတော့ ဘဝင်မကျမိ။

"တခြားဆိုင်ကို သွားရအောင်ကွာ၊ Angel palace က စင်တင် ကောင်မလေးတွေ အလန်းလွန်တဲ့ဆိုင် ဖြစ်နေတယ်ကွ"

"အဲဒီကိုပဲ သွားမှဖြစ်မှာ ရဲရင့်ရ။ စင်တင် ဆိုပေမယ့် Angel palace က ရှုပ်ရှုပ်ယှက်ယှက် မရှိပါဘူးဟ ဆိုတဲ့ ကောင်မလေးတွေကလည်း လုံလုံခြုံခြုံပါပဲ။ လာစားတဲ့သူတွေကလည်း gentle man တွေချည်းပါ ရဲရင့်ရာ"





'ဟူး' ခနဲ သူ သက်ပြင်းချသည်။ နောက်တစ်ချက် ပြုံးလိုက်သည်။

"အဲဒီ gentle man တွေထဲမှာ ငါ့အဖေ ရှိနေမှာ စိုးလို့ဟ။ မင်းတို့က ငါ့ဒုက္ခကိုမှ မသိကြတာလေ"

မပူပါနဲ့။ မင်းအဖေ အဲဒီဆိုင် မလာပါဘူး ဟု ဘယ်သူမှ အာမ မခံရဲကြ။ အဖေ့သိက္ခာကို အဲလောက် ယုံကြည်ကြသည်။ ဘာပဲဖြစ်ဖြစ် သူတို့ အဲဒီဆိုင်ကိုပဲ သွားဖြစ်ကြပါသည်။

ဘုရားသိကြား မ လို့ အဲဒီဆိုင်ကို အဖေ မလာပါစေနဲ့ဗျာ။

ဤသည်မှာ ရဲရင့်၏ ဆုတောင်း ဖြစ်ပါသည်။

• • •

မိဘအပေါ်၌ သိတတ်သော သားလိမ္မာဖြစ်၍လား မသိ။ သူ့ ဆုတောင်းက ပြည့်ရှာသည်။ ဆိုင်ထဲကို အဝင်လိုက်မှာပင် စားသောက်ဝိုင်းလေး တစ်ခုမှာ အတွဲတစ်တွဲ ထိုင်၍ စားသောက်နေသည်ကိုသာ တွေ့ရသည်။ အနည်းငယ် အရွယ်ကွာသော သူဌေး လင်မယားပဲ ဖြစ်မည်။ သီချင်းဆိုသော ကောင်မလေး နှစ်ယောက်က အမျိုးသား၏ နံဘေးသို့ လာရပ်ကာ မဝံ့မရဲနှင့် လေးလေးစားစား လာရောက် နှုတ်ဆက်သည်။ နောက် အမျိုးသမီးကို နှုတ်ဆက်သည်။ အမျိုးသမီးက ဣန္ဒြေကြီးသည်။ ယဲ့ယဲ့လေးပဲ တစ်ချက်ပြုံးကာ မျက်လွှာချလျက် သူမ ရှေ့မှာရှိသည့် လည်တံ သေးသွယ်သော အပျိုမလေးပုံစံ ဝိုင်ဖန်ခွက်လေးအား တစ်ကြိုက် စုပ်ယူလိုက်သည်။ တစ်ဖက်သို့ အသာအလှည့်မှာ သူမ ပန်ထားသော စိန်နားကပ်လေးက 'ဖျတ်' ခနဲ ဖိတ်လက်သွားသည်။ ဘဏ်မှာ ဝန်ထမ်းဖြစ်သော ဒီအမျိုးသမီး၏ အလုပ်နှင့် ဒီ စိန်နားကပ်ကတော့ နည်းနည်းလေး ဟနေသည်။ ဘာပဲဖြစ်ဖြစ် မြင်သူတိုင်း အားကျ လေးမောရသည့် လိုက်ဖက် တင့်တယ်လှသော သူဌေးလင်မယား ဆိုသည်ကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါ။

www.burmeseclassic.com



မှာထားသော အစားအစာတွေက ဖွယ်ဖွယ်ရာရာ၊ ဒီဆိုင်က ဘဲကြွပ်ကြော်က နာမည်ကြီးသည်။ ဖွင့်လျက်သား တိုက်ဂါးသံဗူးများ၊ ဝါရွှေရည် အကြည်ပေါက်နှင့် တိုက်ဂါး ဘီယာဖန်ခွက်များ တစ်ခု တစ်စမျှ အရာမယွင်းသေး။ နှုတ်သွက် လျှာသွက် သူငယ်ချင်း နှစ်ကောင်လည်း အသိုက်အနီးမှာ ကြောင်ရောက်လာသော ကြွက်နှစ်ကောင်လို နှုတ်ဆိတ်တိတ်ဆိတ်။

ရဲရင့်၏ အကြည့်ခိုးက သူ့ဌေးစုံတွဲရှိရာသို့ မသိမသာ ဝေ့ဝဲ ရောက်ရှိသွားပြန်သည်။ တကယ့်ကို လိုက်ဖက်လှတဲ့ စုံတွဲပါပဲ။ ရဲရင့်သည် မာန်ဝင့်ထည်လျက် ကျော့ရှင်း လှပနေသော ဒီအမျိုးသမီး၏နေရာတွင် အမေ ဒေါ်မြခက်အား အစားထိုးလျက် မြင်ယောင်ကြည့်မိလိုက်သည်။

အမေသည် ထည်ထည်ဝါဝါ မနေတတ်ရသည့်အထဲမှာ သူ့မိခင်နှင့် ကလေး စောင့်ရှောက်ရေး ယူနီဖောင်းကြီးဖြစ်သည့် ပိတောက်ဝါ အင်္ကျီလက်ရှည်၊ လိမ္မော်ဝါ မှိုင်းမှိုင်း လုံချည်ကြီးပေါ်မှာ ခဏခဏ အအေးပတ်တတ်သောကြောင့် လည်ကတုံး အုန်းခွံရောင် ပုံအအ အနွေးထည်ကြီး အမြဲ ထပ်ဝတ်ထားတတ်သည်။ နဂိုက ဖြူဖွေးသော အသားအရေသည် လင်ပူ မယားပူ ကိစ္စ၊ ဗိုက်တစ်လုံးနှင့် ထားပစ်ခဲ့သော ပြဿနာ၊ မိန်းမနှင့် ကလေးတွေကို မေ့မြောအောင် မူးယစ် ရိုက်နှက်သော ပြဿနာ ဒီပရော်ဘလမ် (problem) တွေ အားလုံးကို မိန်းကလေးတွေ ရှေ့မှ အာဇာနည်မကြီးလို မမောနိုင် မပန်းနိုင်၊ နေပူ မိုးရွာမရှောင် တိုက်ပွဲဝင်ခဲ့သည့် အပူသည် ခေါင်းဆောင်မကြီးဆိုတော့ အသားအရေလည်း နေလောင် မွဲခြောက်၊ လူလည်း မွဲခြောက်၊ ပိန်ကျ တင်းရင်းလှပခဲ့သည့် နေရာတွေက ဘာမှမကျန်ရစ်။ ကြွက်ပျောက် ငှက်ပျောက်။ အိမ်ပြန်ရောက်တော့လည်း ပန်းနာချောင်းလေးက တဟွတ်ဟွတ်။

ဒီအမျိုးသမီး၏ နေရာမှာ အမေ ဒေါ်မြခက်အား အစားထိုးကာ ထိုင်ခိုင်းကြည့်လိုက်ပါ။ မြို့မှ လူရည်တတ် သူဌေးကလေးက နယ်မှ





သေခါနီး အစ်မကြီးအား မသေခင် စားကောင်း သောက်ဖွယ်လေးတွေ လိုက်ကျွေးရှာသော ထမင်းဝိုင်းလေး ဟူသာ ထင်ကြမည်မှာ သေချာပါသည်။ ဒီအတွေးကြောင့် သဘောကျကာ 'ဟက်'ခနဲ အသံထွက် ရယ်မိလိုက်သည်။

အဖေ၏ ပါးနပ်သော မျက်လုံးတွေကလည်း သူ့အရယ်ကို ဖမ်းမိလိုက်သည်။ အဖေ့ နှုတ်ခမ်းတွေလည်း ပြုံးသွားသည်။ ပြီးတော့ အဖေ ရယ်သည်။ ရယ်ရင်းနှင့် အဖေက ကောင်တာကို အသာလေး လက်ထောင်ပြလိုက်သည်။ ဆိုင်မန်နေဂျာက ဘေလ်စာရွက်လေးကို ယူကာ အဖေရှိရာသို့ ယို့ယို့လေး ထွက်သွား၏။ အဖေတို့ ဝိုင်းကို သူ မကြည့်တော့။ သူ မျက်နှာလွှဲလိုက်သည်။

မြသွေးထက် ဟူသော အဖေ့ စမောလေးက တည်တည်ငြိမ်ငြိမ်နှင့် အရင်ထွက်နှင့်သည်။ အဖေက နောက်က အသာလှမ်းသည်။ သူတို့ဝိုင်းရှေ့မှာ အဖေ ခဏလေး ရပ်သည်။ လက်ထဲမှာ အသင့်ကိုင်လာသော တစ်သိန်းအုပ်လေးကို အဖေက သူ့ရှေ့မှာ ချပေးသည်။ အဖေ့မျက်နှာက ဘာမှမဖြစ်သည့်ဟန်၊ နေမြဲတိုင်း ပုံစံ။ ပြီးတော့ သူ့ကို ပြောသည်။

"ခြောက်နာရီခွဲထက်တော့ နောက်မကျဘဲ အိမ်ကို အရောက်ပြန်ခဲ့ဗျ။ ငါးရံ့ခြောက်ဖုတ်၊ ကုလားပဲဟင်းချို၊ မရမ်းသီးထောင်းနဲ့ ငရုတ်သီးကြော်တဲ့။ မင်းအမေ ချက်ပြုတ်ထားတာလေး အဲဒီအတွက်လည်း အစာ အိမ်မှာ နံတစ်ကန့်စာ ချန်ထားဦး"

ပြောအပြီးမှာ အဖေသည် ဆိုင်ထဲမှ လှမ်းထွက်သွား၏။ အဖေက အဲလိုပါပဲ။ အဖေသည် အပြင်မှာ အစားကောင်း အသောက်ကောင်းတွေ ဘယ်လောက်ပဲ စားခဲ့ စားခဲ့ ညနေပိုင်းမှာ ခြောက်နာရီခွဲ အိမ်အရောက်ပြန်ကာ အိမ်ထမင်းဟင်းကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တာဝန်မပျက် စားတတ်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ၏ ညစာတိုင်းမှာ အမေ့အတွက် နံ့တစ်ကန့်စာ အမြဲ ချန်ထားပါသည်။

ဟဲ... ဘယ့်နှယ့်လဲ ကိုယ့်ဆရာ။

● ● ●

"ဟင်... လ... လရိပ်"

စားပွဲခင်းအား အကြောင်းမဲ့ ငေးစိုက်ကြည့်နေမိရင်း အတွေးကျွံနေမိသည်က အချိန်မည်မျှ ကြာသွားခဲ့သည်မသိ။ မျက်စိရှေ့မှာ အဖြူရောင် ပုံရိပ်တစ်ခု ရှိနေသည်ကို ယခုမှ သတိပြုလိုက်မိသည်။ မော့ကြည့်လိုက်တော့ သူ လုံးဝ မျှော်လင့်မထားသော ထင်မှတ်မထားသော ချစ်သူကို မြင်တွေ့လိုက်သည်။ ရုတ်တရက်ကြီး 'ဘွား' ခနဲ မြင်လိုက်ရသည့်အတွက် နှလုံးအိမ်သည် 'ဒိန်း' ခနဲ ခုန်လိုက် ကြွတက်ကာ သူ့ကိုယ်ကြီးလည်း 'ဆတ်' ခနဲ တုန်သွားသည်။

"လရိပ်... လရိပ်... နင်... နင်"

"ရဲရင့် ဆိုပြီး မရဲရင့်ပါလား။ ငါ့ကို မြင်လိုက်တာများ သရဲသဘက်မြင်တာကျနေတာပဲ။ လန့်ပြီး တုန်သွားရတယ်လို့၊ လရိပ်တို့တော့ အားကိုးရပြီဟေ့"

လရိပ်က သူ့မျက်နှာကို မျက်တောင်မခတ် ရွှန်းရွှန်းစားစား ကြည့်လျက် ရယ်နေသည်။ သူ၏ သတ္တိကောင်းပုံကို သိသော ဝီရိယက ရဲရင့်အား ကောင်းချီးပေးသည်။

"ကဲ... အခု လက်တွေ့ နင် မြင်လိုက်ရပြီ မဟုတ်လား လရိပ်။ ရဲရင့်တဲ့ကွ။ သတ္တိမှာတော့ ဗန္ဓုလသွေးအပြည့်၊ နှယ်နှယ်ရရမှတ်လို့ သူ့အဖေက ဗန္ဓုလ လျက်ဆားရောင်းတာ"

ပြောပါစေ ကြိုက်သလောက် ပြော။ ခုချိန်မှာ သူ့ရင်၌ ပျော်ရွှင်ခြင်း လှိုင်းလုံးတွေ တလှိုက်လှိုက် လိမ့်တက်နေသည့်အချိန်။ ခွေးမသား





အောင်။ ဒါသည် ဒီနှစ်ကောင် သိလျက်နှင့် တမင်ဆင်ထားသော သွေးဆဲမှု ဖြစ်လိမ့်မည်။

"ဝမ်းသာလိုက်တာ လရိပ်ရယ်၊ လာလေ ထိုင်... လရိပ်၊ ဘာစားမလဲ"

သူက လရိပ်အား ထိုင်စေရန် လရိပ်၏ လက်ကို ဆွဲကိုင်လိုက်သည်။ လရိပ် မျက်နှာ တစ်ချက်ညို့သွားသည်။ လက်ကို ပါးနပ်စွာ ယ်ရုန်းထွက်သွား၏။ ပြီးတော့ လရိပ် မထိုင်ပါ။ သူ့ကို ကြည့်နေသော လရိပ်၏ မျက်ဝန်းတွေထဲမှာ တောင်းပန် တိုးလျှိုးရိပ်ခြည်တွေကို နှလုံးသားနှင့် မြင်မိလိုက်သည်။ ရင်မှာ နွမ်းသွားမိလေသည်။ လရိပ်သည် သူ့အား တိုးသက်စွာ တောင်းပန်၏။

"ငါ ဒီမှာ သီချင်းဆိုနေတာ၊ ငါတို့တွေက စင်အောက် စားသောက်ဝိုင်းတွေဆီ လာခွင့်လည်း မရှိဘူး။ ထိုင်ခွင့်လည်း မရှိဘူး။ ဧည့်သည်နဲ့ စကားပြောခွင့်လည်း မရှိဘူး။ အခုတောင်မှ အလုပ်ချိန် မရောက်သေးလို့ ခဏလေး စကားပြောခွင့်ရတာ"

ရဲရင့် သက်ပြင်းချသည်။ စိတ်မကောင်းပါ၊ ချစ်သူကို ကြည့်လျက် သူ့ရင်မှာ နင့်သက် နာကျင်လာလေသည်။

"နင့်ကို ပြန်တွေ့ရတာ ဝမ်းလည်းသာတယ်၊ ဝမ်းလည်း နည်းတယ်၊ ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်ပြီး စင်တင်မှာ သီချင်းဆိုတဲ့ နင့်ကို ငါ ဘယ်လို နားလည်ရမှန်းတောင် မသိတော့ပါဘူးဟာ။ ဖြစ်နိုင်ရင်တော့ ဒီအလုပ်ကို မလုပ်ပါနဲ့တော့ဟာ။ ငါတို့ လက်ထပ်ကြရအောင်လေ။ ငါ့လုပ်အားနဲ့ နင့်ကို မျက်နှာမငယ်ရအောင် ထားနိုင်နေပါပြီ လရိပ်ရယ်"

သူ့စကားကြောင့် လရိပ်၏ မျက်ဝန်းထဲမှာ မိုးသက်ငွေ့ရိပ်တွေ ဝေသီ ဝန်းခလာသည်။ သူမ ပြုမူနေကျပုံစံအတိုင်း ခေါင်းကလေးတို တစ်ချက်ခါလိုက်ပြီး အားတင်းသည်။

"နင့်ဆီက အဲဒီစကားကြားရတာ ကျေးဇူးပါ ရဲရင့်ရယ်။ အချိန်အသေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ သည်းခံပေးပါ။ ငါ့ရဲ့ ချွေးနဲ့စာနဲ့ပဲ အမေ့ကို ဆေးကုပေးချင်လို့ပါ။ ငါ့ကို သည်းခံပြီး စောင့်ပေးပါ။ စားပြီးရင်လည်း ပြန်တော့ဟာ နော်။ နောက်ကိုလည်း ဒီဆိုင်ကို မလာပါနဲ့တော့။ ငါ့ရဲ့ အလုပ်ခွင်ကို နင့်ကို မမြင်စေချင်လို့ပါ။ ငါ့ကြောင့် နင့်မှာ နာကျင် ခံစားရမှာကို မလိုလားလို့ပါ ရဲရင့်ရယ်"

လရိပ်က အသင့်ယူလာသော စာရွက်ပိုင်းလေးအား လှစ်ခနဲ ထုတ်ကာ သူ့ကို ပေးလိုက်သည်။

"ဒါ ငါနေတဲ့ လိပ်စာပါ။ ဒီဆိုင်က အစ်မ တစ်ယောက် ငှားထားတဲ့ တိုက်ခန်းမှာ လောလောဆယ် ဝင်ကစွတ် တစ်ကောင်လို ခဏခိုနေတာလေ။ နင် ရောက်လာတဲ့အခါမှာ နင့်ကို ငါ့ချစ်သူလို့ ပြောပြီး မိတ်ဆက်ပေးမယ်။ ကဲ... ငါ သွားတော့မယ်ဟာ"

နှုတ်မဆက်ပါနဲ့၊ လက်မပြပါနဲ့၊ တို့နှစ်ယောက်ရဲ့ နှလုံးသားနှစ်ခုဟာ တစ်ထပ်တည်း ပူးကပ် ချည်တုပ်ထားတဲ့ နှလုံးသားတစ်ခု ဖြစ်နေလို့ပါပဲ။

● ● ●

"လင်းတာနဲ့ မျက်စိနှစ်လုံးဖွင့်တာနဲ့ ရောက်လာပြီး အတူ လက်ဖက်ရည် သောက်ထွက်ကြ၊ ပြန်လာတော့လည်း လရိပ် LCCI သင်တန်း တက်တာ လိုက်ပို့၊ နောက်ပြန်ကြို၊ နေ့ခင်းကျ အတူ ထမင်းစားထွက်ကြ ကြာတော့ မျက်စိကို နောက်လို့။ အဲလောက် မခွဲနိုင် မခွာရက် ဖြစ်နေကြရင်လည်း ယူလိုက်ကြပါတော့လား ရဲရင့်ရယ်"

လရိပ် မှီခိုရာ ကျောက်မြောင်း တိုက်ခန်းမှ မသရဖီက ပြုံးရယ်လျက် သူ့ကို အငေါ့ချိတ်စကားဆိုသည်။ လရိပ် မျက်နှာက ပြုံးထေ့ထေ့။

"ကျွန်တော်က Every time ပါပဲ။ အချိန်မရွေး လက်ထပ်နိုင်တယ်လို့ စစ်မျက်နှာဖွင့်ပြီးသား။ လရိပ်ကသာ အချိန်ဈေးဆစ်နေတာလေ"

လရိပ်က သူ့ကို ခဏဆိုပြီး ထားခဲ့ကာ သီတာလမ်းထိပ်က စတိုး





ဆိုင်ကို ထွက်သွားသည်။ သူက သရဖီ၏ ဧည့်ခန်းစားပွဲပေါ်မှ Idea မဂ္ဂဇင်း စာအုပ်ကို လှန်လှော ကြည့်ရှုရင်း စောင့်နေလိုက်သည်။ လရိပ် ရောက်ချိန် ဖြစ်သည့်အတွက် လရိပ်အကြောင်းကို တီးတိုးပြောဖို့ အစ်မ သရဖီ တစ်ယောက် အခွင့်ရသွားသည်။

"အစ်မ မင်းကို လရိပ်နဲ့ ပတ်သက်လို့ သတိထားဖို့ ပြောသင့် မပြောသင့် ချင့်ချိန်နေရတယ်"

"ပြောရမှာပေါ့ အစ်မရယ်၊ ပြောမှပဲ သိရမှာလေ။ ကျွန်တော့်ကို အားမနာပါနဲ့ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"ပြောရရင်တော့ လရိပ် ဘဝက သနားဖို့ကောင်းပါတယ်။ သူ ရသမျှ ရောဂါသည် အမေ့ဆီ ပို့ပေးနေရတယ်။ သူ့အမေက ကျောက်ကပ်မကောင်း တာလေ။ ကျောက်ကပ်ဆေးရတဲ့ ရက်က အခုဆို ရက်စိပ်လာခဲ့ပြီ။ မရနိုင်တော့မှန်း သိပေမယ့် တစ်ရက်ပဲ ပိုနေရ နေရ အမေ့အသက်ကို ရသလောက် ဆွဲဆန့်မယ်ဆိုပြီး သူ့ခမျာ ကြိုးစားနေရတာလေ"

"ကျွန်တော် အဲဒီကိစ္စ ကူညီပါရစေဆိုပြီး အနူးအညွတ် တောင်းပန်ခဲ့ပါတယ်။ လရိပ်က ခေါင်းမာလွန်းတယ်ဗျာ။ ဘယ်လိုမှ ကျွန်တော့်စကားက နားမတိုးခဲ့ပါဘူး အစ်မ"

အစ်မ သရဖီ ပြုံးသည်။ ပြီးတော့ စကားဆက်သည်။

"သူ့နေရာက မင်း ဝင်ကြည့်လိုက်လေ။ မင်းသာ လရိပ်နေရာမှာဆိုရင် အမေ့အတွက် ဆေးဖိုး ကုသစရိတ်ကို ချစ်သူကောင်လေးဆီက [illegible]တ်ခံမှာတဲ့လား။ မိန်းကလေး တစ်ယောက်ရဲ့ နှလုံးသားမှာ သိမာနဲ့ သူတော့ ရှိကြတာချည်းပါပဲကွာ"

နောက်ဆက်တွဲစကားကို ဖွင့်ဟဖို့ အစ်မ သရဖီ အတော်စဉ်းစားချိန်ဆနေဟန် ရှိပါသည်။ စကားဆက်ဖို့ သံဝေဂ စကားနှင့် နိဒါန်းပျိုးသည်။

"ဘယ်လောက်ပဲ ကောင်းအောင်နေနေ၊ ဘယ်လောက်ပဲ မာနထား



www.burmeseclassic.com

www.burmeseclassic.com



သား တစ်ချိန် တစ်ကွေ့မှာတော့ ငွေအောက်ကို ပြားပြားမှောက် အရှုံး ပေးလိုက်ရရှာတဲ့ မိန်းကလေးတွေ အစ်မတို့ လောကမှာ အများကြီး တွေ့ ခဲ့ရတယ်”

သူ့ခေါင်းထဲတွင် ရှေ့သို့ တွက်ဆ မျှော်ကြည့်မှုနှင့် ပူပန် သောက တွေက လုံးထွေး ချာလည်လိုက်လာသည်။

“အစ်မ အခု လရိပ် ဘာဖြစ်လို့လဲ။ သူ ဘာဖြစ်နေလို့လဲ အစ်မ”

အစ်မ သရဖီ သက်ပြင်းချပြန်သည်။ ကောင်းမွန်သော သတင်းစကား မဟုတ်သည်ကိုတော့ သူ တွက်ဆမိလိုက်သည်။ ရင်ဘတ်ကြီးထဲမှ နှလုံး အိမ်သည် ပန်ထွာဘုရင်မ၏ မိုးခေါ်စည်ကြီး တီးရိုက်သလို တဒိန်းဒိန်း ရင်ကို ရိုက်ပုတ်လာ၏။ မကြာမီ လေကြီး မိုးကြီး ကျတော့မည်။

“လုပ်ဖော်ကိုင်ဖက်တွေကတော့ လရိပ်ကို ကံကောင်းလိုက်တာလို့ ပြောကြပေမယ့် အစ်မကတော့ လရိပ်ကို နှမြောတယ်။ လရိပ် အခု ဘော့စ် တစ်ယောက်ကို အချိန်တိုအတွင်းမှာ မိမိရရကြီး ဖမ်းကိုင်လိုက်မိပြီ။ လုံးဝ ဂဏန်းငြိမ်သွားပြီလေ”

“ဆိုင်ကို သူ ရောက်တာ လေးလပဲ ရှိသေးတယ်။ အဲဒီ ဘော့စ် ကလည်း လရိပ်ဆိုရင် ကျသလား မမေးနဲ့။ လုံးဝ ကြွေနေတာ။ အခု လရိပ် ဒီမှာ မနေတော့တာ မင်း မသိဘူး မဟုတ်လား ငါ့မောင်ရဲ့”

သူသည် အစ်မ သရဖီ၏ မျက်နှာအား အချိုသတ်လျက် ကြည့် လိုက်မိသည်။

“အစ်မ. . . အခု အစ်မ ပြောနေတာတွေက တကယ် မဟုတ်ဘူး မဟုတ် လား။ အစ်မ စ နေတာ မဟုတ်လား။ ကျွန်တော့် ရင်ထဲမှာ ပူ နေပြီဗျ။ အစ်မ ကျွန်တော့်ကို စ နေတာ မဟုတ်လား အစ်မ”

သူ့ကို တည်တည်ကြီး ကြည့်နေသော အစ်မ သရဖီ၏ မျက်ဝန်း တွေထဲမှာ ကရုဏာ အငွေ့အသက်တွေကို မြင်လိုက်ရသည်။ သူ ခေါင်း နားပန်းကြီးကာ တုန်လှုပ် ချောက်ချားသွားသည်။





“ဒီလိုကိစ္စကြီးကို ငါက စ ရက်ပါ့မလား ရဲရင့်ရယ်။ လရိပ်က ဆိုင် ကိုလည်း မဆင်းတော့ဘူး။ သူ့ ဘော့စ်က မဆင်းခိုင်းတာလေ။ မင်းကို ချစ်ရှာလို့သာ မနက် မနက်မှာ သူ ရောက်လာတာ။ အဘိုးကြီးက အရမ်း လျှံတယ်တဲ့။ အစ်မတို့လို တစ်ယောက်ကပဲ ချိတ်ပေးလိုက်တာ။ တာမွေ မှာ တိုက်တစ်လုံး ကားတစ်စီး အသုံးအဆောင် အပြည့်အစုံနဲ့ အခိုင်းအစေ နဲ့ ဖုန်းနဲ့ လိုအပ်တာ မရှိအောင် ချကျွေးထားတာလေ။ ဒီကနေ့ ညနေ ငါးနာရီဆို ပြန်တယ်။ အဘိုးကြီးနဲ့ အတူနေကြတယ်။ အခုလည်း မင်း ကို ခဏထားခဲ့ပြီး စတိုးဆိုင်သွားသလိုနဲ့ သူ့အစ်ကိုကြီးဆီ ဖုန်းထွက် ဆက်တာ။ လရိပ်ရဲ့ အိတ်ထဲမှာ ဟန်းဖုန်းရှိတယ်။ Silent လုပ်ထားတယ်။ Vibration - on ထားတယ်”

“ဘယ်သူလဲ။ အဲဒီ အဘိုးကြီးက ဘယ်သူတဲ့လဲ အစ်မ”

“အဲဒါ အစ်မလည်း မသိဘူး ရဲရင့်၊ လရိပ်ကိုလည်း သနားလို့ အစ်မ မေးမကြည့်ဘူး။ ကုမ္ပဏီဆိုလား ရုပ်ရှင်ထုတ်လုပ်ရေး ဆိုလားပဲ။ သိတဲ့ အတိုင်းပဲလေ။ ဒီလောကမှာ ဘော့စ်တွေက သူတို့အကြောင်းကို ဘယ် သူန်းကများ အမှန်ပြောတတ်ကြလို့လဲ”

“ဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ။ ကျွန်တော် ခေါင်းမီး တောက်နေပါပြီ အစ်မရယ်”

အစ်မ သရဖီ သက်ပြင်းချပြန်ပြီ။ မသရဖီလည်း ဝေခွဲရခက်နေပြီ ဖြစ်သည်။

“အစ်မလည်း ဘာပြောရမှန်း မသိတော့ပါဘူး ရဲရင့်ရယ်။ ကိုယ့် ကိစ္စကို ကိုယ်သာ အသိဆုံးပါကွာ။ သေချာလေး စဉ်းစားပြီးမှ ဆုံးဖြတ် ပေါ့။ ဝုန်းဝုန်းဒိုင်းဒိုင်းတော့ မလုပ်နဲ့။ အချစ်နဲ့ ပတ်သက်လို့ ဝုန်းဒိုင်းကျဲ ကိုတ်ရင် လမ်းကြောင်းက ဆန့်ကျင်သွားတတ်တယ်။ ခေါင်းအေးအေး ထားပြီး ဆုံးဖြတ်”

ဘာမှ စကားမဆက်မိကြဘဲ နှုတ်ဆိတ်သွားကြပြန်သည်။ ဒီမှာပင် သရဖီ၏ ခေါင်းထဲမှာ တစ်စုံတစ်ရာကို သတိရမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တာမွေ့က လိပ်စာ မင်းကို အစ်မ ပေးလိုက်မယ်။ လရိပ်ရဲ့ တိုက်နဲ့ မျက်နှာချင်းဆိုင်မှာ လက်ဖက်ရည်ဆိုင်လေး ရှိတယ်။ စိတ်လိုက်မာန်ပါတော့ မလုပ်မိစေနဲ့။ နာရီကို ကြည့်လိုက်၊ ညနေ (၅) နာရီမှာ သူနဲ့ သူ့အစ်ကိုကြီး အသည်းပေါက်ကြီး အပြင်ထွက် ထမင်းစားနေကျ"

• • •

လိပ်စာကို အစ်မ သရဖီထံမှ ရခဲ့သည်။ လရိပ်၏ တိုက်နှင့် မျက်နှာချင်းဆိုင်မှာ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင် ရှိသည်။ လက်ဖက်ရည်ဆိုင်လေးထဲမှာ သူနှင့် မျိုးရည်တို့ နေရာယူပြီးပြီ ဖြစ်သည်။ ခေါင်းပေါ်မှာ ဦးထုပ်ကိုယ်စီ ဝိုက်ဝိုက်ဆောင်းထားကြသည်။ မျက်လုံးတွေက လရိပ်၏ တိုက်ကြီးကို မမှိတ်မသုန် လမ်းကြောင်းဖြောင့်စွာ တည့်တည့်ကြီး စိုက်ကြည့်နေကြသည်။ ကိုယ်စီ အသက်ရှူသံက ပြင်းလာသည်။

ရဲရင့်က လက်မှ နာရီကို ကြည့်လိုက်သည်။

အချိန်က ညနေ (၅) နာရီထိုးပြီး (၈) မိနစ်စွန်းနေပြီ။ တိုက်ကြီးဆီသို့ စူးနစ်အကြည့် မြှားနှစ်စင်း ငြိမ်သက်စွာ ချိန်ထားကြသည်။ ရင်ခုန်သံက ပိုပြင်းလာသည်။ အစ်မ သရဖီများ သတင်းပေးမှားခြင်းလေလား မသိ။

ဒီအခိုက်မှာပင် လရိပ် ပိုင်ဆိုင်ရာ တိုက်ကြီး၏ ခြံတံခါးကြီး ပွင့်သွားသည်။ ခြံစောင့်ကြီးက ဝင်းတံခါးကို ဖွင့်ကာ တိုက်ထဲမှ ထွက်လာသူ အိမ်ကြီးရှင်တွေကို ဦးညွှတ်လျက် လေးစားသမှု ပြုသည်။ တိုက်ထဲမှ အရွယ်ကွာသူ အိမ်ကြီးရှင် နှစ်ဦး ထွက်လာသည်။ ပီသ ရှင်းကြည်သော အကွာအဝေး၊ မြင်လိုက်ရသော မြင်ကွင်းကြောင့် ရဲရင့်၏ လက်မှ ရေနွေးကြမ်း ပန်းကန်ခွက်လေး အောက်သို့ ပြုတ်ကျသွား၏။ 'ခွမ်း' ခနဲပါပဲ။ ပန်းကန်လုံးလေး တစ်စစီ လွင့်ဖြာ ပြန့်ကျဲသွားသည်။ တစ်ချိန်တည်းမှာပင် သူ့ နှလုံးအိမ်သည်လည်း ဒီပန်းကန်လုံးလေးလို တစ်စစီ ကွဲအက်ကြေမွ ပြန့်ကျဲသွားပါလေတော့သည်။ ရပ်ရှစ်ခွင်မှ မိုးကြိုးကြီးရှစ်စင်း ငယ်ထိပ်





တည့်တည့်သို့ တစ်ပြိုင်တည်း ပစ်ချလိုက်ပြီ ထင်၏။ မြင်လိုက်ရသော မြင်ကွင်းကြောင့် ခေါင်းနားပန်းကြီးကာ တုန်လှုပ် ချောက်ချားသွားသည်။ သူ ဘယ်လိုမှ မထင်မှတ်ထားသော မြင်ကွင်း။

ဦးရည်မွန် ဆိုသည့် အဖေသည် လရိပ်၏ ပခုံးအား တင်းတင်းဖက်လျက် ခြံတံခါးဝမှ ပြုံးပျော်စွာ ထွက်လာသည်ကို တွေ့လိုက်ရပါလေတော့သည်။

• • •

"Sorry ကွာ၊ ငါ နောက်ကျသွားတယ်။ မင်းတို့ပြောလို့သာ သိရတာ ငါ မမြင်လိုက်ရတော့ လက်ခံဖို့တောင် ခပ်ခက်ခက်ပဲ"

ဝီရိယက နာမည်နှင့် လိုက်အောင်ပင် ဘာကိစ္စမှာပဲဖြစ်ဖြစ် အမြဲနောက်ကျနေတတ်သည်။ ယခုလည်း အဖေနှင့် လရိပ်တို့ ထမင်းစားထွက်သွားပြီး မိနစ်နှစ်ဆယ်ခန့်ကြာမှ လက်ဖက်ရည်ဆိုင်သို့ ရောက်လာသည်။ မျိုးရည်က အတန်ကြာ စဉ်းစားနေရာမှ စကားစသည်။

"အစ်မ သရဖီ သတင်းပေးတာ နည်းနည်းလေး နောက်ကျသွားတယ်။ အခုကျ အခြေအနေက လွန်သွားပြီ။ မိန်းမတွေ ပေါပါတယ် ငရဲရာ။ မင်းနေရာမှာ ငါသာဆို လရိပ်ကို မြန်မာနိုင်ငံရဲ့ လူဦးရေစာရင်းထဲက ထုတ်ပစ်လိုက်ပြီ သူငယ်ချင်း"

မျိုးရည်၏ အဆိုပြုချက်ကို ရဲရင့်သည် လက်ခံချင်ပုံ မရ။ ချက်ချင်းပင် ခေါင်းကို ယမ်းခါသည်။ သူ့ပုံစံကို ကြည့်ကာ ဝီရိယက နှစ်သိမ့်သည်။

"နေဦး မျိုးရည်၊ အဓိကက ငရဲရဲ့ စိတ်ပဲ။ ငရဲက လရိပ်ကို ဘဝကြီးတစ်ခုလို သတ်မှတ်ထားတာ။ အဲဒါကို မင်းက ထုတ်ပစ်ခိုင်းလိုက်ရင် ငရဲရဲ့ ဘဝကြီးဟာ ဗလာကြီးဖြစ်သွားမယ်ကွ။ တိုက်တိုက်ဆိုင်ဆိုင်ကွာ လရိပ်ကလည်း အန်ကယ် ဦးရည်မွန်နဲ့မှ သွားငြိရတယ်လို့ကွာ"

"အဲဒါ မဆန်းပါဘူး ဝီရိယရာ၊ လရိပ်ကိုက အဖေ ကျင်လည်တဲ့ဆိုင်မှာ သွားလုပ်မိတာလေ။ လရိပ်လို မိန်းကလေးကို အဖေက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အလွတ်ပေးပါ့မလဲ။ လရိပ်ကို ငါ နားလည်တယ်။ လရိပ်ကို ငါ သနားတယ်။ ငါ ချစ်တယ်။ အခုလို ဖြစ်သွားရတာဟာ သူ ချမ်းချမ်းသာသာနေချင်လို့ မဟုတ်ဘူး၊ သူ့အမေရဲ့ ဆေးကုသမှု စရိတ်အတွက် သူ့ဘဝရဲ့... သူ တန်ဖိုးထားခဲ့တဲ့... နောက်... သူ့နှလုံးသား သူ့အချစ်အဲဒါတွေ... အဲဒါတွေ အားလုံးကို စတေးခဲ့ရှာတာ။ ပြီးတော့..."

ရဲရင့် စကားမဆက်နိုင်တော့။ ပြောရန်စကားတွေက လည်ချောင်းဝမှာ တစ်ဆို့ တင်းခံနေသည်။ ရင်တစ်ခုလုံးလည်း ဆို့နင့် ကြေမွနေပါပြီ။

"ဟိုမှာကြည့်လိုက် ဝီရိယ၊ လရိပ်တို့ ပြန်လာကြပြီ တွေ့လား"

မျိုးရည် ညွှန်ပြသဖြင့် ဝီရိယက လှမ်းကြည့်လိုက်သည်။ ရဲရင့် မဆိုထားနှင့် ဝီရိယပင် မြင်ရသည်မှာ ရင်ဆို့သွားသည်။ လရိပ်သည် ဦးရည်မွန်၏ လက်မောင်းကို အားကိုးစွာ ဖက်တွယ်လျက် ပြန်လာကြသည့် မြင်ကွင်းကို ရင်နာစွာ တွေ့လိုက်ရသည်။

"တွေ့လား ဝီရိယ၊ လရိပ်ရဲ့ လက်ထဲမှာ Orange က အိတ်လေးလုံးဆွဲလာတာ။ မိန်းမတွေဟာ ဒါပဲကွ၊ ရေ လာလို့ကတော့ ငွေပါဖို့ အသင့်ပဲ သူငယ်ချင်း"

မျိုးရည်၏ စကားကြောင့် ရဲရင့် နှုတ်ခမ်းတွေ ပြုံးသွားသည်။ လရိပ်တို့ကို ကြည့်နေရာမှ အကြည့်လွှဲကာ မျိုးရည်၏ ပခုံးကို တင်းတင်းဖက်လိုက်သည်။

"မင်းပါးစပ်က အဲလို ကြမ်းတမ်းတဲ့စကား ကြားရတာ ဒါ ပထမဆုံးပဲ။ လရိပ်ကို ငါက စိတ်နာအောင် တမင် မင်းပြောလိုက်တာ ငါသိပါတယ် မျိုးရည်၊ အခု ငါ အတွေးတစ်ခု ဝင်လာတယ်။ အဖေ ပြောခဲ့ဖူးသလို မင်းနဲ့ ငါ ညီအစ်ကိုများ တော်နေမလားလို့"

"အာ... ခွေးမသား၊ တော်... တော် ဟေ့ကောင် မင်း လွန်လာပြီငရဲ၊ ချီးမှုပဲကွာ"

သူ၏ ကျီစယ်မှုကြောင့် ကွဲမြီးတိုသွားသော မျိုးရည်ကို ကြည့်ကာ





သူ ရယ်သည်။ သူ့အရယ်ကို မြင်တော့ မျိုးရည်၏ နှုတ်ခမ်းတွေ ပြုံးသွားသည်။ ဩော်... မောနေသော ရင်နှင့် ရယ်ရခြင်းကို သူငယ်ချင်း မြင်ရှာမည် မထင်ပါ။

"ရယ်မနေနဲ့ ဟေ့ကောင်၊ အခုအချိန်ဟာ ဒီလို ရယ်နေရမယ့်အချိန် မဟုတ်ဘူး၊ မင်း ဘာဆက်လုပ်မလဲ ပြော"

သူ့မျက်နှာ တည်သွားသည်။ ပြီးတော့ မျက်နှာတည်တည်က စကား တည်တည် ပြောသည်။

"ငါ ဆုံးဖြတ်ပြီးပါပြီကွာ၊ ငါတို့ ဒီလို လုပ်ကြရအောင်"

"ငါတို့ ဒီဆိုင်ထဲကပဲ စောင့်ကြည့်နေကြမယ်။ နာရီကို ကြည့်လိုက်ကြ၊ ခြောက်နာရီနဲ့ ငါးမိနစ်လောက်ဆို အဲဒီမှာ အဖေ့ကား လရိပ်ရဲ့ တိုက်ထဲက ထွက်လာမယ်။ အဖေ ပြန်သွားတာကို ငါတို့ စောင့်ကြည့်နေကြမယ်။ မျက်စိတစ်ဆုံးပေါ့။ မြင်ကွင်းထဲက ပျောက်သွားမယ်။ အဲဒီမှာပဲ ငါတို့ ဒီ ကျောက်လမ်းမကြီးကို ဖြတ်ပြီး ကူးလိုက်ကြမယ်"

သူတို့ လက်ဖက်ရည်ဆိုင်လေးထဲကပဲ စောင့်ကြည့်နေကြသည်။ နာရီ ကို ကြည့်လိုက်ကြသည်။ ညနေ ခြောက်နာရီနှင့် ငါးမိနစ် ရှိပြီ။ ဒီမှာပင် ဦးရည်မွန်၏ ကားကြီး ခြံတံခါးဝမှ မောင်းထွက်လာသည်ကို တွေ့လိုက်ရသည်။ အိမ်ပြန်သွားသော ဦးရည်မွန်၏ ကားကြီးကို သူတို့ လိုက်ကြည့်နေကြသည်။ မျက်စိ တစ်ဆုံးပါပဲ။ နောက် မြင်ကွင်းထဲက ပျောက်သွားသည်။ သည်မှာပင် သူတို့ လက်ဖက်ရည်ဆိုင်လေးထဲမှ ထွက်ကာ ကျောက်လမ်းမကြီးကို ဖြတ်၍ တစ်ဖက်သို့ ကူးလိုက်ကြသည်။

သုံးဦးသား လရိပ်၏ ခြံတံခါးရှေ့မှာ ရပ်လိုက်ကြသည်။ ပေါ်တီကိုအောက်မှာ လမ်းလျှောက်နေသော လရိပ်သည် ထိတ်လန့် ချောက်ချားသွားသော မျက်ဝန်းအစုံနှင့် ငေးကြောင်ကြည့်နေရာမှ သတိဝင်သွားသည်။ လရိပ်သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရာမှ ခြံတံခါးရှိရာသို့ အပြေး လှမ်းလာကာ ဖွင့်ပေးသည်။ ထမင်းချက် မိန်းမကြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် လက်တိုလက်တောင်း ခိုင်းစေနိုင်သည့် ကောင်မလေး တစ်ယောက်လည်း ထွက်လိုက်လာသည်။

လရိပ်ကို ကာကွယ်ရန် ကာဆီးရပ်နေသော ခြံစောင့်ကြီးအား နောက်ဆုတ်ဖို့ လရိပ်က အမိန့်ပေးလိုက်သည်။ သည့်နောက်မှာတော့...

• • •

ဧည့်ခန်းထဲမှာ...

သူတို့ သုံးယောက်က တစ်ဖက်၊ လရိပ်က တစ်ဖက် ထိုင်နေကြသည်။ လရိပ်သည် သိမ့်သိမ့်ငိုရှိုက်နေ၏။ သူ့မျက်နှာကို လရိပ် မကြည့်ရဲရှာ။ ငိုရှိုက်ရုံမှလွဲ၍ ခေါင်းမဖော်နိုင်ရှာလေသည့် ဘဝ။ ဖြစ်ရလေ လရိပ်ရယ်။ နင် တစ်ခုခုများပြောမလားဆိုပြီး ငါ စောင့်နေခဲ့တာပါ။ ငါ့အတွက် မဟုတ်ပါဘူး။ ငါ့အပေါ်မှာ ထားတဲ့ နင့်ရဲ့ အချစ်အတွက် နင့်မှာ ပြောစရာ တစ်ခုခုရှိနေတာ ငါ သိပါတယ်။ အဲဒါကို ငါ မျှော်လင့်တာပါ။

ဧည့်ခန်းလေးသည် တိတ်ဆိတ် ငြိမ်သက်နေ၏။ လရိပ်၏ သိမ့်သိမ့် ရှိုက်သံက တစ်စ တစ်စ ပါးလျ ဖျော့လျော့လာသည်။ ဒီမှာပင် ရဲရင့်၏ အသံက ငြိမ်သက်ခြင်းကို ခွဲချေ ဖွင့်ဖောက်ပစ်လိုက်ပါတော့သည်။

"လရိပ် အခု ငါ ပြောမယ့်စကားကို သေသေချာချာ နားထောင်ပါ။ အခုအချိန်ကစပြီး နင် ဖြစ်ခဲ့တာတွေအားလုံးကို ငါ တစ်သက်လုံး ဘာမှ အစမဖော်ဘူးလို့ ကတိပေးတယ်။ နင်လည်း တစ်သက်လုံးပဲ အခု နင် ဖြစ်ခဲ့တာတွေကို တစ်ခွန်းမှ အစဖော်မပြောပါနဲ့။ နင် ငါ့ကို တကယ်ချစ်တယ်ဆိုရင် မနက်ဖြန်မနက်မှာ ငါ လာခေါ်မယ်။ တရားရုံးမှာ ငါတို့ လက်ထပ်မယ်။ ငါ့သူငယ်ချင်း နှစ်ယောက်၊ နင့် သူငယ်ချင်း နှစ်ယောက် ခေါ်ခဲ့ကြမယ်။ ဒီပိုင်ဆိုင်မှုတွေအားလုံးကို ဒီမှာပဲ ထားပစ်ခဲ့ပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ငါ့နောက်ကို လိုက်ခဲ့ပါ။ ဘာမှမလိုပါဘူး။ တစ်သက်လုံးပဲ ငါ့နံဘေးမှာ နေပေးပါလို့ပဲ တောင်းဆိုပါရစေ"





"ငါနဲ့ လက်ထပ်ဖို့ အစီအစဉ်ကို ဖျက်တယ်ဆိုရင်တော့ ဒီကနေ့ ညကနေ မနက်ဖြန် မနက်ထိ အချိန်အတွင်းမှာ ငါ့ ဟန်ဖုန်းကို ဆက်ပြီး ပြောလိုက်ပါ။ အဲဒါဆို နင့်ကို ငါ့ဘဝထဲက ဆွဲထုတ်ပစ်လိုက်ပါ့မယ်။ ဒါပါပဲ လရိပ်"

ပြောအပြီးမှာ ထိုင်ရာမှ ထလိုက်သည်။ သူ ထတော့ အမာခံ သူငယ်ချင်း နှစ်ယောက်ကလည်း လိုက်ထသည်။ လရိပ်ကို ကျောခိုင်းထားရစ်ခဲ့သည်။ လုံးဝ နောက်ကို လှည့်မကြည့်။ သံယောဇဉ်ဆိုတာ သူ့အကန့်နဲ့ သူပေါ့။ ယောကျ်ားဆိုတာ အဲလို ပြတ်သားရတယ်လေ။

• • •

သုံးဦးသား ကားပေါ် ပြန်အရောက် လက်ဖက်ရည်ဆိုင်ရှေ့မှ ကားကို မောင်းမထွက်ခင်မှာ သူ ပထမဆုံးလုပ်သော အလုပ်သည် သူ့ဟန်းဖုန်းကို စက်ပိတ်လိုက်ခြင်းပဲ ဖြစ်သည်။ မျိုးရည်က ထိတ်လန့်စွာ ကြည့်လျက်ပြောသည်။

"ဟေ့ကောင် ဘာလို့ ပိတ်လိုက်တာလဲ။ လရိပ်က Cancel လုပ်တယ်လို့ လှမ်းပြောရင် ဘယ်သိရတော့မလဲ"

သူ့မျက်နှာသည် မရယ်မတည် မချိုမချဉ် မျက်နှာပါလား။ "အဲဒါကြောင့် စက်ပိတ်ပစ်လိုက်တာပေါ့ကွာ၊ မင်း တော်တော် ဒုန်းဝေးတဲ့ ကောင်ပဲ။ အခုအချိန်ကစပြီး မနက်ဖြန် လက်ထပ်ပြီးတဲ့အချိန်ထိ စက်ပိတ်ထားမယ်။ အိမ်ကိုလည်း မပြန်ဘူး။ မင်းလည်း အိမ်မပြန်နဲ့၊ ဘီယာလေး နည်းနည်း ကစ်ပြီး ဝိရိယရဲ့ အိမ်ကို လိုက်အိပ်ကြမယ်"

"လရိပ်က ငါ့ဖုန်းကို လှမ်းဆက်ပြီး Cancel လုပ်တယ် ပြောရင်ကော"

မျိုးရည်၏ စကားပင် မဆုံးလိုက် ရဲရင့်က မျိုးရည်၏ ဖုန်းကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ဆွဲယူ၍ စက်ပိတ်ပစ်လိုက်သည်။ လုံးဝ နောက်ကို လှည့်မကြည့်ကြေး။ သံယောဇဉ်ဆိုတာ သူ့အကန့်နဲ့ သူပေါ့။

ယောကျ်ားဆိုတာ အဲလို ပြတ်သားရတယ်လေ။

● ● ●

ဤသည်တို့၏ နောက်မှာတော့...

အဖေ ရက်ရက်ရောရောကြီး ရက်ရောခဲ့ပါလေသော တိုက်တာအဆောင်အယောင် အားလုံးအား ပေယျာလကန် ထားပစ်ခဲ့ကာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် လရိပ်သည် သူခေါ်ရာ လိုက်လာခဲ့သည်။ ဤတစ်ချက်တည်းကပင် သူ့ရင်ကို ပြင်းစွာ ဝင်ဆောင့်လိုက်၏။ ဤ တစ်ချက်တည်းကပင် သူ့ကို ဟတ်ထိသွားလေ၏။ ဤတစ်ချက်တည်းကပင် နေရသမျှ ကာလဆုံးတိုင် လရိပ် ဘာပဲဖြစ်ပါစေ ကြည်ဖြူ ခွင့်လွှတ်မည်ဆိုသော ခိုင်တည် သန္နိဋ္ဌာန်က နှလုံးသားမှာ သံမှိုစွဲရိုက်သွားလေသည်။

လရိပ်၏ နက်ရှိုင်း စူးနစ် ခိုင်တည်သော ချစ်ခြင်းအား ရင်လှိုက်ခံစား ဆုပ်ကိုင်မိကာမှ...

- အဖေက တရားရုံး လိုက်လာကာ 'အနောက်' ပေးခဲ့သည်။

- အဆုတ်ကင်ဆာရောဂါသည် ဦးကြီးသြက ဒီနေ့မှာမှ ကောက်တာ ဝင်တာ မာလကီးယားပြီး 'အနောက်' ပေးသည်။

- ကိုယ်ဝန်သုံးလ ရှိပြီဖြစ်သော လရိပ်အား 'လကလေး'ဟု ခေါ်ကာ အိမ်ပေါ် ခေါ်တင်ပြီး အဖေနှင့် ပေါင်းဖို့ အမေက 'အနောက်' ပေးသည်။

- အသည်းကွဲပြီး အဝေးထွက်ပြေးခဲ့သည်တောင်မှ ကိုယ့်ပရောဂကြောင့် ဖြစ်၍ ပြန်လာခဲ့စေရန် အချစ် နာလန်ထခဲ့သည့် အဖေ့ငယ်ချစ်ဒေါ်သန္တာရီက 'အနောက်' ပေးပြန်သည်။

ယခုတော့လည်း ရန်ကုန်ကို ပြန်လာခဲ့ရပြီ။





ဩော်... အချစ်ဆိုတာ ပျော်ရွှင်ခြင်းလား၊ ရင်မောခြင်းလား ခွဲခြားမသိနိုင်တော့ပြီ။

● ● ●

ပျော်လည်း ပျော်ခဲ့ဖူးသည်။

မောလည်း မောခဲ့ဖူးသည်။

ပျော်ရင်းနှင့်လည်း မောခဲ့ရဖူးသည်။

မောရင်းနှင့်လည်း ပျော်ခဲ့ရဖူးသည်။

ချစ်သူတိုင်းသည် ပျော်လိုက် မောလိုက်နှင့် အပျော်တွေ၊ အမောတွေထဲမှာ နာရီစက်မောင်းတံတွေနှင့်အတူ ဝဲလည် မျောပါနေကြသည်။ သူသည်လည်း ဒီဝဲသြဃကြီးထဲမှာ မျောပါနေခဲ့သည်။ ဘယ်လောက်များ ပျော်ခဲ့ရပါသလဲ။ ဘယ်လောက်များ မောခဲ့ရပါသလဲ။

သူသည် ရောက်လာလိုက်၊ ထွက်သွားလိုက် ဖြစ်နေသော ခြေမငြိမ်အတွေးတွေကို အဖော်ပြုလျက် ကားကို မောင်းနှင်နေမိရာမှ သတိဝင်သွားသည်။ ဒီကရွေ့မှာ အာရုံထွေပြားလျက်နှင့် မောင်းနှင်ရန် မဖြစ်တော့ပါ။ ကားသည် ရန်ကုန်မြို့ထဲသို့ စတင် ဝင်ရောက်စ ပြုနေပြီ။ ယာဉ်ကြောက တစ်စ တစ်စနှင့် ပိုကျပ်လာသည်။ နံဘေးမှာ ထိုင်နေသော မျိုးရည်လည်း တစ်ချက်ကလေး မှေးပျော်ရာမှ နိုးလာသည်။ ရန်ကုန်ပြန်ရောက်ပြီ ဟူသော အသိကြောင့် မျိုးရည်က စိုးရိမ်စိတ်နှင့် သတိပေးသည်။

"စိတ်လိုက်မာန်ပါတော့ မလုပ်လိုက်ပါနဲ့ကွာ၊ ဒေါသကိုလည်း ထိန်းပါ။ တစ်ခုခု လုပ်တော့မယ်ဆိုရင် မင်းအမေရဲ့ မျက်နှာကို အရင်မြင်ပါ။ ငြိမ်းငြိမ်းချမ်းချမ်းပဲ ဖြေရှင်းပါ"

သူ့ရင်မှာ မျိုးရည်အတွက် စိတ်မကောင်းဖြစ်သွားသည်။ မျိုးရည်အတွက် စကားကို ဘယ်က စပြောရမည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညက ပြင်ဦးလွင်မှာ မင်းက ရေချိုးခန်း ဝင်နေတဲ့အချိန် အမေနဲ့ ဖုန်းပြောဖြစ်တယ်။ အဲဒါကြောင့်ပဲ ငါတို့ ရန်ကုန်ကို ပြန်လိမ့်လာခဲ့ရတာပါ မိုးရည်၊ အိမ်ရောက်ရင် မင်း သိရမှာပါ။ အခုတော့ ငါ မပြောပါရစေနဲ့ဦးကွာ"

တကယ်ဆိုလျှင် အိမ်ပြန်ရောက်ပါက နှစ်ဦးစလုံး မျက်ရည်တောက်တောက် ကျရတော့မည်ကို အခုအချိန်မှာတော့ သူတို့ မသိကြသေးပါ။

■

*There is a garden in her face,*
*where roses and white liles grow*

***.(Richard Allison)***

*သူမရဲ့ မျက်နှာပြင်မှာ ပန်းဥယျာဉ်တစ်ခု ရှိလေရဲ့ . . .*
*အဲဒီ ပန်းဥယျာဉ်မှာ နှင်းဆီပန်းတွေနဲ့ နှင်းပန်းဖြူဖြူတွေ*
*ပွင့်နေကြတယ်လေ။*

***(ရစ်ချတ်အယ်လီဆန်)***





www.burmeseclassic.com

www.burmeseclassic.com

*ရည်းစားဘဝမှာတော့*
*ချစ်သူရဲ့မျက်နှာဟာ နှင်းဆီနဲ့ စံပယ်ဖြူတွေ ဝေဆာတဲ့*
*ရန်နံ့သင်း အဆင်းလှ ကြည်နူးစရာ ပန်းဥယျာဉ်ကြီးပါပဲ။*
*လက်ထပ်ပြီး တစ်လအကြာက စပြီး*
*အဲဒီ ပန်းဥယျာဉ်ကြီးဟာ*
*မြင်းတစ်ကောင်ကို ရိုက်နှက်စေခိုင်းတဲ့*
*နှင်တံတစ်ချောင်း ဖြစ်သွားတယ်။*
*လူသာ သေသွားမယ်၊ အဲဒီ နှင်တံကြီးကတော့*
*ဘယ်တော့မှ ပန်းဥယျာဉ်ကြီး ပြန်မဖြစ်တော့ပါဘူး။*

***လူနောက်***
***(09 : 28 - A) 8 F 08***



## အခန်း (၅)

"ချစ်သူရဲ့ မျက်နှာဟာ ပန်းဥယျာဉ်ကြီးတစ်ခုပါပဲတဲ့။ အဲဒီ စကားကို ငါ ထောက်ခံတယ်။ လရိပ်ရဲ့ မျက်နှာကို မြင်လိုက်တာနဲ့ ငါ့ရင်ထဲမှာ အေးသွားတယ်။ မောခဲ့သမျှ ပြေသွားတာချည်းပဲကွ'

ချစ်သူတစ်ယောက်လုံး ဖအေ့နောက် ပါတော့မည်။ ကိုယ်ဝန်ပင် သုံးလ ရှိနေပြီ။ ဒီလောက် ဆိုးရွားဖြစ်ပျက်နေသည်ကိုတောင်မှ ချစ်သူ၏ မျက်နှာအား လဝန်းကြီးလို စာဖွဲ့ပြနေသော ရဲရင့်အား ချဉ်တူးတူးစိတ်နှင့် မျိုးရည်က ပြန်ကြည့်သည်။ မျိုးရည်၏ အကြည့်က ဒီကောင် ရူးသွားပြီလား ဟူသော အကြည့်ဖြစ်သည်။ ရဲရင့်က မသိကျိုးကျွံပြုလျက် ကားကို ဆက်မောင်းနေလိုက်သည်။ ကားက ကန်တော်ကြီးပတ်လမ်းပေါ်မှာ။ ဒီကမှ ဖိုးစိန်လမ်းကို ဝင်၊ တာမွေအဝိုင်းရောက်၊ အဲဒီကနေ သင်္ဃန်းကျွန်းဘက် ထွက်မည်။ သည်သို့ ရည်ရွယ်လျက် မောင်းနေမိရာမှ အကြည့်က စိမ်းမြရေပြင်မှာ ရွှေအဆင်းနှင့် ဝင့်ထည် ကြွရွနေသော ကရဝိက်ကြီးဆီ ရောက်သွားသည်။ ငိုရခါနီးမှာ အူရွင်တတ်သည် တဲ့။ ရဲရင့် ဘာကြောင့် အူရွင်နေသည်ကို ကိုယ်တိုင်ပင် မသိ။

"ကရဝိက်ကြီးကို မြင်တော့ မင်းအမေ အန်တီ သန္တာရီကို သွားပြီး သတိရမိတယ်ကွာ"

www.burmeseclassic.com



သူ့စကားကြောင့် မျိုးရည်က ကရဝိက်ကြီးကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ တုံ့ပြန်ပြောသည်။

"ငါ့အမေက အဲလိုကြီး နှုတ်ခမ်းမထော်ပါဘူးကွာ"

"နှုတ်ခမ်းထော်တာလို့ ပြောတာ မဟုတ်ဘူးဟေ့၊ မင်းအမေက အပျိုတုန်းက ရုပ်ချောပြီး အသံကောင်းလွန်းလို့ ကရဝိက်ကလေးလို့ ခေါ်တာမို့လို့ ပြောတာဟ"

ရဲရင့်၏ စကားကြောင့် မျိုးရည်၏ မျက်နှာမှာ ကျေနပ်စွာ ဝင်းပသွားသည်။ သူ့ အရွယ်ရောက်စက မန္တလေးတက္ကသိုလ် နောက်ခံနှင့် ရိုက်ထားသော အမေ့ဓာတ်ပုံနှင့် အမေ့စကားကို အာရုံမှာ မြင်ယောင်သွားသည်။

"အမေ တက္ကသိုလ်မှာတုန်းက ရုပ်ချောပြီး အသံကောင်းလို့ မင်းအဖေက အမေ့ကို ကရဝိက်ကလေးလို့ ခေါ်တယ်။ မင်းအဖေက သိပ်ချောတယ်။ အရမ်းလည်း ကြင်နာ နူးညံ့တယ်။ နောက်ပြီး မင်းအဖေက စန္ဒရားတီး သိပ်ကောင်းတယ်။ အဲဒီတုန်းက မင်းအဖေက အတီး၊ အမေက အဆို 'နှစ်ကိုယ်တူချစ်သမျှ' သီချင်းလေ၊ နှစ်ယောက်သား အချီအချ ဆိုတီးလေး ညည်းလိုက်ကြတာများ၊ စေးစေးပိုင်ပိုင်နဲ့ ခုများ ပြန်စဉ်းစားတော့ ကြက်သီးဖြန်းဖြန်း ထမိတယ် သားရယ်" တဲ့။ အမေ၏ အဖေ့ကို တမ်းတ စကားဖြစ်သည်။ မျိုးရည်၏ ရင်မှာ ယခု ပျော်သွားပုံရသည်။ ရဲရင့်၏ပခုံးကို တင်းတင်းဖက်ကိုင်လိုက်၏။

"ငါ့သူငယ်ချင်း၊ ဒီတစ်ချက်ကတော့ တော်သွားပြီ။ မင်းပြောတာ အမှန်ပဲ ရဲရင့်၊ ဘယ်ဆိုးလို့လဲ သူငယ်ချင်းရာ၊ ဒါကို မင်း ဘယ်လိုသိလဲ"

"မနေ့ညက အမေနဲ့ ဖုန်းပြောတော့မှ ငါလည်း သိရတာကွ။ အဖေက မင်းအမေကို ရုပ်ကလည်း လှ၊ အသံကလည်း ကောင်းလို့ ကရဝိက်ကလေး လို့ ခေါ်တာတဲ့"

မျိုးရည် မျက်လုံးပြူးသွားသည်။ အထိတ်တလန့်နှင့် ရဲရင့်၏ မျက်နှာကို ကြည့်လိုက်သည်။





"နေ... နေဦး ရဲရင့်၊ အခု မင်းပြောတဲ့ အဖေဆိုတာ ငါ့အဖေကို ပြောတာလား၊ မင်းအဖေကို ပြောတာလား"

"အဖေပါဆိုမှတော့ ငါ့အဖေ ဦးရည်မွန်ကို ပြောတာပေါ့ လင်းတနဲ့။ အဖေက စန္ဒရားတီး သိပ်တော်တာလေ။ ငါ့အဖေနဲ့ မင်းအမေနဲ့ အဲဒီတုန်းက 'နှစ်ကိုယ်တူချစ်သမျှ' သီချင်းကို နှစ်ယောက်သား အဝင်အထွက် အချီအချ မှန်မှန်နဲ့ ဆိုတီးလေး ဟဲလိုက်ကြတာများ ခုချိန်ထိ မမေ့နိုင်အောင်"

"တော်ပါတော့... တော်ပါတော့ ရဲရင့်ရယ်၊ ရှိခိုးပါရဲ့၊ ဆက်မပြောပါနဲ့တော့"

ရဲရင့်စကားပင် မဆုံးလိုက် ဝမ်းခေါင်းသံကြီးနှင့် တုန်လှိုက် ဟန့်တားလိုက်သော မျိုးရည်၏ အသံကြောင့် စကားတန့်သွားသည်။ ကြည့်လိုက်တော့ မျိုးရည်သည် မျက်ရည်ပေါက်ပေါက်ကျကာ အကြေကွဲကြီး ကြေကွဲလျက် တုန်လှိုက်နေ၏။ သူ ထိတ်ခနဲ ပြာသွားကာ ကားကို ရပ်လိုက်ပြီး မျိုးရည်၏ ပခုံးကို ဆွဲကိုင် လှုပ်ယမ်းလိုက်၏။

"မျိုးရည်... မျိုးရည် ဘာဖြစ်တာလဲ၊ ငါ... ငါ... ငါ ပြောတဲ့ထဲမှာ ဘာမှားသွားလို့လဲကွာ"

"မင်း မမှားပါဘူး၊ ငါ့ကို ခင်ရင် ဘာမှမပြောပါနဲ့တော့။ ရဲရင့် ငါ့ကို အမေ့ဆီ အရင်ပို့ပေးပါ။ ပြီးမှ မင်းအိမ်ကို သွားပါ။ အမေ အမိုက်မကြီးကို ငါ တွေ့ချင်တယ် သူငယ်ချင်း"

အခုမှ ခက်ပြီ၊ သူ မျိုးရည်ကို ဘယ်လိုပြောရမည် မသိ။ မပြော၍လည်း မဖြစ်တော့ပြီ။ သူ မျိုးရည်ကို ဖွင့်ပြောလိုက်၏။

"မင်းအမေ အခု မရှိတော့ဘူး မျိုးရည်"

"ဘာ..."

မျိုးရည်၏ အထိတ်တလန့်ကြီး 'ဘာ' ဟု အော်လိုက်သံကြောင့် သူ ပါ ထိတ်လန့်ကာ ဆတ်ခနဲ တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ... ချီးတဲ့မှပဲ အော်လိုက်တာကွာ။ လူကို လန့်သွားတာပဲ။ ငါ ပြောတာ မရှိတော့ဘူးဆိုတာ သေတာပြောတာ မဟုတ်ပါဘူးဟ၊ မိတ္ထီလာကို သွားတာကို ပြောတာပါ။ မင်း နည်းနည်းတော့ စိတ်လျှော့ပါကွာ၊ အခု သွားတာ အဖေနဲ့ အတူသွားကြတာကွ"

ခံနိုင်ရည် ရှိသွားသည်လား၊ အရေခွံထူသွားသည်လား၊ စိတ်ကုန်လက်လျှော့သွားသည်လား မသိ။ မျိုးရည် အသက်မပါသလို ဖြစ်သွားသည်။

"မိတ္ထီလာကို 'နှစ်ကိုယ်တူ ချစ်သမျှ' သီချင်း သွားဆိုကြတာပေါ့လေ"

"အေးပေါ့ကွာ၊ ဟာ... မဟုတ်ပါဘူး မျိုးရည်ရာ၊ သူတို့ မိတ္ထီလာကို လူမမာ သွားမေးကြတာပါ။ အိမ်သော့ကို အမေ့ဆီမှာ အပ်သွားတယ်တဲ့။ ကဲ... သွားကြရအောင်ကွာ"

ရဲရင့်သည် ကားကို မောင်းထွက်ခဲ့၏။ သူလည်း အိမ်ကို ရောက်ချင်နေပြီ။ အိမ်မှာ အမေ ရှိသည်။ လရိပ် ရှိသည်။

"မင်းကို ငါ ပြောရဦးမယ် မျိုးရည်၊ လရိပ်လည်း အိမ်ကို ရောက်နေပြီကွ။ နောက်ပြီး လရိပ်မှာ ကိုယ်ဝန်သုံးလ ရှိတယ်ဆိုတာ မဟုတ်ဘူးတဲ့ မျိုးရည်ရ။ မနေ့ညက အမေနဲ့ ငါ ဖုန်းပြောဖြစ်တယ်လေကွာ၊ မင်းက ရေချိုးခန်းမှာ"

• • •

မျိုးရည်က ရေချိုးခန်းထဲမှာ ဘီယာ ထွေထွေပြေစေရန် ချိုးရေတော် သုံးနေသည်။ ရန်ကုန်မှာတော့ နံပြားဖိုထဲမှာလို လှောင်အိုက်နေမည် ဖြစ်သော်လည်း ပြင်ဦးလွင်မှာတော့ အအေးဓာတ်က ညလက်တံရှည်လေ သိသာလေ ဖြစ်သည်။ အထီးကျန်သည့် ယခုလိုအချိန်မှာ သူ အမေ့ကို သတိရသည်၊ လွမ်းသည်။ သူ့လက်တွေက အမေ့ ဟန်းဖုန်းနံပါတ်ကို ဆက်သွယ်လိုက်သည်။





"ဟဲလို သား ရဲရင့်လား၊ သား နေကောင်းရဲ့လား"

"ကောင်းပါတယ် အမေ၊ အမေရော နေကောင်းရဲ့လား၊ ဦးကြီးသြ ကိစ္စရော အဆင်ပြေရဲ့လား"

"ပြေတယ် သား၊ မနေ့ကပဲ ရက်လည်ဆွမ်းသွပ်ပြီး သွားတယ်။ နာရေးမှာလည်း မိတ်ဆွေ တော်တော်များများ လာကြတယ်။ သား အခု ပြင်ဦးလွင်မှာပဲလား။ အလုပ်တွေရော ပြီးခါနီးပြီလား"

သူ မျက်မှောင်ကြုတ်သွားသည်။ တစ်ခုခုတော့ လွဲနေပြီ ထင်၏။ အမေ့ပုံစံက စိတ်ညစ်၍ အိမ်က ထွက်သွားသော သား အိမ်ပြေးအား ပြန်တွေ့သဖြင့် အံ့သြ ဝမ်းသာသွားသောပုံစံ မဟုတ်ပါလား။ ပုံမှန်အတိုင်းပင် ပကတိ အေးစက်စက် အနေအထား။ ဧကန္တ အဖေ့ ပရောဂလား မသိ။

"အဖေ ဘာပြောလဲ အမေ"

"ဘာမှတော့ မပြောဘူး သား၊ သားကို အလုပ်ကိစ္စ အရေးကြီးလို့သာ နာရေးကိုတောင် ပစ်ထားခဲ့ရပြီး ပြင်ဦးလွင် လွှတ်လိုက်ရတာတဲ့။ ဘယ်လောက်ကြာမယ် မသိဘူးတဲ့။ အလုပ်လုပ်နေတဲ့ ကလေး စိတ်အနှောင့်အယှက်ဖြစ်ပြီး အိမ်ပြန်လာမှာစိုးလို့ ဆယ်ရက်အတွင်းတော့ ဖုန်းမဆက်နဲ့၊ သားဆီက ဖုန်းလာရင်လည်း မကိုင်နဲ့ မြခက်ရယ်တဲ့။ အမေ အခု မနေနိုင်လို့ ဖုန်းကိုင်လိုက်တာ၊ သား စိတ်အနှောင့်အယှက် ဖြစ်သွားလား"

အဲဒါပါပဲ။ ပါးပါးလေး လှည့်သွားတဲ့ အဖေ့ကစားကွက်လေး။ ခံစားချက် ပေါက်ကွဲပြီး ဝေးရာ ပြေးထွက်သူ့ခမျာ ငပေါ်လုံးလုံး ဖြစ်သွားတော့တာပါပဲ။ သူ့လို ချာတိတ်လောက်ကတော့ အဖေက စာဖွဲ့နေမှာ မဟုတ်ပါဘူး။

"သား ရဲရင့်၊ ဟဲလို ကြားလား သား၊ လိုင်းကျသွားတာလား"

"ကြားပါတယ် အမေ၊ အဖေရော ရှိလား အမေ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး သား၊ မင်းအဖေ မိတ္ထီလာ သွားတယ်။ ဒီနေ့ မနက်ပဲ ထွက်သွားကြတာ"

"ထွက်သွားကြတာဆိုတော့ ဘယ်သူနဲ့လဲ။ ဘာကိစ္စရှိလို့လဲ အမေ"

"မိတ္ထီလာကို လူမမာ သွားမေးတာ။ သန္တာရီလေ မျိုးရည်ရဲ့အမေ သူနဲ့သွားတာ"

အမေ့စကားကြောင့် သူ့ခေါင်းကြီး ပုတ်လောက် ကြီးသွားကာ ဘုရား တ,မိလိုက်သည်။ လေ့နှင့် ရေတော့ ငြိကြပြီ ထင်၏။

"အဲဒါဆိုရင် အမေတော့ မှားသွားပြီ အမေ၊ အန်တီ သန္တာရီဟာ အဖေနဲ့ ဘယ်လို ပတ်သက်ခဲ့တာဆိုတာ အမေ သိရဲ့လား"

တုံ့ပြန်သံ မကြားရ၊ အမေ ငြိမ်နေသည်။ ခုချိန်မှာ သူသာ ဖွင့်ပြောလိုက်ပါလျှင် သူ့စကားကြောင့် အမေ အံ့ဩ တုန်လှုပ်သွားပါမည်။ ဒါပေမဲ့ သူ့စကားကြောင့် အမေ့ခမျာ အံ့ဩ တုန်လှုပ်ခြင်း မဖြစ်ဘဲ အမေ့စကားကြောင့်သာ သူ့ခမျာ အံ့ဩ တုန်လှုပ်သွားလေသည်။

"ကိုရည်မွန်နဲ့ သန္တာရီက ချစ်သူတွေ၊ သန္တာရီက ရုပ်ကလည်း လှ၊ အသံကလည်း ကောင်းလို့ ကိုရည်မွန်က သန္တာရီကို ကရဝိက်ကလေးလို့ ခေါ်တာ။ မင်းအဖေက စန္ဒရားတီး သိပ်ကောင်းတဲ့သူ၊ သူနဲ့ သန္တာရီ 'နှစ်ကိုယ်တူချစ်သမျှ' သီချင်းကို ဆိုတီးလေး ဆိုကြရင် သိပ်လိုက်ဖက်ညီတာပဲ တဲ့။ အမေနဲ့ ကိုရည်မွန်က ဖူးစာပါလို့သာ ပေါင်းကြရတာ တကယ်ဆို အမေက ကိုရည်မွန်နဲ့တောင် မတန်ဘူး။ မင်းအဖေဟာ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် ဂရုဏာကြီးတယ်၊ ကြင်နာတယ်။ မိန်းမတွေက မကောင်းတာ။ မင်းအဖေလို လူ့သဘောကောင်းကြီးအပေါ်မှာ အနိုင်ကျင့် စော်ကားသွားသူတွေချည်းပဲ။ မင်းအဖေကတော့ ဘယ်သူ့အပေါ်မှာမှ စိတ်ဆိုးခြင်း၊ စိတ် နာခြင်း မရှိ။ အားလုံးအပေါ် ခွင့်လွှတ်ကြည်ဖြူတဲ့သူပါ။ အမေလည်း သူ့အပေါ်မှာ လုံးဝ မကောင်းခဲ့ဘူး။ သူ့ရဲ့ သဘောထားကြီးမှုအပေါ်မှာ အသုံးချ စော်ကားတဲ့သူတွေထဲမှာ အမေဟာ ထိပ်ဆုံးက ပါခဲ့တဲ့သူလေ၊





အဲဒီကျေးဇူးကြောင့် ခုအချိန်မှာ သူ ဘယ်သူနဲ့ပဲယူယူ အမေ သူ့ကို ကျေကျေနပ်နပ် ခွင့်ပြုတယ်။ ဒါပါပဲ သား"

မှာတမ်းခြွေနေတာကလည်း ရှာတန်းရှည်ကြီးပါပဲလား အမေရယ်။ ခုချိန်မှာ ကျွန်တော် သိချင်တာက လရိပ်အကြောင်းပါ။ သူက အမေ့ကို ခုန်းထဲမှ သွေးတိုးစမ်းလိုက်သည်။

"ဒါဆို လရိပ်ကိစ္စ ဘယ်လိုလုပ်မလဲ၊ လရိပ်မှာ ကိုယ်ဝန်သုံးလ ရှိနေတာ အမေ ဘယ်လိုလုပ်ပေးမလဲ"

"ဘယ်လို လရိပ်မှာ ကိုယ်ဝန်သုံးလ ရှိနေပြီ ဟုတ်လား၊ ကြဲကြီးစည်ရာ သားရယ်၊ မင်းကို ဘယ်သူပြောလဲ"

"အမေ ပြောတာပဲလေ။ ဦးကြီးဩ ဆုံးတုန်းက ဆေးရုံမှာ ကန်တင်းနဲ့ ခပ်လှမ်းလှမ်းမှာ အဖေနဲ့ ပြောနေကြတာ ကျွန်တော် နားနဲ့ဆတ်ဆတ်ကြားခဲ့တာ အမေ"

"ဘုရား... ဘုရား အိုးစွပ်မစား ခွက်စွပ်မစား စွပ်စွပ်စွဲစွဲနဲ့ လရိပ်က အမေ့သမီး ဖြစ်နေပြီ။ ဘာ ကိုယ်ဝန်သုံးလမှ မရှိဘူး။ ကဲ... တော်ပြီ သား၊ မင်း ကဘောက်တိ ကဘောက်ချာ စကားတွေ ဆက်မပြောနဲ့တော့။ သောက်ထားရင်လည်း အိပ်တော့ ဒါပဲ"

ပြတ်သားလိုက်တာ။ တွီခနဲ ဖုန်းပိတ်သွားသည်။

သည်မှာပင် နံနက်ခင်း အလင်းပွင့်သည်နှင့် ရန်ကုန်မှာ ပြန်ဆုံဖို့ ကျေပွဲ ဆင်နွှဲရန် အားမွေး အိပ်စက်လိုက်ပါတော့သည်။ စက်သော်လည်း ပျော်နိုင်ခဲ ညပါလေ။

• • •

ပေါ်တီကို အောက်မှာ ကားရပ်လိုက်သည်နှင့် ဧည့်ခန်းထဲမှ အမေ က အရင်ထလာသည်။ အမေ့နောက်မှ ခေါင်းငုံ့ ယို့ယို့လိုက်လာသူသည် လရိပ်ရည်။ ပြန်ရောက်လာသော သားအိမ်ပြေးအား ဆီးကြို ခွန်းဆက်လိုက်သော အမေ့စကားက ကြင်နာသော ကြိုဆိုမှုအပြည့်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"မလာနဲ့၊ အိမ်ထဲမဝင်နဲ့... သွား... ပြင်ဦးလွင် ပြန်သွား"

သူ အတော်စိတ်ညစ်သွားသည်။ အမေ့ကို ဘုကြည့် ကြည့်လျက် ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

"အမေ... အမေက အဖေနဲ့ ပတ်သက်ရင် နားရော၊ မျက်စိရော၊ ဦးနှောက်ရော ကန်းသွားပြီ အမေ။ အမေက အဖေ ဘာပြောပြော ယုံတာပဲ။ အမေ ဘာလို့ အဲလိုဖြစ်ရတာလဲ။ အမေ ဒါလေးတော့ နည်းနည်း သုံးပြီး စဉ်းစားဦးမှပေါ့"

သူက သူ့နားထင်ကို လက်ညှိုးနှင့် ထောက်ပြလျက် အမေ့ကို ဦးနှောက်နှင့် ချင့်ချိန်ဖို့ မိကျောင်းမင်းကို ရေခင်းပြမိသည်။ ဒီမှာပင် အမေ့ ချေပစကားက ပိုပြီး လက်တွေ့ကျသွားသည်။

"ဒီမှာ ငရဲ ကိုရည်မွန်နဲ့ ငါက နှစ်ယောက်တည်းနဲ့ တိုင်းပြည်တစ်ခု တည်ထားတာ။ ငါ ဘာပြောပြော ငါ ပြောခဲ့သမျှကို ကိုရည်မွန်က ယုံတယ်။ ဒါကြောင့် ကိုရည်မွန် ဘာပြောပြော သူ ပြောသမျှ ငါ ယုံတယ်။ ဒါ မလိုဘူး၊ ဒါ ရှိတယ်"

'ဒါ မလိုဘူး' ဆိုသည့်အပြောမှာ အမေသည် သူ့နားထင်ကို လက်ညှိုးနှင့် ထောက်ပြ၍ နောက်ဆက်တွဲစကား 'ဒါ ရှိတယ်' ဟု အပြောမှာ လက်ချောင်းလေးတွေ ကော့နေသော သူ့လက်ဖဝါးလေးကို သူ့ရင်ဘတ်ပေါ် ဖိပြသည်။ ဦးနှောက် မလိုဘူး၊ နှလုံးသားရှိတယ် ဟူသော သင်္ကေတ။

အမေ့ပုံစံကို ကြည့်ကာ လရိပ်က နှုတ်ခမ်းလေးကို လက်နှင့် အုပ်ကွယ်ကာ ရယ်သည်။ ရယ်နေသော လရိပ်ကို ကြည့်လျက် အမေ၏ တင်းနေသော နှုတ်ခမ်းတွေလည်း ပြေလျော့ကာ ပြုံးသည်။ ပြီးတော့ နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် ကြည့်လျက် ပခုံးတွန့်ပြပြီး ရယ်ကြပြန်သည်။ အမေနှင့် လရိပ်ကို ကြည့်ကာ ရင်၌ အစာမကြေခြင်းတွေနှင့် ရဲရင့် ဒေါကန်လာ၏။

"အမေတို့ မိန်းမတွေများ ဘာမှ မခံစားရသလိုပဲ။ ကျွန်တော့်မှာ





တော့ စိတ်ဆင်းရဲပြီး အရှုံးချေးပန်းကို ဖြစ်လို့၊ တော်တော့်ကို တရားထ မိပါတယ်"

ယောက်ျားတန်မဲ့ အငေါ့စကားဆိုသူ့ဆိုလျှင် အမေက ကြည့်မရ တတ်ပါ။ အမေ ကြည့်မရသည့်ဟန်ကို ယခု သားမှာ လာတွေ့ရတော့ သူ့ကို အမေက စိတ်အချဉ်ပေါက်သွားဟန် ရှိသည်။

"ရဲရင့် နင် ဘာမှမသိဘဲနဲ့ မိန်းမစကားလာမပြောနဲ့၊ ဒီမှာ လရိပ်မှာ သူ့အမေအတွက် မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရှာတာ။ မနေ့က ကိုရည်မွန် နဲ့ သန္တာရီတို့ မိတ္ထီလာကို လိုက်သွားကြတယ်"

" 'နှစ်ကိုယ်တူ ချစ်သမျှ' သွားဆိုကြတာလား အန်တီ"

အမေ့စကားမဆုံးခင်မှာ မျိုးရည်က ဖြတ်ဝင်ပြီး ပြောသည်။ အမေက မျိုးရည်ကို အားနာကြည့်တစ်ချက် ကြည့်လျက် စကားဆက်သည်။

"သူတို့ ရောက်သွားတော့ လူနာက တော်တော်လေး အားတက်သွားပြီး ထူထူထောင်ထောင် ဖြစ်သွားတယ်။ လကလေးကို ဒီကိုခေါ်လာကြမယ်။ ကျောက်ကပ်လှူမယ့် အလှူရှင်ကလည်း ဒီမှာ လရိပ်ပဲလေ။ ဒီက ပါရဂူကြီးတွေရဲ့ ကုသမှု စီစဉ်မှုနဲ့ပဲ အိန္ဒိယကို သွားပြီး ကျောက်ကပ်လဲမယ်။ လကလေးရဲ့ အသက်ကို ကယ်တင်နိုင်ပြီလေ"

"လရိပ်ခမျာလည်း ဒီကနေ့မှပဲ ရယ်နိုင် ပြုံးနိုင်ရှာတော့တာပါ။ ထမင်းတောင်မှ ဒီကနေ့မှ သူ့မှာ စားဝင်ရှာတယ်။ လကလေးကို ကျောက်ကပ် တစ်ဖက်ပေးဖို့အတွက် လရိပ်မှာလည်း ကျန်းမာရေးကောင်းဖို့ လိုတယ်လေ"

အမေက စကားကို ပုံမှန်ပြောနေသည် ဖြစ်သော်လည်း အမေ့စကားကို နားထောင်ရင်းနှင့် နားလည်သလိုလို ရှိလာသော နားမလည်ခြင်းတွေကြောင့် သူ့ရင်သည် တလှိုက်လှိုက် ဖြစ်လာသလို ခေါင်းထဲမှာလည်း ဝေဝါး နောက်ကျိလာလေသည်။

"အမေ... အမေ ပြောတဲ့ လကလေး ဆိုတာ ကျွန်တော်က လန်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောတာလို့ ထင်ခဲ့မိတယ်။ ဆေးရုံမှာတုန်းက အမေနဲ့ အဖေ ပြောခဲ့ကြတာ ကျွန်တော် ကြားခဲ့တာ။ လကလေးနဲ့ အဖေနဲ့ လက်ထပ်ထားတဲ့ လက်ထပ်စာချုပ်ရှိတယ်။ လကလေးမှာ ကိုယ်ဝန် သုံးလ ရှိနေပြီဆိုတာ အဲဒါ"

"လကလေးဆိုတာ လရိပ်ရဲ့ အမေလေ။ ကိုရည်မွန်က လကလေးကို ခဏထားခဲ့ပြီး ရန်ကုန်ရောက်တဲ့အချိန်မှာ အမေ့ရဲ့ ဒုက္ခကို ကယ်တင်လိုက်တယ်။ နောက်မှ လကလေးရှိရာ မန္တလေးကို ပြန်သွားတဲ့အခါမှာ လကလေးကို မတွေ့ရတော့ဘူး။ အခုတော့ အားလုံး ပြန်ဆုံကြပြီ"

"သမီးက အဖေကို ရှာဖို့ ရန်ကုန်ရောက်လာတဲ့အခါမှာ အဖေ ဖြစ်သူ ကျင်လည်ရာ စင်တင်လောကထဲ အရင်ဝင်ကြည့်ခဲ့ရတာ။ သားအဖ ပြန်တွေ့ပြန်တော့ သားအဖ နှစ်ယောက်လုံး သားအဖ အရင်းတွေပါ ဆိုပြီး လူတွေထဲမှာ ချမပြရဲခဲ့ကြရှာဘူး။ တကယ်တော့ အခု မင်းတို့ သုံးယောက်လုံးဟာ ဦးရည်မွန်ရဲ့ သွေးသားစစ်စစ်တွေချည်းပါပဲ။ ရုပ်ရှင်တွေ ဇာတ်လမ်းတွေထဲကလို တစ်ယောက်ယောက်က မွေးစားတာတို့ ကောက်ရတာတို့၊ သူများကလေး ဖြစ်နေတာတို့ အဲလိုတွေ ပြန်ဖြည်ပြပြီး ကောင်လေးနဲ့ ကောင်မလေး ညားကြတဲ့အဖြစ်မျိုးက ဘယ်လိုမှ ဖြစ်မလာနိုင်ဘူး ရဲရင့်။ မင်းတို့ သုံးယောက်စလုံးဟာ ကိုရည်မွန်ရဲ့ သွေးစစ်စစ်တွေ၊ ကိုရည်မွန်ရဲ့ သားသမီးတွေချည်းပဲဆိုတာ ငါတို့ မိခင် သုံးယောက်လုံးက အသိဆုံး။ အာမ အခံဆုံးပဲ သားတို့ရေ"

ပြောအပြီးမှာ အမေသည် ရဲရင့်ကို ကြည့်လိုက်၏။ အဖြစ်ဆိုးလိုက်တာ။ တကယ့်ကို သွေးရူးသွေးတမ်းနဲ့ သွေးပျက် ချောက်ချားစရာကြီးပါလား။ ရဲရင့်၏ ခန္ဓာကိုယ်ထဲမှ သွေးတွေသည် ဆောက်တည်ရာမဲ့ လှိုက်ဆူ ရှန်းကန်နေ၏။ အမြင်တွေအားလုံးကို မြင်လွှာသည် ပြတ်သားသော ဆုံမှတ်ဖြင့် မဖြတ်နိုင်။ ရဲရင့်သည် ဆိုဖာပေါ်မှာ ထိုင်လည်း မထိုင်၊ ထလည်း မထဘဲ ကုန်းကွကွကြီး ဖြစ်နေ၏။ လက်ချောင်း ဆယ်ချောင်းက





ဆံပင်တွေထဲကို လုပ်မိလုပ်ရာ ထိုးဖွနေသည်။ မျက်လုံး မျက်ဆန်တွေက ရူးသွပ်သူတစ်ယောက်လို ဝဲလည်လှည့်နေသည်။ သူ့နှုတ်မှ တောင်စဉ်ရေမရ စကားတွေ ညည်းတွားနေသည်။

"ဘုရား... ဘုရား သေတော့မလို့၊ အကြီးအကျယ် ဒုက္ခရောက်တော့မလို့။ မောင်... မောင်နှမချင်း... ဘုရား... ဘုရား၊ ဘာတွေလဲ... ဘာတွေလဲ အဖေရာ၊ အနောက်ပဲ... အဖေက... မောင်နှမတွေပါ... မောင်နှမတွေပါ... ဘုရား... ဘုရား"

မျိုးရည်သည် ရဲရင့်ကို ကြည့်လျက် လက်ညှိုးထိုးကာ တဟာစ်ဟာစ် ရယ်မောနေသည်။

"ဟာစ်... ဟာစ်... ဟာစ် ငါ ပြောသားပဲကွာ။ မျိုးရည်... ရဲရင့်ရည်... လရိပ်ရည်...း ဟာစ်... ဟာစ်... ဟာစ်၊ သွေးက ပျစ်တယ်။ မကျဲဘူး။ လရိပ်ရည်... ဟာစ်... ဟာစ် ဒါပေမဲ့ ငါ့အဖေကျတော့ ဦးမျိုးဦး တဲ့ကွာ ဟာစ်... ဟာစ်... ဟာစ်"

သူတို့နှစ်ဦးကို ကြည့်လျက် လရိပ်၏ ရင်သည် နင့်လှိုက်လာ၏။ လရိပ်၏ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသော်လည်း စကားသံက ပွင့်ထွက်မလာ။

သူတို့မောင်နှမ သုံးဦးစလုံး၏ မျက်လုံးအိမ်များမှာတော့ မျက်ဝန်းမိုးစက်တွေ ဖြိုင်ဖြိုင်ရွာချနေကြသည်။

ဤသည်တို့မှာ တရားခံ မည်သူ၏ 'အနောက်' ဖြစ်သည်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

နံပါတ်တစ် တရားခံမှာ ဦးရည်မွန် ဆိုသော ရည်မွန်ဆိုသည့် လူငယ်တစ်ယောက် ဟု ဆိုနိုင်သော်လည်း စင်စစ်မှာမူ ရည်မွန်အား 'အနောက်' ပေးခဲ့သူတို့မှာ သန္တာရီ... လကလေးနှင့် မြခက်နွယ် ဟူသော မိန်းကလေး သုံးယောက်သာ ဖြစ်သည်။

ပြောရမည်ဆိုပါလျှင်...

■



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ဦး အိမ်ထောင်ပြုတယ်ဆိုတာ
သူ သိကျွမ်း ရင်းနှီးခဲ့တဲ့ အမျိုးသားအားလုံးရဲ့ အာရုံစိုက်မှုကို
အမျိုးသားတစ်ဦးတည်းရဲ့ အာရုံမစိုက်မှုနဲ့
အလဲအလှယ်လုပ်လိုက်တာပဲ ဖြစ်ပါတယ်။

ဟယ်လင် ရိုးလင့်
**Helen Rowland**

/ Helen Rowland ဟာ နှစ်ဆယ်ရာစုဆန်းပိုင်းက အမေရိကန် သတင်းစာ ဆရာမတစ်ဦး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ သူများနဲ့မတူတဲ့ ထူးခြားတဲ့ ဇဝနဉာဏ်နဲ့ ထက်မြက်တဲ့ အတွေးနဲ့ အကိုးအကားတွေ ထုတ်နုတ်ခဲ့သူ။ ဗိတိုရိယ ဘုရင်မ ခေတ်က အမျိုးသမီးဆိုပေမယ့် ဒီနေ့ခေတ်အထိ သူ့ အကိုးအကားတွေက တောက်ပနေဆဲ. . . /



ယောက်ျားတစ်ယောက်ဟာ ကိုယ့်ထက် အတွေးအခေါ် အသိဉာဏ်သာတဲ့ မိန်းမ တစ်ယောက်ကို ဘယ်တော့မှ လက်မထပ်ပါဘူး။ လက်ထပ်ရင်လည်း အဲဒီ နေ့ဟာ တုံး ဆိုတာ သူ့ဘာသာ ချက်ချင်း မသိလိုက်လို့ပါပဲ။

လူနော်က်
***(11:25 P) 10 Jun 96***

/ ကိုယ့်ကိုယ်ကို တုံးလို့ သိလိုက်တဲ့အချိန်ဟာ သူ့ဘေးမှာ ကိုယ့်ထက် တုံးတဲ့ တုံးကို တွေ့လိုက်ရတဲ့အချိန်ပါပဲ. . . /



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## တစ်ရေးနိုးအတိတ်

နှစ်ကိုယ်တူချစ်သမျှတွေ x x x အလိုတူ ရှစ်ဆက်နေ
x x ကြည်သာပြုံး x x x မမုန်းတမ်းစိတ်မှာလေ x x x ဒီပါလုံး
x x တစ်မိုးအောက် x x တစ်ယောက်ထင်နေ x x မောင့်ချစ်ပန်း
တွေ x x တစ်မျိုးလန်းနေ x x မညှိုးနွမ်းပေ x x x

စန္ဒရားခလုတ်ပေါ်မှ ရည်မွန့် လက်ချောင်းသွယ်သွယ်တို့ အတီးကွက် ဖော့အချလိုက်မှာပင် သန္တာရီအား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ သူ့အကြည့်ကြောင့် သန္တာရီ ရင်မှာ လှပ်ခနဲ ဖြစ်သွားကာ အဆိုပိုင်းမှာ အဝင်နောက်ကျသွားသည်။

အသည်းနှင့်အောင် x x x သစ္စာဆိုစကားတွေ x x x
ချစ်ကမ္ဘာတိုင်လေ x x x မေတ္တာမယိုင်ပေ x x x ချစ်သူတို့
လျှောက်သောနယ်မြေ x x ရာသက်လုံး အသည်းစိုင် x x x
စွဲတည်နေ x x x အမြဲမသွေ x x x





အဏ္ဏဝါသီတာ x x ကဲစိုင် x x ပြန်တစ်ရာညီညာ x x
မြဲခိုင် x x သံသရာလည်း x x ဆုံးစေ x x ဆုံးစေ x x ပြန်
တစ်ရာလည်း x x မမုန်းပေ x x မမုန်းပေ x x ချစ်ဝိမာန် x
x လှမ်းအတူ x x ပြိုင်မယ်လေ x x x

ရည်မွန်က သန္တာရီ့ မျက်နှာကို နှစ်လိုဖွယ် နှုတ်ခမ်းတွေနှင့်အတူ ငုံးစူးနစ်နစ်လေး ကြည့်လိုက်သည်။ နှလုံးသားသို့တိုင် စူးနစ်စိုက်ဝင်သွားသော အကြည့်ဖြစ်သည်။ ပြီးတော့ ရည်မွန့်မှာ ဘယ်ဘဝက ပါခဲ့လေသော ကံအကျိုးပေးလည်း မသိ။ ရည်မွန်၏ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးတတ်သော အပြုံးကို ကောင်မလေးတွေ သဘောကျကြသည်။ အပြုံးသည် ရင်တစ်ခုလုံးနှင့် ပြုံးသော အပြုံး။ ရည်မွန့်အတွက် အန္တရာယ်အများဆုံး၊ ဒုက္ခအပေးဆုံး အပြုံး။

CHO : ပိုင်းအရောက် နှစ်ယောက်အတူ ဆိုရမည့်အချိန်မှာတော့ အဖြူနှင့် အနက် ခလုတ်များပေါ်မှာ ပြေပြေအိအိလေး လူးလာ ပြေးဆော့နေသော ရည်မွန်၏ လက်ချောင်းတွေကို သန္တာရီက ဆွဲယူ ဆုပ်ကိုင်လိုက်သည်။ ရည်မွန့်နေရာမှာ တခြားသူတစ်ဦးသာဆိုလျှင် ဒေါသဖြစ်မည် မှန်သော်လည်း ရည်မွန်ကတော့ ဒေါသမဖြစ်ဘဲ သန္တာရီ့အား ပြုံးပြလိုက်သည်။

"ဘယ်လိုဖြစ်သွားရပြန်တာလဲ ကရဝိက်ကလေး။ ကိုယ့်ကို ဘာများအလိုမကျတာ ရှိလို့လဲဟင်"

ဦးခေါင်းကို သွဲ့သွဲ့ရမ်းခါလိုက်ပြီး သန္တာရီ သက်ပြင်းချ၏။

"ဟောဗျာ... သက်ပြင်းတွေတောင် ချလို့ပါလား။ ဘာပြဿနာများရှိနေလို့လဲ။ ပြောလေ... ကရဝိက်ကလေး၊ ကိုယ် ဘာလုပ်ပေးရမလဲ"

ပြောကာမှ ပိုဆိုးသွားသည်။ သန္တာရီသည် အင့်ခနဲ ရှိုက်လိုက်ပြီး စန္ဒရားရှေ့မှာ ရပ်လိုက်သော ရည်မွန်၏ ရင်ခွင်မှာ ခိုဝင်ဖက်တွယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ရည်မွန်၏ လက်ချောင်းတွေက သန္တာရီ၏ ကျောပြင်အား အလိုက် သင့် ပွေ့ဖက်ထားသည်။ သန္တာရီ၏ အင်္ကျီက ပါးလွန်းသည် ထင်မိ၏။ ရည်မွန်၏ နှလုံးခုန်သံသည် တစ်စ တစ်စ ပြင်းထန်လာ၏။ သန္တာရီက ရည်မွန့်ကို တင်းတင်းဖက်လိုက်ပြီး ပြောသည်။

"သန္တာ့ကို လက်ထပ်ပါ ကိုရည်မွန်"

သန္တာရီ၏ စကားကြောင့် ရည်မွန့် ကိုယ်ကြီး ဆတ်ခနဲ ခါသွား သည်။ နည်းနည်းတော့ စောသည်ဟု ထင်မိသည်။ မကြောင့်မကြ နေနိုင် ရန် သူ ငွေရှာချင်သေးသည်။ ဒါပေမဲ့ သန္တာရီဘက်မှ ဘာပြဿနာရှိ လေသည် မသိ။

"အိမ်က ပြန်လာခဲ့ဖို့ ပြောနေပြီ။ ကျောင်းပြီးတာ တစ်နှစ်ကျော် သွားပြီ။ ဘာ Speaking မှလည်း ဆက်မတက်နဲ့တော့တဲ့။ မိတ္ထီလာကို ပြန်လာတဲ့။ သန္တာ့ကို အိမ်ထောင်ချပေးမလို့တဲ့ ကိုရည်မွန်"

ရည်မွန် ယခုမှ သဘောပေါက်သွားသည်။ သန္တာရီ၏ လက်ထပ်ရန် တောင်းဆိုမှုကို ငြင်းပယ်ရန် အားနာမိသည်။ လောကမှာ ချစ်သူက လက်ထပ်ရန် တောင်းဆိုမှုကို ငြင်းပယ် အချိန်ဆွဲသော ယောကျ်ားလေး တစ်ယောက်အား အဘယ်မိန်းကလေးကများ ရွေးခရီးအတွက် ဆက်လက် ယုံကြည်ပါမည်နည်း။ ပြီးတော့ ရည်မွန် ဆိုသည့် ဤသူငယ်သည် မိန်း ကလေး များအတွက်ဆိုလျှင် လူရော၊ နှလုံးသားရော အညာလွယ်သည့် သူ။

ဒီတော့လည်း...

● ● ●

သန္တာရီ၏ ဆန္ဒအရ နောက်ရက်မှာ ရည်မွန်နှင့် သန္တာရီ တရားရုံး မှာ လက်မှတ်ရေးထိုးလျက် လက်ထပ်လိုက်ကြသည်။ ပြီးနောက် နန်းရှေ့ မှာ ရှိသော သူငယ်ချင်း၏ လွတ်နေသည့် တစ်ထပ်တိုက်လေးမှာ နေကြ





သည်။ ရှမ်းပွဲရပ်မှာ ရည်မွန့်အိမ် ရှိသည်။ မိသားစုအားလုံးက စီးပွားနွယ် ရာ ရန်ကုန်မှာ။ တိုက်ကြီးတစ်တိုက်လုံးမှာ ရည်မွန် တစ်ယောက်တည်း ရှိသည် မှန်သော်လည်း သန္တာရီအား ပတ်ဝန်းကျင်မှ အထင်အမြင်သေး မည်စိုးသည့်အတွက် ရည်မွန်က ခေါ်မသွားပါ။

မင်္ဂလာဦးညမှာ ရည်မွန်က သန္တာရီ့အား သူ့ဆန္ဒကို ဖွင့်ဟ၏။

"တစ်သက်လုံး မင်းအနားမှာပဲ ရှိနေမယ်လို့ ကတိပေးပါတယ် တရဝိက်ကလေးရေ၊ အခုတော့ မင်းနဲ့ ငါ နှစ်ယောက်တည်းပေါ့။ နောင် မှာတော့ ကိုယ်တို့ကြားမှာ ချစ်စရာကောင်းတဲ့ ဖအေတူ ကလေးလေးတွေ ကိုယ်တို့ ဖိတ်ကြားချက်အရ ရောက်လာတော့မှာလေ။ ကျေးဇူးပြုပြီး ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲ လာလာ နာမည်နောက်မှာတော့ ကိုယ့်နာမည် 'ရည်' ဆိုတာကို ထည့်ပေးပါ။ ကျေးဇူးပါ ကရဝိက်ကလေး"

သန္တာရီက ရှက်ရွံ့ ခေါင်းငုံ့ထားလေသည်။

● ● ●

ကြင်စဦးဆိုတော့လည်း ကြည်နူးစရာ။ ဒါပေမဲ့ (၁၇) ရက်မြောက် နေ့မှာတော့ သန္တာရီက မိတ္ထီလာသို့ ခဏပြန်မည်ဟု ဆိုလာသည်။ သူ့ပါ တစ်ခါတည်း အတူလိုက်ခဲ့ရန် သန္တာရီ ခွင့်မပြုပါ။

သန္တာရီက လက်ထပ်စာချုပ်လေး နှစ်ရွက်ကို လက်မှာ ကိုင်လျက် ထောင်ပြသည်။

"ဒီမှာလေ ကိုရည်မွန်ရဲ့၊ ဒါတွေပါလာပြီ။ အမေတို့ကို ဒါလေး နှစ်ရွက် ထုတ်ပြလိုက်တာနဲ့ ပွဲက ပြီးသွားပြီလေ။ သုံးရက်၊ လေးရက်နေ မှ ထုတ်ပြမှာပါ။ အမေတို့ကို ဒီကြားထဲမှာ နားလည်အောင် ပြောထား နှင့်မယ်။ နောက် (၁၀) ရက်ဆို လကုန်ပဲ။ ကိုရည်မွန် လကုန်တာနဲ့ မိတ္ထီလာ ကို တန်းလိုက်ခဲ့ပါ။ အခုတော့ လိုက်မပို့နဲ့ဦး၊ အမေတို့က ဈေးချိုအား (၂၈) လမ်းက အန်တီငြိမ်းဆီက စောင့်နေမှာ"

www.burmeseclassic.com



*လက်ထပ်စာချုပ် တစ်ရွက်ကို သူဆီ ထားခဲ့ဖို့ စဉ်းစားမိလိုက်သည်။* ဒါပေမဲ့ ယောက်ျားလေးက တောင်းသည်ဆိုသည်မှာ သန္တာရီ့အား မယုံကြည်၍ တောင်းသည်ထင်မှာ စိုးသည့်အတွက် အားနာ၍ မတောင်းဖြစ်ခဲ့။ ဤသို့ မတောင်းဖြစ်ခဲ့ခြင်းအတွက် ပြင်မရသော အမှားကြီးတစ်ခုကို နောင်တနှင့်အတူ မကြာမီမှာ လက်ခံ ရရှိလိုက်ပါလေတော့သည်။

● ● ●

(၂၈) လမ်းရှိ အန်တီငြိမ်းတို့ တိုက်ရှေ့မှာ လေးဘီးကားလေး ရပ်သွားသည်။ ကားပေါ်မှ သန္တာရီ ဆင်းလာသည်။ လေးဘီး ပြန်ထွက်အသွားမှာ ခရီးဆောင်အိတ်ကြီးကို အိမ်ရှေ့ မရွှေ့နိုင်သေးဘဲ ပခုံးထက်မှ စလင်းဘတ်ကို ခရီးဆောင်အိတ်ကြီးပေါ် ခဏတင်ကာ ထဘီပြင်အဝတ်မှာပင် အဖြစ်အပျက်က မြန်လွန်းသဖြင့် သန္တာရီ တစ်ယောက် ဟာစ်အော်ဖို့ပင် သတိမရမိဘဲ ငေးကြောင်သွားသည်။ ပြီးမှ နှုတ်ခမ်းတွေက အသံထွက်သွားသည်။

"သ... သ... သူခိုး... သူခိုး ကျွန်မ စလင်းဘတ် ပါသွားပြီ။ ဆိုင်ကယ် ဆိုင်ကယ်နဲ့ လိုက်ကြပါ။ သူခိုး... သူခိုးပါရှင့်"

အားလုံးက အထုပ်အပိုး၊ ဝန်စည်စလွယ်တွေနှင့်ချည်း ဖြစ်နေကြသည်။ လိုက်၍လည်း မီနိုင်၊ တွေ့နိုင်တော့မည် မဟုတ်တော့။ အလစ်သမားက ဆိုင်ကယ်နှင့်ဆိုတော့လည်း မြင်ကွင်းထဲက ချက်ချင်း ပျောက်သွားသည်။ အဖေ၊ အမေနှင့် အန်တီငြိမ်းတို့ ပြေးထွက်လာပြီး သူမအနီးမှာ ရပ်လိုက်သည်။ သန္တာရီသည် မျက်ရည်တွေတွေ စီးကျလျက် ငိုနေ၏။ မှတ်ပုံတင်၊ လိုင်စင်၊ အိမ်ထောင်စုဇယားမိတ္တူ၊ ငွေသားနှင့် စာရွက်စာတမ်းများ အားလုံး ပါသွားပြီ။ အဖေက သူမ၏ ပခုံးအား တင်းတင်းထွေးဖက်လိုက်ရင်း အားပေး နှစ်သိမ့်သည်။

"ငွေကိုလည်း မနှမြောနဲ့၊ မှတ်ပုံတင်နဲ့ လိုင်စင်တွေလည်း အဖေ





တစ်ပတ်အတွင်း ပြန်လုပ်ပေးမယ်။ တိတ်ပါ သမီးရယ်၊ ကြည့်စမ်းကွာ ငါ့သမီးကတော့ ကလေးကြီးကျနေတာပဲဟော့။ ရက်ပိုင်းအတွင်း အိမ်ထောင်ပြုတော့မယ့်ဟာကို ဟိုမှာ မောင်မျိုးဦးလည်း ပါလာခဲ့တယ် သမီး"

အဖေနှင့် ကိုမျိုးဦးတို့က ပါသွားသည်တို့ကို တစ်ပတ်အတွင်း ပြန်လုပ်ပေးနိုင်မှန်း သူမ သိပါသည်။ အဖေတို့ မလုပ်ပေးနိုင်သောအရာမှာ ကိုရည်မွန်နှင့် သူမတို့၏ လက်ထပ်စာချုပ် ဖြစ်သည်။ ဖြစ်ချင်တော့ စာချုပ်နှစ်စောင်လုံး ပါသွားသည်။ ကြီးဝိုင်းထောင့်မှာ သူမ ပိတ်မိသွားပြီ။ သန္တာရီ့အား မည်သူကမျှ လွှတ်ပေးထားတော့မည် မဟုတ်သော အခြေအနေ။ ရည်မွန့်မျက်နှာက အာရုံမှာ ဝင်ရောက်လာ၏။ ရင်မှာ နင့်လာ၏။ မျက်လုံးတွေ ဝေဝါးလာသည်။ သူမ ဘာမျှ လှုပ်ရှားမရတော့ပြီ။

● ● ●

လကုန်တော့ ရည်မွန် တစ်ယောက် တက်ကြွသော ခြေလှမ်းတွေနှင့် မိတ္ထီလာသို့ လိုက်ချလာသည်။ ကံကြမ္မာက ရက်စက်လွန်းအားကြီးသည်။ နှစ်ဖက်မိဘတွေ အမြန်စီစဉ်လိုက်သော သန္တာရီနှင့် မျိုးဦး တို့၏ မင်္ဂလာပွဲကလည်း လကုန်မှာ တစ်ရက်တည်း ဖြစ်နေသည်။

ကွဲကြေနေသော ရင်အစုံနှင့် အပူရုပ်ကို ဟန်ဖိုးကာ ကရဝိက်ကလေး၏ မင်္ဂလာပွဲကို အသက်ကယ် အပြုံးတစ်ခု ယဲ့ယဲ့ပြုလျက် နှုတ်ဆက်ထွက်လာခဲ့သည်။

အက်ကြောင်းတွေ ဗရပွနှင့် ကျိုးကြေနေသော ရင်ဘတ်ကြီးကမိန်းကလေး တစ်ယောက်၏ အချစ်အား လေးစားစွာ နှုတ်ဆက်ခဲ့ပါသည်။

● ● ●

"ယောက်ျားတို့မည်သည် ထမင်းစားလျှင်တောင်မှ လိုက်ပွဲကလေးနှင့်မှ ဖြောင့်ဖြောင့်စားတတ်သည်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အကြိုအကြား ချောင်ဂလောင်မှ ပညာရှိက ဤသို့ ဆိုရေးရှိခဲ့သည် မသိသော်လည်း ရည်မွန်ကတော့ ဤအဆိုကို ရာနှုန်းပြည့် လက်ခံသည်။ ဤသည်ကြောင့်လည်း ရည်မွန်က အရာတိုင်းမှာ စပယ်ပတ်စ် (Spare Parts) အပိုပစ္စည်းလေးတွေ အသင့်ထားတတ်သည့် ဗီရိုယနှင့် အကျင့်လေး ခိုင်တည်နေ၏။ ပျက်စီးသွားသည့် အစိတ်အပိုင်းအတွက် နှမြောတ,သချိန် မရှိလိုက်ရအောင်ပင် အပိုပစ္စည်းလေးကို ချက်ချင်းလဲပြီး အစားထိုး တပ်ဆင်ပစ်တတ်သည်။

မိတ္ထီလာမှ ပြန်ရောက်ပြီး ညနေခင်းမှာပင် လကလေးသည် သူမ၏ Sunny အဖြူလေးကို မောင်းလျက် ရည်မွန်ရှိရာ ရောက်လာ၏။ လကလေး၏ ကားထဲမှ ကက်ဆက်က စိုးပိုင်၏ အဆွေးသီချင်းတစ်ပုဒ်ကို ဖွင့်ထားသည်။ သီချင်းကလည်း တမင်လုပ်ကြံထားသည့်နှယ်...

နေရောင် x x တောင်စွယ်မှာကွယ်ရင် x x x ငွေလမင်း
လေး x x ထွန်းလင်းလာမယ်ဆို x x x မာယာရှင်လေး x x x
မှုန်းသွားရင် x x x ကြင်နာသူလေး x x x ရောက်လာမယ်xx

စိတ်ထဲမှာတော့ သည်တိပ်ခွေကို ဆွဲထုတ်ကာ တစ်စစီ အားရှိပါးရှိကြီး ထုထောင်း ချေမွပစ်နေ၏။ အပြင်ပုံပန်းမှာတော့ ဖွင့်ထားသော သီချင်းအား ဂရုမစိုက် မကြားမိသည့်ဟန်နှင့် လကလေးအား ရွှန်းရွှန်းစားစားကြီး ပြုံးပြလိုက်၏။ သည်အပြုံးကြောင့် လကလေးမှာ နေမမြင်ရပေခဲ့သည့် မြောက်ဝင်ရိုးစွန်းသို့ ရောက်သွားသလို ရင်ထဲ အေးဆင်းသွားရလေသည်။ လကလေးသည် ရည်မွန့် မျက်နှာအား တည်တည်စူးစူးလေး ကြည့်နေရှာ၏။ ရည်မွန်က နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလျက် ခရီးဦးကြိုစကား ဆိုလိုက်၏။

"ငါ့ကို အကြာကြီး ပစ်ထားပြီး အခုမှ တစ်ရေးနိုးလို့ ရောက်လာတဲ့ ဖြူဖြူသေးသေး ချစ်သူလေးရဲ့ တွေ့တွေ့ချင်း မိန့်တော်မူမယ့် စကားကို





နာခံရန် ကျွန်တော်မျိုး ရည်မွန် မဝံ့မရဲ ငံ့လင့်နေမိကြောင်းပါ သခင်မဖုရား"

သူ့စကားကြောင့် လကလေး၏ နှုတ်ခမ်းလေး စပြီး ပြေလျော့သွားသည်။ ပြီးတော့ လကလေး အတည်ပြောသည်။

"မိတ္ထီလာက ကောင်မလေး တစ်ယောက်နဲ့ အစ်ကို ရည်မွန် လက်ထပ်လိုက်တယ် ကြားတယ်။ အဲဒါ တကယ်လား အစ်ကိုရည်မွန်"

ရည်မွန်က ကောင်းကင်ကို မော့ကြည့်လိုက်ရင်း ဦးခေါင်းကို တစ်ချက် ယမ်းကာ 'ဟက်' ခနဲ ရယ်ပစ်လိုက်သည်။ ပြီးတော့ လကလေး၏ ချက်နှာအား ကြည့်လိုက်သည်။

"သတင်းဆိုတာ ခိုင်လုံ တိကျမှု မရှိရင် အတင်းဖြစ်သွားတယ်၊ ကောလာဟလ ဖြစ်သွားတယ် လကလေးရဲ့"

"သူ့နာမည်က သန္တာရီတဲ့။ မိတ္ထီလာက"

"ရပြီ၊ အဲလောက်သိရရင် ရပြီ၊ လကလေး ခဏနော်"

ရည်မွန်က လကလေးကို လက်ကာပြ စကားဟန့်လိုက်ရင်း ဧည့်ခန်းစားပွဲပေါ်မှ အမှတ်တရအဖြစ် ပွပွနွှေးနွှေးယူလာခဲ့ ဖိတ်စာလေးကို လကလေး လက်ထဲ ထည့်လိုက်၏။

"သန္တာရီက အစ်ကိုရည်မွန့် သူငယ်ချင်းပါ။ ခုနကပဲ အစ်ကိုလည်း အဲဒီ မင်္ဂလာဆောင်က ပြန်လာတာ ဖင်ပူအောင်တောင် မထိုင်ရသေးပါဘူး သခင်မလေးရယ်"

လကလေးက သန္တာရီ၏ မင်္ဂလာဆောင် ဖိတ်စာလေးကို ဖတ်ကြည့်ရင်းမှ မျက်နှာလေး မဲ့သွားကာ မေတ္တာပို့သံလေး ကြားလိုက်ရ၏၊

"တောက်... သေပါစေတော်... သေနာမတွေ၊ တော်ပြီ နောက်ဆို သူတို့ ဘာလာပြောပြော မယုံတော့ဘူး"

မိန်းမတွေများ တော်တော် ရယ်စရာကောင်းပါလား။ ရည်မွန်က ရယ်ချင်လာ၍ တစ်ဖက်သို့ လှည့်ကာ ကျောပေးလျက် အရယ်လိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လကလေးသည် သူ့နောက်ကျောပြင်မှာ မျက်နှာအပ်လျက် သူ့ကို နောက် မှ ဖက်ထားလိုက်လေသည်။ ပြီးတော့ ရည်မွန့် ကျောပြင်အား ဖွဖွလေး ကိုက်လိုက်ပြီး တိုးတိုးလေး ပြောသည်။

"လကလေးကို လက်ထပ်ပါလား အစ်ကိုရည်မွန်"

လကလေး၏ စကားကြောင့် ရည်မွန့် ကိုယ်ကြီး ဆတ်ခနဲ ခါသွားသည်။

"အဲဗျာ ဒီကလေးမ ဘာများ အဆန်းတွေလုပ်လာတာလဲ။ လကလေးနဲ့ မကြောင့်မကြနေရဖို့ အစ်ကို ရည်မွန် ငွေရှာချင်သေးတယ်။ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောရရင် အစ်ကိုရည်မွန်က အခုပဲ လကလေးကို လက်ထပ်ပြီး ပြန်မလွှတ်တော့ဘဲ အတူနေချင်တာပါကွာ"

"အဲဒါဆိုလည်း အချိန်မဆွဲဘဲ အခုပဲ ရပ်ကွက်ရုံးတစ်ခုခုကို သွားပြီးလက်ထပ်ကြမယ် အစ်ကိုရည်မွန်၊ လကလေး အိမ်ကို မပြန်တော့ဘူး။ ကိုကြီးကလည်း တရုတ်ပြည်ဘက်ကို ကားတွေ သွားသယ်တာ နှစ်ပတ်လောက် ကြာဦးမယ်။ အိမ်က မိညိုတို့ လင်မယားကိုလည်း လကလေးစိတ်မချတော့ဘူး။ ကိုကြီး သူငယ်ချင်း မင်းခန့်က မိညိုတို့ကို ပေးကျွေးထားတာ။ မင်းခန့်က ညတိုင်း ရောက်လာတယ်။ ကြည့်လို့ကို မရဘူး။ လကလေးကို အမွှလာလုပ်လို့ကတော့ လကလေး ကိုယ့်ကိုယ်ကိုယ်သတ် သေပစ်လိုက်မယ်"

လကလေးမှာ အဖေရော၊ အမေရော ရှေ့ဆင့် နောက်ဆင့် ဆုံးပါးခဲ့သည်။ လကလေး၏ အစ်ကို ကိုကြီးနှင့် မောင်နှမ နှစ်ယောက်သာ ကျန်ခဲ့သည်။ မိဘထားခဲ့သော အမွေက အသင့်အတင့် ရှိသည်။ ကိုကြီးသူငယ်ချင်း မင်းခန့်က ဒီအမွေတွေကို မျက်စိကျနေသူ။ လကလေးခမျာ သူမ၏ လုံခြုံမှုအတွက် စိုးထိတ်နေရရှာသည့်ဘဝ။

ရည်မွန် ယခုမှ သဘောပေါက်သွားသည်။ လကလေးက လက်ထပ်ရန် တောင်းဆိုမှုအား ငြင်းပယ်ရန် အားနာမိပြန်သည်။ ပြီးတော့ ရည်မွန်





ဆိုသည့် ဤသူငယ်သည် မိန်းကလေးများအတွက်ဆိုလျှင် လူရှော နှလုံးသားရော အညှာလွယ်သည့်သူ။ ဒီတော့လည်း...

• • •

သူများတွေ မင်္ဂလာဆောင်တာများ လချီသူက ချီ၊ နှစ်ချီသူက ချီနှင့် အစီအစဉ်တွေဆွဲကာ မင်္ဂလာလေး တစ်ခါဆောင်ဖို့အရေးမှာ သောက်သောက်လဲ ပင်ပန်းလိုက်ကြတာ။ သူ့ကျတော့လည်း မိနစ်ပိုင်း၊ နာရီပိုင်းလေးနှင့် ပြီးသွားသည်။ သူကပဲ အညှာလွယ်၍လား၊ အခြေအနေအရ ချစ်သူမငလေးတွေကပဲ မင်္ဂလာကိစ္စ ကြီယာမချဲ့ကြ၍လား မသိ။ စဉ်းစားကြည့်လျှင် ရည်မွန်သည် ရည်းစားသုံးယောက် တစ်ပြိုင်တည်း ထားခဲ့သူ။ ကလီကမာနှင့် ပိပိရိရိ ရှိခဲ့တော့ ဘာမှ အစမထွက်ခဲ့။ သည်အထဲကမှ ချစ်သူမလေး နှစ်ယောက်သည် တရားရုံးမှာပင် တစ်ပုံစံတည်း မိနစ်ပိုင်းနာရီပိုင်းအတွင်း အကျဉ်းရုံး လက်ထပ်ခဲ့သည်။ အိမ်ထောင်ပြုတယ်ဆိုတာ အူကြောင်ကြီးပါလား။ သူက မိန်းကလေးများကို အလိုလိုက် သဘောကောင်းခဲ့လေ၍လား မသိ။ ချစ်သူမလေး နှစ်ယောက်က ငါဟာ အားနွဲ့တဲ့ မိန်းမသားပဲဆိုသည့် ခံယူချက်ကြီးနှင့် အင်အားသုံးလျက် သူ့ကို ဖက်ပေါ် ဆူးကျလည်း ဆူးကျိုး၊ ဆူးပေါ် ဖက်ကျလည်း ဆူးကျိုးဘဝနှင့် သူမတို့ နှစ်ယောက် နိုင့်ထက်စီးနင်း ပြုခဲ့လေသည်လား မသိ။ နောက်ထပ်ရည်းစားတစ်ယောက် ကျန်သေးသည်။ မြခက်နွယ် တဲ့။ အလှမ်းဝေးသည်။ မိဘတွေချင်းက စီးပွားဘက်တွေ၊ မြခက်နွယ်က ရန်ကုန်မှာနေသူ။ လာထား မြခက်ကျလျှင်တော့ ကရဝိက်နှင့် ဆီဒိုးနား တစ်ခုခုမှာ ဆောင်မှ ငါ လက်ထပ်မည်ဟု ရာဇသံပေးလိုက်မည်။ အဲလိုပဲ သူ့အတွေးတွေက အနှောင်ချေးပန်း ဖြစ်နေသည်။ ဗရပွ ဗရပြွတ်နှင့် ဗရွတ်ရွတ်တ အတွေးများပါငါ၊

မင်္ဂလာဦးညမှာတုန်းကတော့ လကလေးအား ရည်မွန်က သူ့ဆရာ ကို ဖွင့်ဟခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံး မင်းအနားမှာပဲ ရှိနေမယ်လို့ ကတိပေးပါတယ် လကလေးရယ်၊ အခုတော့ မင်းနဲ့ငါ နှစ်ယောက်တည်း နောင်မှာတော့ ကိုယ်တို့ကြားမှာ အော်ကြောလန်လေးတွေ ရောက်လာကြတော့မယ်။ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲလာလာ နာမည်နောက်မှာတော့ ကိုယ့်နာမည် 'ရည်' ဆိုတာကို ထည့်ပေးပါ။ ကျေးဇူးပါ လကလေးရယ်"

လကလေးကလည်း မိန်းမတို့ ဝတ္တရားအတိုင်း ရှက်ရွံ့ ခေါင်းငုံ့နေခဲ့သည်။

• • •

လကလေးသည် နာမည်နှင့်လိုက်အောင်ပင် ဝလုံးလေးတွေ ဝိုင်းရတာ ဝါသနာပါပုံရသည်။ နံနက်လင်းသည်နှင့် ပြက္ခဒိန် ဖယားကွက်ကြီးမှ ယနေ့ ကျရောက်သည့်ရက်ကို သူမ ရောက်သည့်ရက်မှစ၍ အစဉ်အလာမပျက် နေ့စဉ် ဝိုင်းခဲ့သည်။ ရေတွက်ကြည့်တော့ အဝိုင်း တစ်ဆယ့်ကိုးဝိုင်း ရှိခဲ့ပြီ။

သည်အခိုက်မှာပင် တယ်လီဖုန်းသံ မြည်လာသည်။ သူ ကောက်ကိုင်လိုက်သည်။ စောစောစီးစီး အဖေက ရန်ကုန်မှ ဖုန်းဆက်ခြင်းဖြစ် သည်။

"သား ရည်မွန်လား"

"ဟုတ်ပါတယ် အဖေ"

"သား မင်းအမေ ကျန်းမာရေး မကောင်းဘူး၊ သား ခုချက်ချင်း ရန်ကုန်လိုက်ခဲ့၊ သေရေးရှင်ရေး အရေးကြီးတယ်။ မြခက်နွယ်တို့ အိမ်ကို တန်းလာခဲ့၊ ကားကို ဖြည်းဖြည်းမောင်း၊ ဒါပဲ သား"

အဖေက အဲဒါပဲပြောပြီး ဖုန်းချသွားသည်။

အမေ့အတွက် စိုးရိမ်စိတ်တွေက သူ့ရင်မှာ ဗလောင်ဆူနေသည်။ ရုတ်တရက်ကိစ္စဆိုတော့ လကလေးအား အတူခေါ်သွားဖို့ မဖြစ်နိုင်ခဲ့





လကလေးအား တစ်ယောက်တည်း ထားရစ်ခဲ့ရသည်။ ဤအချိန်မှစ၍ လကလေးနှင့် သူ ဝေးကွာသွားရပြီဖြစ်ကြောင်း ဒီအချိန်မှာ သူ မသိခဲ့ပါ။

• • •

မြခက်နွယ်တို့ တိုက်ထဲသို့ သူ ရောက်သည့်အချိန်မှာ မိုးကုပ် စက်ဝိုင်း၌ ဆည်းဆာရည် ပုဇွန်ဆီသွေးတို့ ကြွတက်လျှံဖိတ် လီမွှော်သွေးတို့ နီစွေးချိန်။

ပြင်ဆင် ခြယ်သ ညနေရီအပျိုမ မြခက်နွယ်၊ သွယ်ယိမ်းစိမ်းလက် အုန်းခက်တွေအောက် ဒန်းကလေးပေါ်မှာ သူ့အလာကို စောင့်နေခြင်းသာ ဖြစ်ပါသည်။

မြခက်နွယ်အား တစ်ချက် ပြုံးပြလိုက်ပြီး သူ တိုက်ထဲဝင်လိုက်သည်။ အမေက ဒရင်းဘတ်ပေါ်မှာ သွေးတက် မျက်နှာအမ်းအမ်းနှင့်၊ အဖေက သွေးအေး ငြိမ်းချမ်းသွားဟန် အေးဆေးပါပဲ။

"သူ့ဟာသူ အလကား စဉ်းစားပြီး ပူပန်စိတ်ကြီးတာလေ။ ပူပန်စိတ်ကြီးတော့ ဆောက်တည်ရာမဲ့ပြီး သွေးတက်တာ။ ကဲ... အမေကြီး မင်းသားက အမေ့စကား နားထောင်မယ့် သားလိမ္မာကြီးပါဗျာ၊ ကဲ... ပြောလိုက်လေ"

ရည်မွန်က အမေ့ရှေ့မှာ ဒူးထောက်ထိုင်လိုက်ရင်း အမေ့လက်တွေကို အုပ်ကိုင်လိုက်သည်။

"ပြောပါ အမေ၊ ကျွန်တော် ဘာလုပ်ပေးရမလဲဟင်"

အမေက သူ့လက်တွေကို ပြန်လည် ဆုပ်ကိုင်ပြီး ပြောသည်။

"ရှေ့မှာ မြခက် သားကို စောင့်နေတယ်၊ မြခက်နဲ့ သား ချစ်သူတွေ ဖြစ်နေတာ မနက်ကမှ အမေ သိရတယ်။ သား မြခက်ဆီ သွားလိုက်ပါ၊ မြခက်ကို ကိုရည်မွန် လက်ထပ်မယ်လို့ ပြောလိုက်ပါ"

ရည်မွန်သည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သူ့ကြောင့်အ



www.burmeseclassic.com

ကြမ္မာ၏ ရက်စက်ခြင်းတွင် ယခုအခါ အလှည့်ကျသူမှာ လကလေး ဖြစ်သွားပြီဟု သူ သိလိုက်ပါလေပြီ။

● ● ●

ရည်မွန်က မြခက်နွယ် နံဘေးမှာ ထိုင်လိုက်သည်။ မြခက်နွယ်၏ သွင်ပြင်က အေးစက် တည်ငြိမ်လွန်းနေသည်။ မြခက်နွယ်သည် ရည်မွန့် မျက်နှာကို လုံးဝ မကြည့်ပါ။ ပြီးတော့ သွေ့ခြောက်စကားတွေ မြခက် ပြောသည်။

"မြခက် အစီအစဉ်တွေ အားလုံးပြီးသွားပြီ။ ခန်းဝင်ပစ္စည်း၊ ဟိုတယ်မှာ ရက်ယူတာ၊ ညစာစားပွဲ၊ dinner၊ မိတ်ကပ်က အစ အားလုံး မြခက် စီစဉ်ပြီးပြီ"

ရည်မွန်သည် မြခက်အား မမြင်ဖူးသူတစ်ယောက်လို မှင်သက်ကာ ကြည့်နေမိလေသည်။ စကားတွေက တောင်စဉ်ရေမရတွေပါလား။

"ဒေါက်တာ ရဲရင့်ရန်ရှင်းကို ကိုရည်မွန် သိတယ် မဟုတ်လား။ ဒီ အိမ်မှာ မြခက်ဆီ လာလာနေတာလေ။ သူလည်း မန္တလေးက ထရန်စဖာ ပဲ"

မြခက်နွယ်၏ စကားတွေက ခုန်နေသည်။ ဆက်စပ်မှုမဲ့နေသည်။ မဆက်စပ်သေးတော့ ဆိုလိုရင်းနှင့် ဝေးနေ၏။ စင်စစ် ရဲရင့်ရန်ရှင်းသည် ရည်မွန် လုံးဝ မတွေ့ချင်ဆုံးသော သူငယ်ချင်းပင်။ သူငယ်ချင်းဆိုသော်လည်း သူထက် ရှစ်နှစ်ကြီးသည်။

"ကိုရည်မွန် ဒေါက်တာ ရဲရင့်ရန်ရှင်းနဲ့ ဆက်စပ်မှု ရှိလား၊ မရှိ လောက်ဘူးနဲ့ တူပါတယ်။ သူက မြခက်တို့နဲ့ အသက် ကိုးနှစ်လောက် ကြီးတယ်"

"သူနဲ့ ဆက်စပ်မှု မရှိပါဘူး မြခက်နွယ်"

"သူက မြခက်ကို လက်ထပ်ဖို့ ကမ်းလှမ်းထားတယ်။ အဲဒါ... အဲဒါကို





မြခက်ရဲ့ချစ်သူကို မြခက် အခု ပြောပြနေတာ။ အခုအချိန်မှာ မြခက်တို့ ကိုရည်မွန် လက်မထပ်ရင် မြခက် ရဲရင့်ရန်ရှင်းနဲ့ လက်ထပ်မယ်"

ကြောက်စရာ စကားကြီးပါလား။ ဒီမိန်းမ ရူးသွားပြီလား မသိ၊ ရည်မွန် ကြည့်နေဆဲမှာပင် မြခက်နွယ်သည် အရူးတစ်ယောက်လို ခေါင်းကို ယမ်းခါနေ၏။ ရည်မွန်သည် ထိတ်လန့်စွာဖြင့် မြခက်နွယ်အား မလှုပ် နိုင်အောင် ထွေးဖက်လိုက်၏။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ မြခက်ရယ်၊ ကိုရည်မွန်နဲ့ မြခက် လက်ထပ်ကြမယ်... လက်ထပ်ကြမယ်လေ"

ပြောအပြီးမှာ အမေ့မျက်နှာကို ရည်မွန် ပြေးမြင်မိလိုက်သည်။

● ● ●

ရန်ကုန်မှာ မြခက်နွယ်နှင့် ရည်မွန် မင်္ဂလာဆောင်ပွဲ ကျင်းပဖြစ်သည်။ ဆီဒိုးနားမှာတော့ မဟုတ်ပါ ကရဝိက်မှာ။

ရည်မွန် ရန်ကုန်ရောက်ပြီး နောက်ရက်မှစ၍ မန္တလေး အိမ်ကို ဖုန်းဆက်သည်။ လကလေးက ဖုန်းတစ်ခါပဲ ကိုင်သည်။ အိမ်ရှေ့မှာ မင်းခန့် က လာချောင်းနေသည်။ နောက်ရက် ဖုန်းမကိုင်လျှင် မစိုးရိမ်ဖို့၊ လုံခြုံရာ မှာ သူမ ရောက်သွားပြီဟု နားလည်ဖို့ လကလေး ရှင်းလင်းစွာပြောသည်။ ထို့နောက် လကလေးကို သူ ဘယ်လိုမှ ဆက်သွယ်လို့ မရတော့ပါ။

လက်ထပ်ပြီးတော့ မြခက်နွယ်အား ခွင့်တောင်းကာ မန္တလေးသို့ ခဏပြန်ခဲ့၏။ တိုက်တံခါးမကြီးကို ဖွင့်ကာ အိမ်ထဲအဝင်မှာ လကလေး ၏ စာကလေးကို သူတို့ စက်ရာ ခေါင်းအုံးအောက်မှာ တွေ့လိုက်ရ တော့ ရည်မွန် ရင်ဆို့သွား၏။

***အစ်ကို ရည်မွန်***

*မင်းခန့်ရဲ့ ရန်က အန္တရာယ်ကြီးလို့ လကလေး သူ ဘယ်လိုမှ*



www.burmeseclassic.com

www.burmeseclassic.com



*တွေ့နိုင်တဲ့ ဝေးရာကို ရှောင်ထွက်သွားပါပြီ။ အစ်ကို ရည်မွန်လည်း လကလေးကို မရှာပါနဲ့။ တွေ့ချိန်တန်ပြီဆိုရင် လကလေး အစ်ကို ရည်မွန်ကို ဆက်သွယ်မှာပါ။ တကယ်လို့များ ရင်သွေးလေး ရလာရင် ဖခင်နာမည်အတွက် လိုအပ်လို့ လက်ထပ်စာချုပ်ကို လကလေး ယူသွားတယ်။ ငွေကို လကလေး လိုရုံလောက်ပဲ ယူပြီး ကျန်တာ အစ်ကိုရည်မွန်ဆီ အပ်ခဲ့ပါတယ်။ ရေစက်ပါလို့ ရင်သွေးလေး ရခဲ့မယ်၊ ကြီးပြင်းလာမယ်ဆိုရင် သူ နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့အခါ သူ့အဖေ ဖြစ်တဲ့ အစ်ကိုရည်မွန်ဆီ လွှတ်လိုက်ပါ့မယ်။ အခု အပ်ခဲ့တဲ့ ငွေတွေကို တိုးပွားအောင် လုပ်ပြီး အစ်ကိုရည်မွန်ရဲ့ သားလေး (သို့မဟုတ်) သမီးလေးရဲ့ ဘဝကို အစ်ကိုရည်မွန် ဆက်ပြီး ပြုစု စောင့်ရှောက်ပေးပါ။*

*တစ်ချိန်မှာ လကလေးနဲ့ အစ်ကို ရည်မွန် ပြန်ဆုံရမယ်လို့ လကလေး ယုံကြည်ပါတယ်။*

*လကလေး*

ဗီရိုကို ဖွင့်လိုက်တော့ ရည်မွန်၏ ရင်သည် ပိုပြီး နင့်လှိုက်သွား၏။ ရှိလား မရှိလား၊ ဖြစ်လား မဖြစ်လား မသိ။ မမြင်ရသေးသော ရင်သွေး၏ အနာဂတ်အတွက် သူ့ကို အပ်ခဲ့သော ငွေတွေ။ မိခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာ၊ ကိုးဆယ့်သုံးသိန်း ဟူသည့် ငွေကြေးပမာဏ။

• • •

ကြာတော့လည်း ကြာခဲ့ပါပြီ။ ယခုဆို နှစ်ဆယ့်ငါးနှစ်ပြည့်ခဲ့ပြီ။ လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်က လကလေး အပ်နှံခဲ့သော ငွေကြေးပမာဏသည် ယခုအခါမှာတော့ အဆ အဆတွေ တက်ခဲ့ပြီ။

ဩော်... ကြာတော့လည်း ကြာခဲ့ပြီပဲလေ။

• • •





"အခု အဖေ ပြောခဲ့တာတွေဟာ မုသားတစ်ခုမှ မပါခဲ့ဘူး၊ မင်းတို့ စိတ်ထဲမှာတော့ ထင်ကြမှာပဲ။ အဖေက ငပွေးကြီး အနောက်ကြီးပေါ့။ မိန်းကလေးသုံးယောက်ကို တစ်ပြိုင်တည်း ရည်းစားထားပြီး 'အနောက်' ပေးခဲ့တာပေါ့။ ဒါကြောင့်လည်း ဇာတ်တွေက ရှုပ်ကုန်တာလို့"

အဖေက စကားကို မဆက်ဘဲ ရပ်ထားသည်။ တကယ့် စဉ်းစားကြည့်တော့ အဖေက 'အနောက်' ပေးခဲ့သည် မဟုတ်။ အဖေ့ကိုသာ အမေတို့ သုံးယောက်က 'အနောက်' ပေးခဲ့ခြင်းပါလား။ ဒါကို ခေတ်ကာလ ကလေး သုံးယောက်က တန်းပြီး မြင်သည်။ အဖေက အမေတို့ သုံးယောက်တို့ အားနာ၍ စကားမဆက်ခြင်း ဖြစ်သည်ကိုလည်း ကလေးတွေက တန်းပြီး သိသည်။

လေက ပြေပြေသွေးဆော့တော့ ဆေးရုံ၏စင်္ကြံမှာ အေးမြ ကြည်လဲ့နေသည်။ လတ်ဆတ်သော စံပယ်ပန်း ရနံ့ကိုလည်း ပါးပါးလေး ရနေသည်။ မသိစိတ်ကြောင့်လား မသိ၊ တစ်ချက်တစ်ချက်မှာ လူနာခန်းဘက်သို့ လှမ်းပြီး ကြည့်မိကြသည်။ လရိပ်၏ မျက်နှာလေး နွမ်းနေ၏။ အခန်းထဲမှာ အမေ ရှိနေသည်။ အဖေက အမေ့ကို အပြည့်စုံဆုံးနှင့် လူနာအတွက် အညင်သာဆုံးဖြစ်သော အရေးပေါ် လူနာတင်ကားနှင့် ရန်ကုန်ကို ခေါ်လာခဲ့သည်။ ပြီးတော့ ကျောက်ကပ်ရောဂါရှင်များအတွက် အကောင်းဆုံး ဖြစ်သော ဒီဆေးရုံကြီးမှာ အမေ့ကို ကုသပေးသည်။ မိတ္ထီလာမှာတုန်းက အဖေနှင့် အန်တီသန္တာရီ လိုက်သွားစဉ်က အမေနှင့် ဖုန်းပြောခဲ့သည်။

သည်တုန်းက ရှင်လန်း အားတက်နေသော အမေ့အသံသည် စိတ်ကြောင့်ဖြစ်မှန်း ယခုတော့ လရိပ် သိခဲ့ပြီ။ အစ်ကို နှစ်ယောက်နှင့် အမေနှစ်ယောက်ကလည်း အမေ့အတွက် စိတ်မကောင်းကြ။ လူတစ်ယောက် သေငယ်ဇောနှင့် မြောချိန်ဝယ် ဘဝကူးဖို့ အခက်ခဲ အပင်ပန်းဆုံး အကြောင်းအချက်မှာ ယခုဘဝကို စိတ်မဖြောင့်ဘဲ ကြောင့်ကြစိတ်၊ အငြိုးစိတ်၊ တွယ်မိ ဖက်တွယ်ထားသောစိတ် ဖြစ်သည်။ အမေ့မှာ အဲဒီစိတ်တွေ

www.burmeseclassic.com



မရှိတော့။ ချမ်းမြေ့ ပျော်ရွှင်စရာ တင့်တယ်သော အဝန်းအသိုက်မှာ သမီး ဘဝ ဆက်လက် ရှင်သန်တော့မည်ကို အမေ သိမြင် ခံစားခဲ့ပြီ။ ခရီးလမ်းအား ဖြောင့်မတ်စွာ သွားနိုင်တော့ပြီ ဖြစ်သည်။ ဒါပေမဲ့ အမေ့ကို သမီး မခွဲပါရစေနဲ့ဦး အမေရယ်။ ဒီအမေ ဒီသမီးမှာ နှစ်ယောက်တစ်ဘဝ ချို့တဲ့စွာ နေလာခဲ့သည်။ ယခု ရွှေပေါ်မြတင် ဘဝ ရောက်ခါမှ အမေက လရိပ်ကို ထားခဲ့ကာ ခရီးရှည်ကြီး ထွက်တော့မည်။ အတွေးကြောင့် လရိပ်၏ ကိုယ်ကလေး သိမ့်ခနဲ ဖြစ်သွားကာ အင့်ခနဲ ရှိုက်သည်။ မျက်ရည်တွေက စီးကျလာ၏။ ရဲရင့်က လရိပ်၏ပခုံးလေးကို ဖက်ထားပြီး နှစ်သိမ့်သည်။

"မငိုနဲ့ မငိုပါနဲ့ဦး၊ ညီမလေး ဘာမှ ဝမ်းမနည်းနဲ့၊ အစ်ကိုတို့ရော အဖေတို့ရော ညီမလေးဘေးမှာ ရှိနေကြပြီလေ။ အားငယ်စရာတွေ ဘာမှ မစဉ်းစားနဲ့ တိတ်ပါကွာ၊ ညီမလေး အဲလို ငိုနေရင် အမေ့မှာ သွားလမ်း မဖြောင့်ဘဲ နေလိမ့်မယ်လေ"

မျိုးရည်လည်း အနားရောက်လာကာ လရိပ်၏ လက်ကို ဖွဖွအုပ်ကိုင်လိုက်သည်။

"ဟုတ်သားပဲ ညီမလေးရယ်၊ အခုဆို ညီမလေးမှာ အစ်ကိုနှစ်ယောက် ရှိနေပြီ။ ဘာမှ အားငယ်ဖို့ မလိုဘူး။ မတွေးနဲ့၊ ဝမ်းနည်းစရာတွေ မတွေးနဲ့တော့ ညီမလေး"

မောင်နှမ သုံးယောက်ကို ကြည့်လျက် ဦးရည်မွန် စိတ်မကောင်းဖြစ်မိသည်။ မျက်မှန်ကို ချွတ်လိုက်ကာ မျက်ဝန်းမှ သီဝေ့လာသည့် မျက်ရည်စတွေကို သုတ်ဖယ်လိုက်သည်။ လကလေး၏ လူနာခန်းဝမှ ပိတ်ထားသော တံခါးချပ်ကြီးကိုလည်း ခဏခဏ လှမ်းကြည့်နေ၏။ လကလေး နေသာထိုင်သာမှ ရှိရဲ့လားမသိ။ စောစောပိုင်းကတော့ လကလေးသည် သူတို့အားလုံးကို တစ်ဦးချင်း နှုတ်ဆက်သည်။ အစ်ကိုနှစ်ယောက်နှင့် မိခင် နှစ်ယောက်အား သမီးလေးကို အပ်နှံသည်။ ပြီးတော့ အမေ ဒေါ်မြခက်နှင့် နှစ်ယောက်တည်း စကားပြောပါရစေ ဟု ခွင့်တောင်းသည်။ သည့်





အတွက် မြခက်နွယ်အား လကလေးနှင့် ထားခဲ့ကာ သူတို့အားလုံး အခန်းအပြင်သို့ ရှောင်ထွက်ခဲ့ကြသည်။ ဦးရည်မွန်က နာရီကို ကြည့်လိုက်သည်။ ဆယ့်နှစ်မိနစ် ရှိပြီ။

လကလေး၏ အခန်းတံခါး ပွင့်သွားသည်။ မြခက်နွယ် ထွက်လာ၏။ မျက်ရည်တွေ စီးကျလာရင်း နှစ်ချက် သုံးချက် ရှိုက်ငိုသည်။ ပြီးတော့ မျက်ရည်တွေ သုတ်ဖယ်ကာ အားတင်းပြော၏။

"သူ ထွက်သွားတော့မှာ၊ အောက်ပိုင်းတွေက အေးပြီး စဆုတ်လာပြီ။ အမြင်တွေလည်း ဆုတ်သွားပြီ၊ ဝေဝါးပြီး ပုံရိပ်ဖမ်းလို့ မရတော့ဘူးတဲ့။ ကဲ... အားလုံး အထဲဝင်ကြရအောင်။ တစ်ယောက်မှ မငိုမိစေနဲ့ မရှိုက်မိစေနဲ့နော်။ ဒါမှ လကလေး ခရီးလမ်းဖြောင့်မှာပါ"

သူနာပြု ဆရာမလေးက ချိတ်ဆွဲထားသော ဆေးပုလင်းကို တစ်ချက် ကြည့်လိုက်ပြီး အလိုက်တသိနှင့် အပြင်ထွက်ပေးသည်။ သူတို့ လကလေး နားသို့ ရောက်မှာ မြခက်နွယ်က သူမ၏အသံကို မတုန်မိစေရန် သတိထားရင်း တိုးတိုးသက်သက် ပြောလိုက်သည်။

"ကိုရည်မွန် ကိုယ်တစ်ပိုင်းကို ခုတင်ပေါ် အားပြုထားပြီး လကလေးကို ရင်ခွင်ထဲထည့် အသာလေး ပွေ့ထားလိုက်ပါ။ ဖြည်းဖြည်း... ဖြည်းဖြည်းနော်၊ ဒီအချိန်မှာ သူ သိပ်နာနေမှာ၊ ရင်ဘတ်ကို ဘာနဲ့မှ ဖိမထားမိစေနဲ့"

ရည်မွန်သည် လကလေးအား ရင်ခွင်ထဲ ထည့်ကာ ညင်သာစွာ ထွေးထား၏။ ပိုက်တန်းလန်းနှင့် ပိန်ဖျော့ဖျော့ သွေးဆုတ်စ လက်ကလေးတို့ ညင်သာစွာ ကိုင်ထားလိုက်၏။ မြခက်နွယ်က တိုးတိုးအုပ်အုပ် ပြောသည်။

"လကလေးကို ပြောပြလိုက်ပါ ကိုရည်မွန်၊ သမီးလေးနဲ့ ရှင်တို့ သားအဖ ပြန်တွေ့ကြပုံလေးကို သူ သိပ်မြင်ချင်တာပဲတဲ့။ အဲဒီမြင်ကွင်းလေး ပြောပြလိုက်ပါ"

အခန်းထဲမှာ တိတ်ဆိတ်နေ၏။ လကလေး၏ နားအနီးမှာ ကပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ရည်မွန်၏ နှုတ်ဖျားမှ တိုးတိုးအုပ်အုပ်လေး ကြေကွဲရင်နင့် ပွင့်ထွက်လာ၏။

"နားထောင်နော် လကလေး၊ တစ်နေ့မှာပေါ့ ချစ်စရာကောင်းတဲ့ အသက် နှစ်ဆယ့်လေးနှစ်အရွယ် သမီးလေးဟာ ရော... ရောဂါသည် အမေ့ကို ထားပစ်ခဲ့ပြီး... သူ မွေးစကတည်းက... တစ်ခါမှ မမြင်ခဲ့ရဖူးတဲ့ ရည်မွန်ဆိုတဲ့ သူ့အဖေ လူဆိုးကြီးကို... ရှာမယ်ဆိုပြီး... ရန်ကုန်ကို ထွက်လာခဲ့တယ် တဲ့။

အဲဒီ... အဲဒီ ချစ်စရာကောင်းတဲ့ သမီးလေးရဲ့ လက်ထဲမှာ... သူ့အဖေ ရည်မွန်နဲ့ လကလေးတို့ရဲ့... လက်ထပ်... စာချုပ်... ရယ်၊ ပြီးတော့... သူဟာ ရည်မွန် ရဲ့ သမီးလေးပါဆိုပြီး ဂုဏ်ယူခဲ့တဲ့ အမည် လရိပ်ရည်၊ အဖအမည် ဦးရည်မွန်ပေါ့။ နှစ်တိုင်း သိမ်းထားခဲ့တဲ့ ကျောင်းသား ကတ်လေးတွေ ဆယ့် လေးကတ်၊ နောက် ဘွဲ့လက်မှတ် အဲဒါလေးတွေ လက်ထဲမှာ ကိုင်ပြီး Angel Palace ဆိုတဲ့ စင်တင် စား... စားသောက်ဆိုင်လေးကို သမီးလေး ရောက်သွားတယ်။ တစ်ခါမှ မမြင်ဖူးကြတဲ့ သားအဖ တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေကြရင်း ရည်မွန်က စပြီး မေးတယ်။ 'မင်းအဖေက ရည်မွန်' လားတဲ့။ သမီးလေးက 'အဖေ' လို့ ခေါ်ပြီး ပြေး... ပြေးဖက်လိုက်တယ်။ 'လကလေးရော... လကလေးရော' လို့ ရည်... ရည်မွန်က ... ... ... ... ... ... ... ... ... ... —
... ... ... ... ... ... ... ... ... ... ... ...

● ● ●

လကလေးအတွက် သည်မှာပင် အရာအားလုံး ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

■



*It is good to die before one has done anything deserving death.*

***(Anaxandrides)***

*သေလိုက်ဖို့ကောင်းတဲ့ အလုပ်တစ်ခုကို မပြုလုပ်မီခင်မှာပဲ သေသွားတာ ကောင်းတယ်။*

***(အန်နာဇန်းဒရိုတ်စ်)***



www.burmeseclassic.com

www.burmeseclassic.com

*လူတိုင်းမှာ . . .*
*တစ်သက်လုံး ဘယ်သူမှ မသိစေဘဲ*
*သေတဲ့ထိ ယူသွားတဲ့ လျှို့ဝှက်ချက်တစ်ခု*
*ဘယ်သူမှာပဲဖြစ်ဖြစ် ရှိပါတယ်။*

*လူနော်က်*

***(09:09 A) 9 MH 09.***

*[ လက်ခံရင် တစ်ယောက်တည်း ပြုံးပါ၊*
*လက်မခံရင်တော့ အဲဒါဟာ ညာတာပါပဲ ]*



## အခန်း(၇)

## လျှို့ဝှက်သော "အနောက်" များ

### အနောက် - တစ် (သန္တာရီ)

မီးသဂြိုဟ်စက်ခေါင်းတိုင်မှ ဖျော့ဖျော့ မီးခိုးငွေ့တွေ ကောင်းကင်ယံသို့ လွင့်တက်နေသည်ကို ကြေကွဲ ရင်အစုံနှင့် ကြည့်နေမိကြသည်။ နှင်းသက်ခြင်းတွေက နှလုံးအိမ်အား အင်အားကြီးစွာ ဖိရိုက်နေသည့် ဒဏ်ကြောင့် အားတင်းစွမ်းမဲ့ကာ ညွှတ်ယိုင်နေသော လရိပ်အား ရဲရင့်နှင့် ဒေါ်သန္တာရီက ဖေးကိုင် ထိန်းထားသည်။ ဦးရည်မွန်၏ တစ်ဖက်တစ်ချက်စီမှာ ဒေါ်မြခက်နွယ်နှင့် မျိုးရည်တို့ ရပ်နေကြသည်။ ဦးရည်မွန်၏ လက်တစ်ဖက်က မျိုးရည်၏ ပခုံးကို အုပ်ကိုင်ထားသည်။ ဦးရည်မွန်နှင့် မျိုးရည်တို့၏ ဤမြင်ကွင်းကို ကြည့်လျက် ဒေါ်သန္တာရီ၏ နှလုံးအိမ်မှာ စိမ့်စိမ့်ကလေး အေးနေသည်။ ကြည်နူးလိုက်တာ၊ နှစ်နှစ်သားအရွယ်မှစ၍ ယနေ့ထက်တိုင် ဖခင်တစ်ယောက်၏မေတ္တာကို ငတ်မွတ်ခဲ့ရှာသည့် သားကလေးသခုတော့ သားကလေး၏ လစ်ဟာနေသည့် မေတ္တာကွက်လပ်ကလေး ပြည့်စုံသွားပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါ သန္တာရီသည် ဦးရည်မွန်အား ကြည့်လိုက်၏။ ဘေးတိုက် မြင်နေရသော်လည်း လမင်းကြီးအား ကြည့်နေရသလို ရင်မှာ ချမ်းမြေ့နေသည်။ ဘယ်အချိန်မှာပဲကြည့်ကြည့် နှစ်သက် သဘောကျခဲ့ရသည့် မျက်နှာ။ ပြီးတော့ ဘယ်သူ့မှ မကြားနိုင်အောင် ရင်ထဲမှာပဲ ပြောလိုက်မိလေသည်။

(သန္တာ့ကို ခွင့်လွှတ်ပါ ကိုရည်မွန်ရယ်၊ သဘောဖြူတဲ့ ကိုရည်မွန့်အပေါ်မှာ သန္တာ မတရားခဲ့ဘူး။ ကိုရည်မွန်ရဲ့မေတ္တာကို စော်ကားခဲ့တယ်။ အဲဒီအပြစ်ကြောင့် ကံကြမ္မာဟာ ညစ်ထေးတဲ့ သန္တာ့ ရင်ခွင်ထဲကနေပြီး ကိုရည်မွန့်ကို ဆွဲခေါ်ထုတ်သွားခဲ့တာပါပဲ။ အပြစ်မှန်ကို ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ တိုင်တည်ခဲ့တဲ့ ကတိကြောင့် ပိုပြီး စိတ်ပင်ပန်းရပါတယ်။ ဒီလိုပဲ တစ်သက်လုံး ကျေကျေနပ်နပ်နဲ့ ရင်နာနေပါ့မယ် ကိုရည်မွန်ရယ်)

သည့်နောက် မြင်ရတိုင်း နာကျင်၊ တွေးမိတိုင်း ကြေကွဲရပါသော အတိတ် ဟူသည့် ငယ်နုစဉ် ပုံရိပ်တွေက အတွေး၏ အရိပ်တွေနှင့်အတူ သူမကို နောက်ပြန်ခေါ် ဆောင်သွားပါတော့သည်။

• • •

သန္တာရီသည် ထိတ်လန့် ကြောက်ရွံ့ခြင်းကြီးစွာ ကျောက်တုံးတွေပေါ်မှာ ပြေးလွှားနေ၏။ သည့်နောက် ရေခဲပြင်ချပ်ကြီးပေါ်မှာ။ ရေခဲပြင်ကြီးက တဖျတ်ဖျတ်နှင့် အက်ကြောင်းတွေ ထကာ ကွဲအက် ပြိုကျသွားသည်။ ရေခဲလှိုင်းတွေက သူမကို သယ်ဆောင်သွားသည်။ သည့်နောက် ရေစီးကြောင်းကြီးအဆုံးရှိ ရေတံခွန်ကြီးပေါ်မှ အောက်ဘက် နက်ရှိုင်းချောက်ကြီးထဲသို့ ရင်ထဲမှာ အေးခနဲ တလှပ်လှပ် ပြုတ်ကျသွားသည်။ သည်မှာပင် အိပ်မက်ဆိုးမှ လန့်နိုးသွားသည်။ ခြေတွေ လက်တွေ လှုပ်မရအောင် လေးလံနေသည်။ မျက်နှာကျက်အား ငေးကြည့်နေသော မျက်ဝန်းနွမ်းတွေမှ မျက်ရည်တွေ စီးကျလာသည့်အတွက် သူမ ခန္ဓာကိုယ်ကို တစ်ဖက်သို့ စောင်းလှည့်လိုက်၏။ သူမ တအင့်အင့်နှင့် သိမ့်သိမ့်





ရှိုက်ငိုနေမိသည်။ မျိုးဦးက နောက်ဘက်မှ ကျောပြင်နှင့် ဖိကပ်လိုက်ပြီး သူမ၏ လက်ကလေးကို ဖွဖွဆုပ်ကိုင်လိုက်သည်။

"မငိုပါနဲ့ သန္တာရယ်၊ ကိုမျိုး တောင်းပန်ပါတယ်။ သန္တာက သိပ်လှတော့ ကိုမျိုး စိတ်မထိန်းနိုင် ဖြစ်သွားလို့ပါ။ ကိုမျိုးနဲ့ သန္တာနဲ့က ချစ်သူတွေလေ၊ ချစ်ခဲ့ကြတာလည်း ငါးနှစ်ကျော်ခဲ့ပြီ။ လူကြီး မိဘတွေကလည်း သဘောတူထားကြတယ်။ ကိုမျိုးနဲ့ သန္တာတို့ ဘဝအတွက် တစ်သက် မှ စရာ မလိုတဲ့ စီးပွားရေးကလည်း ကိုမျိုးမှာ ရှိပြီးသား။ ဘာများ လိုသေးလို့လဲ။ သန္တာ ကိုမျိုးကို ချစ်တယ် မဟုတ်လား။ ကိုမျိုးတို့ အမြန်ဆုံးပဲ လက်ထပ်ကြရအောင်နော်။ ကိုမျိုး အဖေတို့ကို မင်္ဂလာကိစ္စ စီစဉ်ခိုင်းလိုက်တော့မယ် သန္တာ"

သူမ ခေါင်းကို အသာလေး ခါလိုက်မိသည်။ မျိုးဦး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ... ဘာဖြစ်လို့ ခေါင်းခါရတာလဲ သန္တာ"

"သန္တာ ခြောက်လလောက်တော့ ဒီမန္တလေးမှာ လွတ်လွတ်လပ်လပ်လေး နေချင်သေးလို့ပါ"

"အမယ်လေး ဘာများလဲလို့ လူကို ရင်ထိတ်သွားတာပဲ။ ကဲ... အဲဒီအတွက် အလျော်ပေး"

မျိုးဦး၏ လက်တွေအား သန္တာရီ ဘာကြောင့် မငြင်းပယ်မိသည်ကို သူမကိုယ်သူမပင် မသိပါ။

ဩော်... ငါးနှစ်ကျော် ချစ်ခဲ့ကြသည့် ချစ်သူတွေပဲလေ။ ပြီးတော့ သူကြီးချင်းကလည်း ပေါက်ပြီးသား။

• • •

မဖြစ်ပါစေနဲ့၊ မရှိပါစေနဲ့ ဟု စိုးထိတ်စွာ ဆုတောင်းခဲ့သော်လည်း သန္တာရီအဖို့ ဆုတောင်းမပြည့်ခဲ့ပါ။ ကိုယ်ဝန် ရှိ၊ မရှိ စစ်ဆေးသော



www.burmeseclassic.com

www.burmeseclassic.com



ဆီးစစ်သည့် Urine test အချောင်းပြားလေးကို မျက်တောင်မခတ် စိုက်ကြည့်နေသော သန္တာရီ၏ မျက်ဝန်းတွေ ပြာဝေသွားကာ ခြေတွေ ညွတ်ယိုင်လျက် အရုပ်ကြိုးပြတ် ပုံကျသွားသည်။ အချောင်းပြားလေးပေါ်မှ သကွဲစွာ မြင်လိုက်ရသော အရစ်ကလေး နှစ်ရစ်သည် သူမကို သွေးဖျက်အောင် ခြောက်လှန့်နေသည်။ သေချာသွားပါပြီ၊ သူမ၏ ဝမ်းကြာတိုက်ထဲမှာ မျိုးဦး ၏ သန္ဓေသား အခဲလေးက လက်မလေး ထောင်ကာ Bravo ဘရာဗို ဟု အောင်မြင်စွာ အော်ဟစ်နေပြီ။

သူမ၏ အာရုံမှာ ရည်မွန်၏ မျက်နှာကို ပြေးမြင်လိုက်သည်။

ရည်မွန့်ကို သူမ စွန့်လွှတ်ရတော့မည်။ ရည်မွန်သည် သူမအပေါ်တွင် ကိစ္စကြီးငယ်တိုင်းမှာ သူမ အလိုကျ အပြုံးမပျက် အလိုလိုက်ခဲ့သူ။ ဒီအချိန်မျိုးမှာ မျိုးဦး၏ မျက်နှာကို အားကိုးပြုစရာဟု မမြင်မိဘဲ ရည်မွန်၏ မျက်နှာကိုသာ မြင်ယောင်နေသည်။ သည်မှာပင် 'အချစ်နဲ့ စစ်မှာ မတရားဘူးဆိုတာ မရှိဘူး' ဆိုသည့် ဘယ်ပညာရှိက မူးကြောင်ကြောင် ဆိုခဲ့လေသည် မသိသော လူမိုက်အားပေး ဆိုရိုးအလွဲကြီးကို သန္တာရီသည် ရာနှုန်းပြည့် ထောက်ခံကာ ရင်မှာပိုက်ပစ်လိုက်သည်။ ရည်းစားနှစ်ယောက် ပြိုင်တူထားမိသော သန္တာရည်သည် ရည်မွန့်အား စွန့်လွှတ်ရမည့် အခြေအနေ ရောက်မှ မစွန့်လွှတ်နိုင်အောင် ချစ်မိမှန်း သိသွားသည်။

ရည်မွန့်အား သူမကို လက်ထပ်ရန်ပြောတော့ သူမ မျှော်လင့်ခဲ့သလိုပင် ရည်မွန်က သူမကို လိုက်လျောခဲ့သည်။ လမ်းမှားကြီးပေါ်သို့ ဆက်လျှောက်လိုက်သော သူမအား ကံကြမ္မာက သင်ခန်းစာပေးခြင်း ခံရသည်။ အဖေတို့အား ပြပြီး မျိုးဦးအား ငြင်းပယ်ရမည့် လက်ထပ်စာချုပ်မှာ အလစ်သုတ်ခံလိုက်ရသည်။ သန္တာရီသည် ရည်မွန့်ထံသို့ အကြိမ်ကြိမ် ဖုန်းဆက်ခဲ့သော်လည်း ရည်မွန်က ခရီးလွန်နေ၍လားမသိ ဆက်သွယ်မရခဲ့။ သူမ လက်လျှော့လိုက်ရသည်။ သူမနှင့် မျိုးဦးတို့ မင်္ဂလာဆောင်သည့်နေ့မှာမှ ရောက်လာပြီး အမှတ်တရ ဟု ဆိုကာ မင်္ဂလာဖိတ်စာလေး ကိုင်လျက်





နှုတ်ဆက် ထွက်ခွာသွားသော ရည်မွန့်ပုံစံက နှလုံးအိမ်မှာ ယခုတိုင် စွဲထင်ကျန်နေဆဲ။

မျိုးဦးက သည်အဖြစ်တွေကို ဘာမှမသိခဲ့။ မျိုးဦး၏ အချစ်ရိပ်အောက်မှာ ချမ်းမြေ့ သာယာလျက် နေပျော်စွာ နေသားကျနေချိန်မှ ကံကြမ္မာတ တစ်ရေးနိုးထကာ ရိုက်ပုတ်သည်။ သန္တာရီသည် သူမ၏ အိတ်အား ယူပြေးသော အလစ်သုတ်သမားအား အမေရိကန်သမ္မတ၏ လူမှုတာဝန်သိတတ်မှု အထူးဆုကို ပေးပြီး အရှင်လတ်လတ် မီးရှို့သတ်ပစ်ချင်စိတ်ပင် ပေါက်သွား၏။ သေရေးရှင်ရေး လိုအပ်နေချိန်တုန်းကတော့ ယူပြေးသွားသည်။ မျိုးဦးနှင့် လက်ထပ်ပြီး လေးလစွန်းစွန်း ရောက်ကာမှ 'ငွေကိုတော့ သုံးလိုက်သည်။ အရေးကြီး စာရွက်စာတမ်းတွေကိုတော့ ပူပင်သောကနှင့် ဒုက္ခရောက်ရှာမည်ကို ကိုယ်ချင်းစာပြီး လူမှုတာဝန်သိစွာ ပြန်ပို့ပေးလိုက်သည်' ဟူသော စာကလေးနှင့်အတူ စာရွက်စာတမ်းတွေကို စာအိတ်ထဲထည့်ကာ သန္တာရီ၏ လိပ်စာနှင့် ပို့ပေးလိုက်သည်။ အဲဒီ အလစ်သုတ်သမား ပို့လိုက်သော စာအိတ်ကြီးကို မျိုးဦးက လက်ခံပြီး ယူလိုက်သည်။ သန္တာရီနှင့် ရည်မွန်တို့၏ လက်ထပ်စာချုပ် နှစ်ခုလုံးမှာ မျိုးဦး၏ လက်ထဲရောက်သွားသည်။ သည့်ထက်ဆိုးသော သေမိန့်ကား ရှိတော့မည် မထင်ပါ။ ဖြစ်လာသမျှ လည်စင်းခံရုံမှအပ သန္တာရီ ဘာမှမတတ်နိုင်တော့ပါ။

"ကြောက်စရာကောင်းတဲ့ မိန်းမ၊ သစ္စာဖောက်မ၊ မြွေဟောက်မ မင်းကို ဒီတစ်သက်မကဘူး ဆယ်သက် ဆယ်ဘဝ ငါ မယုံဘူး သန္တာရီ" ဟု ဆိုကာ သူမကို ထားရစ်ခဲ့ပြီး မျိုးဦးသည် အိမ်မှ ထွက်သွားတော့သည်။ တစ်ချိန်က ချစ်လှပါချည်ရဲ့၊ မင်း ဘာလုပ်ခဲ့ လုပ်ခဲ့၊ ဘယ်ဘဝရောက်ရောက် ကိုမျိုး ချစ်နေမှာပါဆိုသော သူသည် ယခုတော့ သူမအား လှည့် ၍ပင် မကြည့်တော့ ထားရစ်ခဲ့ပြီ။ သူနေရာမှာ ရည်မွန်သာဆိုလျှင် ဒီလိုဥပေက္ခာပြုခဲ့မည်မဟုတ်။ မျိုးဦးသည် သူမ၏မိဘတွေက တောင်းခံသည်ကိုပင် လက်မခံခဲ့။ သူမကြောင့် မိဘတွေ အရှက်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သန္တာရီသည် သားအား အားပေး ဖေးကူသူမဲ့ မွေးဖွားခဲ့ရသည်။ သား နှစ်နှစ်အရွယ်မှာ မျိုးဦးသည် အိမ်ထောင်သစ် ထူထောင်သွား၏။ အရှက်နှင့် သိက္ခာအတွက် သန္တာရီတို့ မိသားစု ရန်ကုန်သို့ ရွှေ့ပြောင်း အခြေချခဲ့သည်။ မျိုးဦးသည် သား နှစ်နှစ်သားအရွယ်ကပင် သူမနှင့် သားအတွက် သေဆုံးသွားခဲ့ပြီ ဖြစ်သည်။ ကံကြမ္မာအား နာကြည်းရွံမုန်းသွားသော သန္တာရီသည် အဖြစ်မှန်တွေအားလုံးအား မည်သူ့ကိုမှ ဖွင့်မပြောတော့။ သူမ၏ ဘဝနှင့် နှလုံးသားအတွက် ကံကြမ္မာကို လုပ်ချင်ရာ လုပ်စမ်းပါစေ ဟု စိတ်ပိုင်းဖြတ်ကာ ရှုးမိုက်စွာပင် ဘုရားမှာ တိုင်တည်ခဲ့သည်။ သူမသည် အဖြစ်မှန်အား မည်သူ့ကိုမှ ဒီတစ်သက် ဖွင့်ဟ သိစေတော့မည် မဟုတ်တော့ပါ။

အတွေးများ၏ အဆုံးသတ်မှာ သန္တာရီ၏ နှုတ်ခမ်းတွေ ပြုံးသွားပါတော့သည်။

■



## အနောက် - နှစ် (လကလေး)

ညသည် တိတ်ဆိတ်စွာလှမ်းလာလျက် အေးစိမ့်သော ခြုံလွှာအောက်သို့ ဖြည်းဖြည်းတိုးဝင်နေ၏။ သည်ညမှာတော့ ကြားနေကျ ပုစဉ်းရင်ကွဲသံတွေကိုပင် မကြားရ။ သွေးသွေးဆော့ ည လေပြေသည် မြခက်နွယ်၏ နားသယ်စပ်ဆံသားတွေကို မခို့တရို့ တို့ခတ် ကျီစယ်သွားသည်။ ရင်မှာ စိမ့်စိမ့်လေး ချမ်းသွားသော်လည်း သည်လို ည၏ ဥတုရာသီမျိုးကို မြခက်နွယ် နှစ်သက်သည်။ ခြံထဲက ဒန်းကလေးပေါ်မှာ မြခက်နွယ် တစ်ယောက်[illegible]ည်း ထိုင်နေမိသည်။ မြခက်နွယ်သည် မိုးသား ကောင်းကင်ကြီးကို မော့ကြည့်လိုက်၏။ ကြည်လဲ့ ကောင်းကင်ပြာ၌ လကလေး သာနေသည်။ သာနေသော လကလေးထဲမှာ လကလေး၏ မျက်နှာလေး ရှိနေသည်။ မြခက်နွယ်သည် သက်ပြင်းမောကို ဖြည်းဖြည်းလေး ချလိုက်မိသည်။ ပြီးတော့ ရင်ထဲမှာပဲ ပြောလိုက်မိသည်။

ပြုသူအသစ် ဖြစ်သူအဟောင်း ဝဋ်ဟောင်းကြွမှာ မလွဲသာတဲ့ နှင့်ဘာတော့ ရှုပ်ထွေးတဲ့ လောကီက တစ်ဘဝ ရုန်းထွက်သွားပေမယ့် ကြွေးတဲ့ ငါမှာ အငိုလွယ် အရှိုက်ခက် ဘယ်ကစလို့ ဘယ်လိုပြောထွက်ရမှာလဲ

www.burmeseclassic.com



လကလေးရယ်။ နင် မှာခဲ့တဲ့အတိုင်း ငါ့နှုတ်က ဘယ်လို ပြောထွက်ပါ့မလဲ။ ကိုရည်မွန့်ကို ငါ ဘယ်လို မျက်နှာပြရမလဲ။ ငါ သူ့ကို ဖွင့်မပြောရက်ပါဘူး လကလေးရယ်။

အချိန်ရထားကြီးပေါ်မှာ လိုက်ပါနေသော မြခက်နွယ်သည် ကျော်ဖြတ်ခဲ့သည့် ဘူတာတစ်ခုမှာ ဆင်းကျန်ရစ်ခဲ့ရှာသော လကလေးထံသို့ အတွေးဦးလှည့် ပြန်မြင်မိသည်။

သည်တုန်းက လကလေးသည် အားလုံးအား နှုတ်ဆက်လျက် ခွဲခွာတော့မည့်အချိန်။ မြခက်နွယ်နှင့် နှစ်ယောက်တည်း စကားပြောပါရစေဟု ခွင့်ပန်သည်။ အားလုံးက အခန်းအပြင်သို့ ထွက်ကာ ရှောင်ပေးကြသည်။ ရည်မွန်က အခန်းအပြင်ဘက်မှနေ၍ အခန်းတံခါးကို ပိတ်ပေးရှာ၏။ လူနာခန်းထဲမှာ လကလေးနှင့် မြခက်နွယ် နှစ်ဦးတည်းသာ ကျန်ခဲ့ချိန်...

• • •

လကလေးသည် ချည့်နဲ့စွာနှင့် လက်ကလေး နှစ်ဖက်ကို သူမ၏ရင်ဘတ်ပေါ်မှာ တင်လိုက်သည်။ လကလေးအသံက အားရစရာ မရှိပါ။

"အစ်မ မြခက်အပေါ်မှာ လကလေး မှားခဲ့တာရှိရင် ကန်တော့ပါတယ်"

မြခက်နွယ်သည် လကလေး၏ လက်နှစ်ဖက်ကို အလျင်စလိုဖမ်းဆုပ် ကိုင်လိုက်လေသည်။

"မဟုတ်တာ လကလေးရယ်၊ မှားခဲ့တာက အစ်မ မြခက်ကသာ မှားခဲ့တာပါ။ အစ်မကသာ လကလေးကို တောင်းပန်ရမှာပါ။ ကိုရည်မွန်နဲ့ လကလေး လက်ထပ်ပြီး ကိုရည်မွန့် အမေ သွေးတက် သေမလိုဖြစ်သွားတဲ့အချိန်မှာ ကိုရည်မွန် ရန်ကုန်လိုက်လာခဲ့တာလေ။ တစ်ယောက်တည်း ကျန်ခဲ့တဲ့ လကလေးအပေါ်မှာ အစ်မ မြခက် ရက်စက်ခဲ့တယ်။





ကိုရည်မွန် က လကလေးဆီ ဖုန်းဆက်တာ အစ်မ သိခဲ့လို့ သူ အပြင်ထွက်တဲ့အချိန်မှာ လကလေးကို အစ်မနဲ့ ကိုရည်မွန် လက်ထပ်တော့မှာ နင် ဝေးဝေးထွက်သွားဆိုပြီး ဖုန်းဆက်ပြီး နှင်ထုတ်ခဲ့တာလေ။ အဲဒါ... အဲဒါ အစ်မ တောင်းပန်ပါတယ် လကလေးရယ်၊ အစ်မ အဲဒီအပြစ်ကြီးကို စဉ်းစားမိတိုင်း ကြေကွဲမိပါတယ်။ အစ်မကို ခွင့်လွှတ်ပါနော်"

လကလေးသည် ခေါင်းကို ငွံ့ရုံလေးမျှ ယမ်းနိုင်ရှာသည်။

"မဟုတ်ပါဘူး၊ လကလေးရဲ့စိတ်မှာ အစ်မအပေါ် ဘယ်လိုမှ မရှိခဲ့ပါဘူး။ အစ်မ နှင်မထုတ်ခဲ့လည်း လကလေး အစ်ကို ရည်မွန်နဲ့ ဝေးရာကို ထွက်သွားတော့မှာပါ။ အဖြစ်မှန်ကို လကလေး မသေခင်မှာ ဖွင့်ပြောပါရစေ။ ဒါမှ လကလေး အသေဖြောင့်မှာပါ"

လကလေး ခဏတော့ အမောဖြေရှာသည်။ ပြီးတော့မှ အားတင်းကာ စကားဆက်သည်။

"အစ်ကို ရည်မွန့်ကို လကလေးကို လက်ထပ်ပါလို့ ပြောခဲ့တဲ့အချိန်မှာ လကလေးမှာ... လကလေးမှာ မင်းခန့်ရဲ့ ကိုယ်ဝန်က နှစ်လ ရှိနေပါပြီ။ သမီးလေး လရိပ်ရဲ့ အနာဂတ် တင့်တယ်ဖို့အတွက် လကလေး အစ်ကိုရည်မွန့်ကို အသုံးချခဲ့တာပါ"

ကြားလိုက်ရသောစကားကြောင့် မြခက်နွယ် 'ဒိန်း' ခနဲ ခေါင်းနားပန်းကြီးသွားသည်။ ဘုရား... ဘုရား။ မိန်းမတွေ သိပ်ကြောက်စရာ ကောင်းပါလား။ ဘာဖြစ်လို့များ ရည်မွန့်ကိုမှ ရွေးပြီး လှည်းကြိုးထမ်းခိုင်းချင်ကြသည် မသိ။ မြခက်နွယ်၏ ရင်သည် တဒိုင်းဒိုင်း ခုန်လှိုက်လာကာ နင့်သက်လာလေသည်။

"မိဘတွေ မရှိတော့ဘဲ ကိုကြီးနဲ့ မောင်နှမ နှစ်ယောက်တည်း နေလာခဲ့ရတဲ့ လကလေးရဲ့ ဘဝဟာ မလုံခြုံခဲ့ပါဘူး။ ကိုကြီး မရှိတဲ့ရက် လကလေး တစ်ယောက်တည်း ရှိနေတဲ့ တစ်ရက်မှာ လကလေး အစော်ကား ခံလိုက်ရတယ်။ ကိုကြီး သူငယ်ချင်း မင်းခန့် ငမူး... ရွှေးကောင်း

ကြောင်နှစ်ကောင်တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လကလေးရဲ့ မိဘတွေ ရှာခဲ့တဲ့ ငွေတွေကို အပိုင်ကြံဖို့ပဲ သိတဲ့လူ။ နောက်ရက်တွေမှာ လကလေး ရှောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အစော်ကားခံလိုက်ရတဲ့ အဲဒီတစ်ကြိမ်က လကလေးကို ဒုက္ခပေးလိုက်တယ်။ သိလိုက်ရတဲ့အချိန်မှာ ကိုယ်ဝန်က ရှစ်ပတ် ရှိနေပြီ။ အဲဒါကြောင့် လကလေး အစ်ကိုရည်မွန်ကို အသုံးချခဲ့ရတာပါ။ မောလိုက်တာ"

လကလေး ပင်ပန်းနေပြီ။ ကြည့်ရတာ အသက်ရှူရသည်ကိုပင် အားတင်း ကြိုးစားနေရပုံ ရှိသည်။ လကလေး မျက်ဝန်းတွေ ခဏပိတ်ကာ နွမ်းလျမှုကို တင်းခံ အားယူနေ၏။ လကလေး၏ အမြင်တွင် နှစ်ခြိုက်စွာ ပြုံးရယ်နေသော ရည်မွန့် ရုပ်သွင် ရှိနေသည်။

"ဒါပဲနော် လကလေး၊ လကလေးရဲ့ နာမည်လည်း ပါအောင် အစ်ကို ရည်မွန့်ရဲ့ နာမည်လည်းပါအောင် ပထမဆုံး ထွက်လာမယ့် ကလေးကို ဘာနေ့မှာပဲမွေးမွေး သမီးလေးဆိုရင် 'လရိပ်ရည်' သားလေးဆိုရင် 'လရောင်ရည်' လို့ အဲဒီလို နာမည်ပေးရမယ်"

လကလေး၏ မျက်လုံးတွေ ပြန်ပွင့်လာတယ်။ သည်တစ်ခါ မျက်ဝန်းတွေက ပိုပြီး မှုန်ဖျော့လာသည်ကို မြခက်နွယ် သတိပြုမိလိုက်၏။

"အစ်ကို ရည်မွန်နဲ့ အတူဆက်ပြီးနေရင် မင်းခန့်က အစ်ကို ရည်မွန်ရဲ့ အသက်၊ အန္တရာယ်ကို ရန်ပြုမှာ အသေအချာပါ အစ်မ။ ငွေတွေကို လကလေး ယူသွားရင်လည်း မလုံခြုံဘူး။ အဲဒါကြောင့် အစ်ကို ရည်မွန်ဆီ အပ်ခဲ့တာပါ။ အဲဒီအချိန်မှာ လရောင်ရည်ပဲ ဖြစ်ဖြစ်၊ လရိပ်ရည်ပဲ ဖြစ်ဖြစ် ကလေးရဲ့ ဘဝတစ်လျှောက်လုံးအတွက် လကလေး အလိုအပ်ဆုံးဟာ အဖအမည် ဦးရည်မွန်လို့ သက်သေပြနိုင်တဲ့ လက်ထပ်စာချုပ်ပါ။ သွေးသား မတော်စပ်တဲ့ သူတို့သားအဖ ပြန်တွေ့ကြတော့ အစ်မ မြခက် ရှိ... ရှိသလား အစ်မ"

"မရှိဘူး၊ အစ်မ မသိလိုက်ပါဘူး လကလေးရယ်"

"လကလေး အဲဒါကို မြင်ချင်လိုက်တာ"





လကလေး အတော်ပင် မောဟိုက် ပင်ပန်းနေပြီ ဖြစ်သည်။ မြခက်နွယ် မကြည့်ရက်တော့ပါ။

"လကလေး... လကလေး ဘာဖြစ်ချင်လဲ။ အစ်မ ဘာလုပ်ပေးရမလဲ ပြောပါ ညီမရယ်၊ အဲဒါပဲ ပြောပါတော့ကွယ်"

"အ... အစ်ကို... အစ်ကို ရည်မွန့်ကို အမှန်အတိုင်း ဖွင့်... ဖွင့်... ဖွင့်ပြောပေးပါ။ လ... လကလေး... တောင်းပန်... ကန်... ကန်တော့ပါတယ်လို့ ပြော... ပြောပေးပါ"

မြခက်နွယ်သည် မျက်ရည်ထွေထွေ စီးကျလာသည်။ လကလေး၏ ဦးခေါင်းလေးအား ဖွဖွ ဖက်တွယ်လိုက်မိ၏။

"ပြောလိုက်ပါ့မယ်၊ အစ်မ ပြောလိုက်ပါ့မယ်။ အဲဒီအတွက် မပူနဲ့ စိတ်ဖြောင့်ပါ ညီမရယ်"

လကလေး နှုတ်မှ သဲ့သဲ့မျှသော အသံကို ကြားရသည်။

"ကျေး... ကျေးဇူးတင်... တင်ပါတယ် အစ်မ"

■



www.burmeseclassic.com

www.burmeseclassic.com

## အနောက် - သုံး (မြခက်နွယ်)

အေးစိမ့် ခြုံလွှာက ညကို လွှမ်းထားသည်။ သုန်သုန်ဖြူးဖြူး လေပြေတွေထဲမှာပင် အအေးဓာတ် စွက်စွက်နှင့်။ ကြီးကောင်ဝင် ညသည် ပို၍ သိပ်သည်းလာ၏။ မြခက်နွယ်သည် ခြံထဲက ဒန်းကလေးပေါ်မှာ အတွေးကျွံနေဆဲ။ သည်အခိုက်မှာပင် နောက်ဘက်မှ လှမ်းလာနေသော ခြေသံကို ကြားလိုက်ရသည်။ အနွေးထည် တစ်ထည် လက်မှာပိုက်လျက် သူမရှိရာ လှမ်းလာနေသော လရိပ်ရည်ကို တွေ့လိုက်ရသည်။ ဪ... လရိပ်လေး ဒီအကြောင်းတွေကို မသိရှာပါလား။

"ဆယ်နာရီခွဲသွားပြီ၊ အထဲမှဝင်သေးဘူးလား အမေ၊ အပြင်မှာ အေး လည်း အေးတယ်"

"စဉ်းစားစရာလေးတစ်ခု ဆုံးဖြတ်ရခက်နေလို့ သမီး၊ အမေ ခဏ တော့ ဒီမှာဆက်နေလိုက်ဦးမယ်"

လရိပ် လှမ်းပေးသော အနွေးထည်ကို သူမ ယူဝတ်လိုက်သည်။ သူမအတွက် တကယ့်ကို အားထားစရာ သမီးလေးပါပဲ။ သားတွေလို မဟုတ်။ မိန်းကလေးဆိုတော့ မိဘအရိပ်အကဲကို နားလည်သည်။ ဝတ်





ကြီး ဝတ်ငယ် ပြုစုတတ်သည်။ လရိပ်က သူမ၏ လက်တွေကို ကိုင် ကြည့်သည်။

"လက်တွေလည်း အေးစက်နေပါလား။ ရေလည်း အချိန်မရွေး ချိုး ထားတာ။ အမေ အအေးမိလိမ့်မယ်။ သိပ်တော့ ညဉ့်နက်တဲ့ထိ မနေနဲ့ တော့နော်"

အပြုံးနှင့်အတူ သူမ ခေါင်းညိတ်ပြသည်။ လရိပ် မထွက်ချင် ထွက် ချင်နှင့် ထွက်သွား၏။ သည်တော့မှ သူမလည်း ဟင်းလင်းပြင်မှာ စိတ်နှင့် အတူ လွင့်နေသော အတွေးကွင်းဆက်တွေကို ပြန်ဆက်ရတော့သည်။ မျောလွင့်နေသော အတွေးတွေက သူမကို ဖြတ်သန်းခဲ့ရာ သက္ကရာဇ်တွေ အတိုင်း နောက်ပြန်ခေါ် ဆောင်သွားခဲ့သည်။

လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်က သည်လို ညလေး တစ်ညမှာပဲ ဖြစ် သည်။ သည်တုန်းက ပျိုမျစ်နေသော သူမ၊ သစ်လွင်နေသော ဒီ ဒန်း ကလေး။

ပြီးတော့ သူမ နှစ်သက် မြတ်နိုးခဲ့ရသော ဒေါက်တာ ရဲရင့်ရန်ရှင်း။

• • •

ရဲရင့်ရန်ရှင်းက မြခက်နွယ်၏ ပခုံးလေးကို ဖက်ကာ ရင်ခွင်မှာ သွင်း [illegible]က် ချော့ရန် သူ့ဘက်ဆွဲယူလိုက်သည်။ မြခက်နွယ်၏ ခန္ဓာကိုယ်သည် အလိုက်သင့် ပါမသွားဘဲ တောင့်တောင့်ကြီး ရှိနေသည်။ ရဲရင့်ရန်ရှင်း အထိတ်တလန့်နှင့် သူမကို ကြည့်လိုက်မိသည်။ သူ့အား စိမ်းစိမ်းကြီး ကြည့်နေသော မြခက်နွယ်ကို တွေ့လိုက်ရသည်။

"ကလေးကိုတော့ မြခက် ဖျက်မချနိုင်ဘူး ကို၊ ဒီကိုယ်ဝန်ဟာ မြခက် နဲ့ ကို နဲ့ အလေလိုက်ပြီး ရလာတဲ့ ကိုယ်ဝန်လည်း မဟုတ်ဘူး။ နှစ်ဖက်မိဘ လူကြီးစုံရာနဲ့ Hotel မှာ ခမ်းခမ်းနားနား စေ့စပ်ပြီး အသိအမှတ်ပြုခဲ့ပြီးသား။ မင်္ဂလာပွဲတောင်မှ ရက်နှစ်ဆယ်သာသာပဲ လိုတော့တာ၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



သာ မင်္ဂလာပွဲကို နောက်သုံးနှစ် နောက်ဆုတ်မယ်ဆိုရင် ကို အစတည်းက မြခက်ကို လက်ဖျားနဲ့တောင် မတို့ဘဲ စည်းစောင့်ခဲ့ပါလား။ အခု ဒီအခြေအနေရောက်မှ မင်္ဂလာပွဲကို နောက်သုံးနှစ် ဆုတ်ရအောင်ဆိုတာ သဘာဝကော ကျရဲ့လား။ အံ့ဩပါရဲ့ ကိုရယ်။ ဒါ ဆရာဝန်လား။ ဆရာဝန် တစ်ယောက်က ဒီလိုပြောတာတဲ့လား၊ ရွံစရာပဲ။ အဲလို ပြောတာကိုက ရှင်ဟာ ပြစ်မှုမြောက်နေပြီ"

"မြခက်နွယ်ရယ် Sorry ပါ။ ကိုက မင်းအတွက် စဉ်းစားပြီး မတတ်သာလို့ ပြောကြည့်မိတာပါ။ ဟုတ်တယ် ကို မှားသွားတယ်။ ဒါပေမဲ့ အမေရိကားကို ကို ဘွဲ့လွန်သွားတက်ဖို့ကိစ္စကိုတော့ လုံးဝ မဖျက်နိုင်ဘူး။ ဟိုမှာ နှစ်ဆယ့်ရှစ်လ ကြာမယ်။ အဲဒီမှာပဲ အလုပ်ဝင်ပြီး မြခက်နွယ်ကို ကို လာခေါ်မယ်"

"မလိုက်နိုင်ဘူး၊ မြခက်က တစ်ဦးတည်းသော သမီး၊ အဖေတို့ကို ဘယ်တော့မှ မခွဲဘူး"

ရဲရင့်ရန်ရှင်းက ခေါင်းကို တစ်ချက် ခါလိုက်ရင်း ပြုံးသည်။ ဒီအပြုံးကို သူမ မကြိုက်ပါ။ မိန်းမဆန်သော ယောကျ်ားတွေ ပြုံးတတ်သည့် ခနဲ့ပြုံး ဖြစ်သည်။

"အေးလေ အမေရိကားကို ဘယ်လိုက်နိုင်မှာလဲ။ ဒီ မြန်မာနိုင်ငံမှာ မင်းကောင် ရည်မွန်က ရှိနေတာကိုး။ ကောင်းပါတယ်လေ ငါက ရေခြားမြေခြားမှာ ရှိနေတော့ မင်းနဲ့ ရည်မွန်ကတော့ မိုးမမြင် လေမမြင်ပေါ့"

သူ့ဘာသာ ငြိမ်ငြိမ်လေး ခွေနေသော မြွေဟောက်အား ငယ်ထိပ်အား ဆတ်ခနဲတို့ကာ သွားစသလို ဖြစ်သွားသည်။ မြခက်နွယ်၏ မျက်လုံးတွေထဲမှာ အလျှံညီးညီး မီးတောက်များကို မြင်လိုက်ရသည်။

"ရှင် ဘာစကားပြောတာလဲ၊ ကိုရည်မွန်က ရှင့်လိုလူ မဟုတ်ဘူး။ ကျွန်မကို ခုထိတောင် လက်ဖျားနဲ့ ထိတဲ့သူ မဟုတ်ဘူး"

ယောကျ်ားချင်း အယှဉ်ခံရသည်ကို ဘယ်သကောင့်သားမှ မကြိုက်ပါ။ သည်တော့ အချေအတင်ပွဲက လိုရာမရောက်ဘဲ ပြင်းထန်သွားသည်။





"မင်း ရည်းစားနှစ်ယောက်ထားတာကို ကိုယ် မသိဘူး ထင်နေသလား မြခက်နွယ်၊ ရည်မွန်က ငွေငရှုပ်ကောင်။ သူနဲ့ ငြိတဲ့ မိန်းမတစ်ယောက်ကို ငါ ဘယ်လို ယုံရမလဲ။ ပွင့်ပွင့်လင်းလင်း ပြောလိုက်မယ် မြခက်နွယ် အခု မင်းလွယ်ထားတဲ့ ကိုယ်ဝန်ကိုလည်း ငါ သံသယ ရှိနေတယ်"

'ဖြောင်း'ခနဲ အသံ၊ အေးစက် ညဉ့်ဦးမှာပင် ရဲရင့်ရန်ရှင်းတစ်ယောက် ကြယ်ပေါင်းစုံညီကို မြင်လိုက်ရသည်။ ပါးပြင်သည် ဖျဉ်းစပ် နာကျင်နေ၏။ တင်းနစ် ရိုက်နေကျ ချန်ပီယံမကလေး၏ လက်ကို သူ မေ့သွားသည်။ ပြင်းလိုက်သည့်လက်၊ အတွင်းဘက်မှ ယိုစိမ့်လာသော သွေးတွေက နှုတ်ခမ်းထောင့်စွန်းမှ စီးကျလာသည်။ အံ့ဩဖို့ကောင်းသည်မှာ ဒေါသကြောင့် လက်တုံ့ပြန်ရန် လက်ကို မြှောက်လိုက်သော ရဲရင့်ရန်ရှင်းသည် တစ်စုံတစ်ခုကို သတိရသွားဟန်နှင့် လက်ပြန်ရုပ်သွား၏။ ပြီးတော့ သူ့ပုံစံအတိုင်း မိန်းမဆန်ဆန် ရယ်သည်။ သူမကို မထိတရိ ပြောသည်။

"Sorry ပါ မြခက်နွယ်၊ ကိုယ် မှားသွားတယ်။ ရည်မွန်က အဲ... Sorry၊ ကိုယ့်ကို သူနဲ့ မယှဉ်ပါနဲ့။ အဆင့်ချင်း မတူဘူး။ အလကား ငွေငရှုပ်ကောင်၊ ကဲ... ကိုယ့်ဘက်ကတော့ လုံးဝ မပြင်နိုင်ဘူး။ မင်း ဘာဆက်လုပ်မလဲ မြခက်နွယ် ပြောလေ"

နိုင့်ထက်စီးနင်းနှင့် အနိုင်ရသူ၏ အပြုံးကို ရဲရင့်ရန်ရှင်း၏ နှုတ်ခမ်းထောင့်မှာ တွေ့ရသည်။ သူမသည် ရဲရင့်ရန်ရှင်းအား မကြည့်ချင်လောက်အောင် ရွံရှာသွားသည်။ သည်အခိုက်မှာပင် ဘယ်အချိန်က ရောက်လာပြီး စောင့်ကြည့်နေသည်မသိသော အဖေက သူတို့အနားသို့ ရောက်လာသည်။

"ဘာတစ်ခွန်းမှ မဟတော့ဘဲနဲ့ ပြန်လိုက်တော့ မောင်ရန်ရှင်း နက်ဖြန်မနက် ကိုးနာရီမထိုးခင် မင်းဆီမှာရှိတဲ့ လက်ထပ်စာချုပ်ကို မင်း အဖေ ရန်အောင် ကိုယ်တိုင် ငါ့ဆီ လာပို့လိုက်။ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ"

အဖေ့ 'ဇ' ကို သိတော့ ရဲရင့်ရန်ရှင်း ငြိမ်ကုပ်သွားသည်။ ဒီအထိ



www.burmeseclassic.com

www.burmeseclassic.com



တော့ အဖေ့စကားက ပြတ်သည်။ ဒါပေမဲ့ အဆုံးသတ် စကားကတော့ ဘယ်လိုမှ ဘဝင်ကျစရာ မရှိ။

"ဒီမှာ ရန်ရှင်း၊ မင်းသိအောင် ပြောလိုက်မယ်။ ထွန်းနွယ်တို့က သမီးကို မင်းလိုကောင်မျိုး အယောက်တစ်ရာနဲ့ တစ်ခါတည်း မင်္ဂလာဆောင်ပေးလို့ ရတယ်ကွ နားလည်လား"

• • •

ခေါင်းမီးတောက်နေသော ယခုလို အခြေအနေမျိုးမှာမှ အရေးထဲ အရာပေါ် ဆိုသလို မားခုတ်ရာ လက်ဝင်လျှိုလျက် ကိုယ့်ဒုက္ခ ကိုယ်ရှာသော ဩဘာလို လူမျိုးကလည်း တစ်မှောင့် ဟု ဆိုရမည်။

မြခက်နွယ် ခေါင်းမီးတောက်နေသည်။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်အောင် စိတ်ညစ်နေသည်။ ဒီအတိုင်းဆိုလျှင် ရဲရင့်ရန်ရှင်းနှင့် ဇာတ်လမ်းက ပြီးဆုံးသွားပြီ။ မပြီးဆုံးသေးသည်က ဖုံးဖိ၍မရသော ပြဿနာ။ ဒီပြဿနာကို သူမ ဘယ်လို ဖြေရှင်းရမည် မသိပါ။ သောကစိတ်ကြောင့် ရင်ထဲမှာ ဆို့တက်လာ၏။ ဝမ်းနည်းစွာ သူမ ငိုချင်လာသည်။ အခုအချိန်မှာ ငိုလိုက်ပါလျှင် ည လူခြေတိတ်ချိန်ဆိုတော့ တစ်ဖက်ခန်းမှ အမေက နိုးလာကာ ရင်ထုမနာ ဖြစ်ရှာမည်။ တစ်အိမ်လုံး အိပ်မောကျနေပြီ။ အောက်ထပ် ရေချိုးခန်းသို့ ဆင်းကာ ရေချိုးရင်းနှင့် ငိုလိုက်မည်ဟု အတွေးဝင်၏။ မြခက်နွယ်သည် ထဘီရင်လျားပေါ်မှာ မွေးပွတဘက်ကြီး လွှမ်းလျက် အောက်ထပ်သို့ ဆင်းခဲ့၏။ ရေချိုးခန်းနားရောက်ခါနီးမှာတော့ ရေချိုးခန်းမီးတွေ ဖွင့်ထားသည်ကို သူမ တွေ့လိုက်သည်။ ကျနေသော ရေသံတွေလည်း ကြားရသည်။ ချောင်းဟန့်သံ သဲကွဲစွာ ကြားလိုက်တော့မှ ရေချိုးခန်းထဲမှာ အဖေ ရောက်နေမှန်း သိလိုက်သည်။ စကားပြောသံလည်း ကြားရသည်။ အဖေ ဘယ်သူနှင့် စကားပြောနေပါလိမ့်။ သူမ ရေချိုးခန်းတံခါးရှေ့မှာ ကပ်လိုက်ပြီး နားစိုက်





ကြည့်လိုက်တော့မှ ရင်ထဲမှာ ဆို့သွား၏။ အဖေ ဘယ်သူနှင့်မှ စကားပြောနေခြင်း မဟုတ်ပါ။ သူမ ကြံစည်ထားသလိုပါပဲ အဖေသည် လူမသိအောင် အောက်ဘက် ရေချိုးခန်းသို့ ဝင်ကာ ရေချိုးသလိုနှင့် တစ်ယောက်တည်း ညည်းတွား ပြောဆိုလျက် ငိုရှိုက်နေခြင်းပါလား။

"ငါ့သမီးလေး သနားတယ်၊ အဖေ့ရင်ထဲမှာ မချည့်လိုက်တာ။ အားလုံး... အားလုံး သမီးကို အဖေ ပြည့်စုံအောင် ထားခဲ့ပါတယ်။ ဘုရား တရား သံဃာ ကျေးဇူးတော်ကြောင့် သမီးလေး ဘာမှ မဖြစ်ပါစေနဲ့။ ဟီး အီး... အီး၊ သမီးလေး... သမီးလေး စိတ်ဓာတ် ခိုင်မာပါ အီး... အီး၊ ငါ့သမီး တစ်ခုခုဖြစ်လို့ကတော့ ဒင်းတို့ တစ်မိသားစုလုံးကို သတ်ပြီး အဖေ့ကိုယ်ကို အဖေ သတ်သေမယ် သမီး... အီး... အီး"

ဒီထက်ဆက်ပြီး သူမ ခံနိုင်ရည် မရှိတော့ပါ။ သူမသည် ရေချိုးခန်းပေါက်ရှေ့မှ ပြေးထွက်ခဲ့၏။ ပြီးတော့ လှေကားရင်း ရောက်ခါနီး အခန်းထဲသို့ ပြေးဝင်လိုက်မိ၏။ ဖြစ်ရလေ အဖေရယ်၊ သမီးကို အဖေ သိပ်ချစ်တာပါလား။ အဖေ... အဖေ့ ရင်မှာ ဘယ်လောက်များ နာကျင် ကြေကွဲနေရှာမလဲ။ တွေးရင်းနှင့် ရင်မှာ ဆို့တက်လာသည်။ သူမသည် ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး တဘက်စနှင့် နှုတ်ခမ်းတွေ ဖိအုပ်လိုက်ကာ တအီအီ ငိုရှိုက်ပစ်လိုက်ပါတော့သည်။

ဤအခန်းသည် ကိုကြီးဩ၏အခန်းဖြစ်သည်။ ဩဘာ ဟု ခေါ်သော ကိုကြီးဩသည် သူမနှင့် ဆွေမျိုး သုံးဝမ်းလောက် ကွဲသည်။ သူမ ကိုကြီးဩကို ဂရုစိုက်စရာ မလိုပါ။ ကိုကြီးဩသည် ဒီအချိန်ဆိုလျှင် မူးပြီး အိပ်မောကျနေပြီ။ သူ့အနား အမြောက်ပစ်နိုးလျှင်တောင် နိုးမည့်သူ မဟုတ်။

ဤသည်မှာ မြခက်နွယ်၏ အထင်သာ ဖြစ်သည်။ အမှန်က ဤအချိန်မှာ ဩဘာ၏ မျက်လုံးနှစ်လုံး ဖျတ်ခနဲ ပွင့်လာပြီ ဖြစ်သည်။

ဒီနေ့ ရေချိန်များတော့ အာခြောက်ကာ ရေငတ်လာသည်။ [illegible] နိုးတစ်ဝက် အာရုံမှာ တအီအီ ငိုရှိုက်သံကို ကြားလိုက်ရသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး။ ငိုသံက ငါ့အခန်းထဲက ကြားရတာပါလား။ ဩဘာ၏ မျက်လုံးနှစ်လုံး ဖျတ်ခနဲ ပွင့်သွားသည်။ ငိုသံက သူ့ခြေရင်း လက်တစ်ပြန်စာ မရှိတရှိ အကွာမှာ။ သူ့မျက်လုံးတွေက ငုံ့ကြည့်လိုက်သည်။ အခန်းအပြင်မှာ ထွန်းထားသည့် မီးရောင်ကြောင့် ကြမ်းပြင်ပေါ် ကျုံ့ကျုံ့ထိုင်လျက် တသိမ့်သိမ့် ရှိုက်နေသော မြခက်ကို တွေ့လိုက်ရသည်။ မြခက် ဘာဖြစ်လို့ပါလိမ့်။ အဲဗျာ ထဘီရင်လျားနှင့် အင်္ကျီလည်း မရှိ။ အင်္ကျီတွေ လုံးထွေးကာ မျက်ရည်သုတ်လို့ ဘာဖြစ်တာပါလိမ့်။ သည်အခိုက်မှာပင် မြခက်နွယ်သည် ထိုင်ရာမှ ထလိုက်ကာ အခန်းထဲမှ ပြေးထွက်သွား၏။ ပြီးတော့ လှေကားမှ ဖွဖွနင်းတက်သွားသည်။ ဘယ်သူ့မှ ဒုက္ခမပေးလို၍ သူမဘာသာ ကြိတ်၍ ငိုရှိုက်ပြီး မြခက်နွယ်က သူမအခန်းသို့ ပြန်တက်သွားသည် မှန်သော်လည်း သူ့ဘာသာ မူးမူးနှင့် အိပ်နေရှာသော ဩဘာမှာတော့ ရှူးကြောင်မူးကြောင် အတွေးလွဲတွေနှင့် လုံးချာမူးနောက် ကျန်ရစ်ခဲ့လေသည်။

အလွဲတွေ တွေးရင်းနှင့် ဩဘာ၏ ရင်ဘတ်ကြီး ထူးဆန်းစွာ ခုန်လှုပ်လာသည်။ ထဘီရင်လျားလေးနှင့် သူ့ခုတင်အနီးမှာ ကြိတ်၍ ငိုရှိုက်နေသည့် မြခက်နွယ်၏ ရုပ်သွင်သည် ဩဘာအား အတွေးလွဲတွေထဲမှာ ဒုက္ခပေးနေ၏။ ဘုရား... ဘုရား ငါ အိပ်မက်တွေ မက်ပြီး မြခက်ကိုများ မူးမူးနဲ့ စော်ကားလိုက်မိသလား။ ဩဘာသည် မူးမူးနှင့် မက်ခဲ့သော အိပ်မက်ကို ဖျစ်ညှစ် စဉ်းစားမိသည်။ ဩဘာ အိပ်မက် မက်ခဲ့သည်။ အိပ်မက်ထဲမှာ ဘကြီးဘုန်းကြီးနှင့် သူနှင့် ဘောလုံးကန်နေသည်။ ပျော်လိုက်တာ သူ သေမတတ် ကြောက်ရသော ဘကြီးဘုန်းကြီးခမျာ သူ ကန်သမျှ ဘောလုံးတွေကို မောနေအောင် ဖမ်းနေရရှာသည်။ မြခက်နွယ်နှင့် ဘယ်လိုမှ အဆက်အစပ် မရှိသော ကပေါက်တိ ကပေါက်ချာ အိပ်မက်။ ဒါပေမဲ့ ဩဘာကတော့ ဘောလုံးကန်တာ... ဘောလုံးကန်တာဆိုတော့ ဟာ သေချာတာပေါ့။

ဩဘာသည် ထိတ်လန့်ခြင်းကြီးစွာ ဝုန်းခနဲ ထထိုင်လိုက်သည်။ သူ့ နှုတ်မှ ထိတ်လန့်စွာ ညည်းတွားလိုက်သည်။





"ဘောလုံးကန်တာဆိုတော့ ငါ... ငါ မြခက်ကို စော်ကားလိုက်မိပြီ။ ဩြ... ဩြ မိုက်လိုက်တဲ့ ကောင်ပါလား ဩြရယ်"

ဩော်... ဘယ်လိုများ ဆက်စပ် တွေးမိသည်မသိ။ အတွေးအခေါ်က ဘယ်လိုမှ လိုက်မမီတော့ပါလား ဩဘာရယ်။

● ● ●

မနက်ခင်း အမေနှင့် မိန္ဒဲ့တို့ ဈေးသွားခိုက် ဧည့်ခန်းမှာ သားအဖနှစ်ယောက် ခေါင်းချင်းဆိုင်ဖြစ်သည်။

"အဖေ့ကို ပြောရမှာ မျက်နှာတော့ပူတယ်။ ဒါပေမဲ့ သမီးအတွက် အဖေ စိတ်ချပါ။ ဒီပြဿနာကို သမီး ကျော်ဖြတ်နိုင်ပါတယ်။ ဘယ်လောက် ကြီးတဲ့ ပြဿနာမျိုးပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် သတ်သေလောက်အောင်တော့ သမီး မရူးမမိုက်ဘူး။ အဲဒီအတွက် အဖေ စိတ်ချပါ"

"ဝမ်းသာလိုက်တာ သမီးရယ်၊ ဘာဆက်လုပ်ဖို့ သမီး စဉ်းစားမိလဲ"

ဒီကိစ္စအတွက် မြခက်နွယ် စဉ်းစားပြီး ဖြစ်ပါသည်။

"မတတ်သာလို့သာ လုပ်ရမှာပါ။ မတရားဘူးဆိုတာ သိပေမယ့် မတတ်နိုင်ဘူးလေ။ သမီး ကိုရည်မွန့်ကို ခေါ်ပြီး အမြန်ဆုံး လက်ထပ်ခိုင်းမယ်။ ကိုရည်မွန်က သမီးအပေါ် မှာ သေချာပေါက် လိုက်လျောမယ့်သူပါ။ နောက်ပြီးတော့ သူနဲ့ သမီးနဲ့က ချစ်သူတွေပါ"

အဖေ့ မျက်နှာသည် အံ့ဩမသွားပါ။ တည်တည်စူးစူးနှင့် စဉ်းစားနေရာမှ ပြောသည်။

"ဖြစ်ပါ့မလား သမီး၊ ရည်မွန့် မိဘတွေက ဒီ ရန်ကုန်မှာ နေကြတာ၊ သမီးနဲ့ ရန်ရှင်းနဲ့ မင်္ဂလာဆောင်ဖို့ ဘာမှမလိုတော့ဘူးဆိုတာလည်း သိနေကြတာလေ"

သူမ တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ကိုကြီးဩသည် ညှိုးငယ်သော မျက်နှာနှင့် အဖေ့အား လက်ညှိုးလေး ထောင်ပြပြီး ခေါ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင်း ဝင်လာကာ အဖေ့ရှေ့မှာ ခေါင်းငိုက်စိုက်ချလျက် ပုဆစ်ဒူးတုပ် ရှိခိုးလိုက်သည်။ အဖေက မျက်မှောင်ကြီးကြုတ်လျက် ကြည့်နေသည်။ ကိုကြီးသြ၏ မျက်လုံးတွေမှာ မျက်ရည်တွေ စီးကျလာပြီး မချိတင်ကဲသံကြီးနှင့် ပြောသည်။

"အားလုံးဟာ ကျွန်တော့်အပြစ်တွေပါ။ ဟောဒီ ငသြ ဆိုတဲ့ ကောင်ကြီးရဲ့ အပြစ်တွေပါ။ ငသြကို သတ်ပစ်ပါ... သတ်ပစ်လိုက်ပါ ဦးလေးထွန်းရာ အီး... အီး"

ကိုကြီးသြကို ကြည့်လျက် အဖေလည်း ကြောင်နေသည်။

"ဒီမှာ ခေါင်းမီးတောက်နေရတဲ့အထဲ မင်းက တစ်မျောင့်ပါလား ငသြရာ၊ ဘာဖြစ်ရပြန်တာလဲဟ"

"ကျွန်တော့်ကို သတ်ပစ်လိုက်ပါ ဦးလေးထွန်းရာ၊ ဟောဒီ ငသြကြီး ခွေးတောင် မသောက်တဲ့အရည်တွေ သောက်ခဲ့လို့ ခုလို ဖြစ်သွားခဲ့တာပါ။ ဒီနေ့ကစပြီး ဒီအရက်ကိုလည်း ကျွန်တော် မသောက်တော့ပါဘူး။ ညက ကျွန်တော် လူစိတ်ကင်းခဲ့တယ်။ သတိရတဲ့အချိန်မှာတော့ ဟောဒီ မြ... မြခက်က ထဘီရင်လျားလေးနဲ့ ကျွန်တော့် ခုတင်ခြေရင်းမှာ ငိုနေတာလေ"

"ဟေ..."

အဖေက အလန့်တကြား 'ဟေ' ဟု အော်လိုက်သည်။ မြခက်နွယ်ကတော့ ကိုကြီးသြ ဘာဖြစ်ခဲ့သည်ကို တန်းမြင်လိုက်သည်။ အဖေသည် အထိတ်တလန့် မျက်လုံးပြူးကြီးနှင့် သူမကို ကြည့်နေ၏။ ကိုကြီးသြကို ခဏတော့ ပ,ထုတ်မှ ဖြစ်တော့မည်။

"ကိုကြီးသြ မြခက်ကို အဖေ့ ခုတင်ဘေးက ဖိုင်လေး သွားယူပေးပါ"

ကိုကြီးသြက ဖင်ပေါ့သည်။ စွပ်ခနဲ ထ,သွားသည်။ သူ အနားမှာ မရှိတော့မှ မျက်လုံးကြီးပြူးကြည့်နေသော အဖေ့အား သူမက မနေ့ညက ရေချိုးရန် ဆင်းလာစဉ် အဖေ့ကြောင့် သူ့အခန်းမှာ ငိုရှိုက်မိခဲ့ရပုံတို့ ရှင်းပြသည်။





"အဲဒါကြောင့်ပဲဖြစ်မှာ သေချာပါတယ်။ ဦးနှောက်က နိမ့်ရှာတော့ သူလည်း မူးကြောင်ကြောင် ဖြစ်သွားမှာပေါ့။ ခုနဟာ ဆက်ရအောင် အဖေ၊ သမီးက လက်ထပ်ဖို့ပြောရင် ကိုရည်မွန်က လုံးဝ လက်ထပ်မှာပါ။ သူ့မိဘတွေကိုတော့ သမီး ကြည့်ပြောမယ်။ ရည်မွန့်အပေါ်မှာ မတရားခဲ့တဲ့အတွက် အဖေ့ဘက်က ဘာလိုက်လျှောမလဲ၊ ဘာကို ပေးဆပ်မလဲ"

ကိုကြီးသြ ဝင်လာသည်။ လက်ထဲမှ ဖိုင်ကို သူမကို ပေးသည်။ ပြီးတော့ အဖေ့ရှေ့မှာ ပုဆစ်ဒူးတုပ် ထိုင်ပြန်သည်။ သူမတို့သားအဖကတော့ စကားဆက်ပြောနေသည်။

"အေးလေ ရည်မွန်က သမီးရဲ့ရည်းစားပဲ။ ကောင်းပြီလေ သမီး ရည်မွန်နဲ့ လက်ထပ်ပါ။ ငါ့သမီးကို လက်ထပ်မှတော့ ငါ ချမ်းသာသမျှ အားလုံး ရည်မွန့်ကို လွှဲပေးမယ် သမီး"

မြခက်နွယ် မျက်နှာလေး ကြည်သွားသည်။ 'လောကကြီးမှာ နေရာတိုင်းမှာ အပေးအယူ ရှိကြရမှာပါပဲ။ ဒါပေမဲ့ အယူမရှိဘဲ အပေးချည်း ရှိလာမည့်သူကလည်း သူမရှေ့မှာ ငုတ်တုတ်ကြီး။ ဒါပေမဲ့ သူ့မျက်နှာကြီးမှာ သနားစရာ ပြုံးနေသည်။ ပြီးတော့ အဖေ့ကို ပြောသည်။

"ရည်မွန်ဆိုတာ မန္တလေးက ကောင်လေး၊ ကျွန်... ကျွန်တော်သန့်ဲ သဘောတူတယ်။ ယူမယ်ဆိုတဲ့ ဆရာဝန်ကိုတော့ သဘောမတူဘူး။ ကျွန်... ကျွန်တော် တစ်... တစ်ခု ပြောပါရစေ။ တကယ်လို့ မြခက်မှာ ကိုယ်... ကိုယ်ဝန် ရှိလာရင်..."

"ရှိလာရင် မဟုတ်ဘူး၊ ရှိကို ရှိနေပြီ ငသြ"

အဖေ၏ အငေါ့တူးစကားကြောင့် သူမ ခေါင်းငုံ့သွားသည်။

"ဝမ်းသာလိုက်တာဗျာ၊ ဘယ်သူမှ မရိပ်မိအောင် ကျွန်တော် နေ့ပေါ့မယ်။ မြခက်ကိုလည်း နှမလေးလို၊ ကလေးကိုလည်း တူ တူလေးပေါ့။ ဘလေးနားမှာ အနီးကပ် နေပါရစေ။ ကျွန်... ကျွန်တော့်ကို ကလေးအနားကတော့ မောင်းမထုတ်ပါနဲ့ဗျာ၊ ရှိကြီးခိုးပါတယ် ဦးလေးထွန်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးသြသည် မျက်ရည်တွေ ထွေထွေစီးကျလျက် အဖေ့ကို ရှိခိုးတောင်းပန်ရှာသည်။ မြခက်နွယ်သည် ကိုကြီးသြအား ကြည့်လျက် ရင်မှာ ထိခိုက်သွားသည်။ အဖေလည်း စိတ်မကောင်းရှာ။

"သြော်... လောကကြီးမှာ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ မင်းလို အူကြောင်ကြောင် ကောင်တွေလည်း ရှိနေတာပါလား။ ငါတော့ အံ့သြလို့မဆုံးဘူး သြရယ်"

● ● ●

ကိုရည်မွန်၏ မိဘနှစ်ပါးက အဖေနှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ သူတို့နှင့် အဖေ့ကြားမှာ သူမ ထိုင်နေသည်။

"ကျွန်တော့်သမီး ရဲရင့်ရန်ရှင်းနဲ့ မင်္ဂလာဆောင်တော့မယ်ဆိုတာ ခင်ဗျားတို့လည်း အသိ။ မနေ့ညကမှ သမီးက ဖွင့်ပြောတယ်။ သူနဲ့ မောင်ရည်မွန် က ချစ်သူတွေပါတဲ့။ သူ မောင်ရည်မွန်နဲ့ပဲ လက်ထပ်ပါရစေတဲ့။ ကျွန်တော်ကတော့ ရည်မွန်ပဲဖြစ်ဖြစ်၊ ရဲရင့်ရန်ရှင်းပဲဖြစ်ဖြစ် ကျွန်တော့်သမီး လက်ထပ်တဲ့သူကို ကျွန်တော် ချမ်းသာသမျှ အကုန်ပေးလိုက်မှာပဲ။ ကဲ... ခင်ဗျားတို့ ဆက်ဆွေးနွေးပြီး လုပ်စရာရှိတာ ဆက်လုပ်ကြပါ။ ကျွန်တော်တို့ လင်မယား ပဲခူးကို နှစ်ရက်လောက် သွားနေလိုက်ပါဦးမယ်"

အဖေက မျက်နှာမထားတတ်ရှာ။ အဲလောက်ပဲ ပြောပြီး ရှောင်ထွက်သွားသည်။ ကျန်သော အပိုင်းတွေကို မြခက်နွယ် ဆက်ပြီး က,ခဲ့ရသည်။ အားလုံး အဖုအထစ် မရှိခဲ့ပါ။

သြော်... ဘဝဆိုတာ ပြဇာတ်တစ်ခုပါပဲလေ။

● ● ●

ဘဝဆိုတာ ပြဇာတ်တစ်ခုလိုပါပဲလား။ ဒီအတွေးကြောင့် မြခက်နွယ် သက်ပြင်းချခဲ့ရသည့် အကြိမ်ပေါင်း မနည်းခဲ့တော့ပြီ။ ညသည် သိပ်သည်းလာသည်နှင့်အမျှ ပိုပြီး အေးစိမ့်လာသည်။ ဖြစ်ခဲ့သည်တို့အား မြခက်နွယ် စဉ်းစားကြည့်ခဲ့ပြီ။ ဒီအဖြစ်အပျက်အားလုံးကို အမှန်အတိုင်း ကိုရည်မွန်အား ဖြောင့်ချက်ပေးချင်သည်။ သေသွားသော်မှ သူမကိုယ်သူမ လိပ်ပြာသန့်ချင်သည်။ ဒါပေမဲ့ ချို့ငဲ့ရှာသူ မိန်းကလေးများ မတရား နိုင်ထက်စီးနင်း ပြုခံခဲ့ရသည်တို့ကို ရှေ့ဆုံးမှ ဦးဆောင်၍ တရားသဖြင့် ဖြစ်စေရန် ကူညီ ဆောင်ရွက်ပေးနေသော ဒေါ်မြခက်နွယ် ဆိုသည့် သူမ၏ နာမည်ကြီးက သူမကို ပြန်ပြီး ခြောက်လှန့်နေပြန်သည်။ သည်မှာပင် အတွေးတစ်ခုက ခေါင်းထဲမှာ လက်ခနဲ ဝင်ရောက်လာ၏။ ဒေါ်မြခက်နွယ် ဆိုတာ အမှန်တရားဘက်က ရပ်တည်တဲ့ အမျိုးသမီးပါ။ ငါ့ရဲ့ သမိုင်းမှာ ငယ်နုစဉ်က မတရားမှုတွေနဲ့ လိမ်ညာခဲ့မှုတွေကို ဖွင့်ဟ ဝန်ခံပစ်ရမယ်။ ဒါမှ ငါဟာ လိပ်ပြာသန့်စင်စွာနဲ့ အဆုံးသတ်မှာ လုပမယ်။ ကလေးတွေလည်း အဖြစ်မှန် ဘဝမှန်ကို သိကြပြီး သူတို့ဘဝကို ပျော်ရွှင်စွာ ရှေ့ဆက်နိုင်ကြမယ်။ ကဲ... ကိုရည်မွန်ရေ ကျွန်မက အမှန်အတိုင်း ဖွင့်ပြောပြလိုက်တဲ့အခါမှာ ရှင့်မျက်နှာကြီး ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျွန်မ ကြည့်ချင်လိုက်တာ။

သူမ နှုတ်ခမ်းတွေ ပြုံးသွားသည်။ မျက်လုံးတွေ မှေးပိတ်ပစ်လိုက်၏။ ရင်ထဲမှာ ပေ့ါပါး လန်းဆတ်နေသည်။ တစ်သက်မှာ ဒီတစ်ခါလောက် ရင်မှာ ပေ့ါပါး ကြည်ရှင်းနေတာ တစ်ခါမျှ မရှိခဲ့။ မနက်ကို စောင့်နေ လိုပြီလေ။ ငါ ခံလိုက်ရပြီဆိုပြီး ရှက်ရယ် ရယ်တဲ့ ရှင့်မျက်နှာကို မြခက် မြင်ချင်လှပါပြီ။

ဒီနောက် ဒန်းကလေးပေါ်မှာ သူမ အိပ်ပျော်သွားသည်။

● ● ●

"အမေ... အမေ... အမေရယ် အဲဒါကြောင့် စိတ်ထဲထင့်နေတာ။ ရဲရင့်၊ မျိုးရည်၊ အဖေ... အဖေ လာကြပါဦး။ ဒီမှာ အမေ ခေါ်လို့မနိုး အင့်... အီး"







www.burmeseclassic.com

www.burmeseclassic.com



ညဉ့်တစ်နာရီခွဲအချိန်မှာ မြခက်နွယ်အား စိတ်မချ၍ ခြံထဲဆင်းကြည့် သူ လရိပ်၏ အထိတ်တလန့် အော်သံကြောင့် တစ်အိမ်သားလုံး ခြံထဲ ပြေးဆင်းလာကြသည်။

"မြခက်... မြခက် အို တစ်ကိုယ်လုံးလည်း အေးစက်လို့ပါလား မြခက် မြခက်"

"အမေ... အမေ အဲဒါကြောင့် သမီးစိတ်ထဲမှာ ထင့်နေတာ။ ခုတော့ ထင်တဲ့အတိုင်းပဲ"

"ရဲရင့် သား ကားထုတ်၊ အဖေတို့ ဆေးရုံကို သွားရအောင်"

ဦးရည်မွန်က ဒေါ်မြခက်နွယ်အား ပွေ့ယူလိုက်သည်။

"လရိပ် သမီး မငိုနဲ့၊ သမီးအမေ မသေနိုင်ဘူး။ သူ အသက်ရှူနေသေးတယ်။ ကျေးဇူးပါ သမီးရယ်၊ သမီး ဆင်းကြည့်လို့သာ အဖေတို့ သူ့အသက်ကို ကယ်လိုက်နိုင်တာပါ"

ဒေါ်မြခက်နွယ်အား ကားပေါ်သို့ ပွေ့တင်ကာ ဆေးရုံသို့ မောင်းထွက်ခဲ့ကြသည်။ မြခက်နွယ် မသေနိုင်တော့ပါ။

● ● ●

ငွေ့ငွေ့လေး ပူအိုက်လာသည့်အတွက် ဆောင်းသည် သူ့ဝတ်လွှာကို ခွာချလိုက်၏။ ဆောင်းဦးက စိမ်းလဲ့ပျိုမျစ်ခဲ့သော ရွက်ပျိုတွေက အခု တော့ ညှိုးရော် သွေ့ခြောက်ကာ ကိုင်းထက်ကို ဖက်တွယ်ထားရာမှ အား လျော့ ပြုတ်ကျလာကြသည်။ ရက်ပေါင်း (၇၂) ရက်ဆိုသည်မှာ ဘာမျှ မကြာလိုက်သလိုပါပဲလား။

ဒီကနေ့မှာ မြခက်နွယ် ဆေးရုံမှ ဆင်းခဲ့ပြီ။

■



## အနောက်ချုပ် - (ရည်မွန်)

'365' ဟူသော ဆိုင်ကလေးထဲမှာ မျိုးရည် ထိုင်နေ၏။ ရှေ့မှာရှိနေသော စတော်ဘယ်ရီ ဖျော်ရည်ခွက်ကလေးက အရာမယွင်းသေး၊ အပြင်မှာ ပူနေသော်လည်း ဆိုင်ကလေးထဲမှာ အေးစိမ့်နေသည်။ အပြင်မှာ နေသာနေသော်လည်း ဆိုင်ကလေးထဲမှာ လမင်းလေးတစ်စင်း လင်းနေသည်။ မျိုးရည်၏ မျက်လုံးတွေက လမင်းလေးဆီမှာပဲ ရောက်နေသည်။ ဝိရိယက ဗိုက်အားကောင်းနေသော မျိုးရည်ကို လက်နှင့်ပုတ်လျှက် သတိပေးလိုက်သည်။ မျိုးရည် ရှက်ရယ်ရယ်သည်။

"တော်တော်လှတဲ့ ကောင်မလေးပဲ။ အသားအရေက အခု ဖန်ခွက်ထဲကလိုပဲ နို့နဲ့ စတော်ဘယ်ရီ စပ်ထားတဲ့ အသားအရေ၊ မျက်နှာလေးကလည်း ရှင်းလို့၊ အရွယ်ကလည်း ငါတို့အရွယ်လောက်ပဲ ဖြစ်မှာ။ ငါ သဘောကျလိုက်တာကွာ"

မျိုးရည်သည် လမင်းလေးကိုကြည့်ကာ သဘောကျနေခိုက် ဦးရည်မွန်ထံမှ ဖုန်းဝင်လာ၏။

"ဟဲလို ပြောပါ အဖေ"

"မျိုးရည် သား အခု ဘယ်မှာလဲ။ စတိုးဆိုင်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အဖေ၊ ဆိုင်က ထွက်လာခဲ့တာ၊ ကျော်အောင်တို့ ကုန်တိုက်ကို မနက်က ရောက်တဲ့ ကိုရီးယားထည်တွေ ပို့ပြီး သား... သား ဝီရိယနဲ့ အအေးဝင်သောက်နေတာ 365 မှာ"

"ဩော်... အဲဒါဆို အဖေ ဆိုင်ထဲမဝင်သေးဘူး။ အဖေက 365 ရှေ့က ကားပါကင်မှာ၊ သား ဒီနေ့ နာရီဝက်လောက် စောပြန်လို့ရမလား။ မင်းအမေက မီးဖိုချောင်အတွက် Shopping ထွက်ချင်လို့တဲ့"

"မနက်က ရောက်တဲ့ ပစ္စည်းတွေတော့ Data သွင်းစရာရှိတယ်။ အဲဒါ နည်းနည်း အချိန်ပေးရမှာ။ သား ရဲရင့်ကို တစ်ချက် မေးကြည့်လိုက်ဦးမယ်။ စိတ်မပူနဲ့ အဲဒီကိစ္စ သားတို့ ညီအစ်ကို ကြည့်လုပ်လိုက်မယ်"

"အေး... အေး Thank you ပါ"

ဖုန်းပိတ်သွားတော့ မျိုးရည်က ဦးရည်မွန်ကို အတင်းတုပ်ဖို့ ဝီရိယ အနားသို့ ကပ်ပြောလိုက်သည်။

"အဖေကတော့ 'အနောက်' ပါပဲကွာ၊ တွေ့တယ် မဟုတ်လား။ မားသားကြီးက သူ့ကို လိုက်ပို့စေချင်လို့ ဖုန်းဆက်တာကို ငါတို့ဘက် မြှားဦးလှည့်ပေးလိုက်တာလေ"

ဝီရိယက သူ့စကားကို အင်းအဲမလုပ်ဘဲ မျက်လုံးကြီးပြူးလျက် လမင်းလေးရှိရာ ပြသည်။

"ဟုတ်တယ်၊ မင်းအဖေက 'အနောက်' ပဲ။ ကြည့်လိုက် မျိုးရည်"

မျိုးရည် သူ့နဖူး သူ ရိုက်လိုက်မိ၏။ သူ တစ်ချိန်လုံး ရှုးသွပ်ပေးမောခဲ့ရသော လမင်းလေးသည် အဖေနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လျက် ကြည်မွေ့သာယာနေကြသည်။ ဒီလမင်းလေးသည် အဖေ၏ ဘယ်နှစ်ယောက်မြောက် စမောလေး ဖြစ်မည်မသိ။ မျိုးရည်သည် မျက်နှာ မပွင့်ရှာလေသော သူ့နှလုံးသားကို ရှက်သွားမိသည်။

"ဘယ်မိန်းမမှတောင် ငါ့မှာ မကြည့်ရဲတော့ပါဘူးကွာ။ နေရာတိုင်းမှာ အဖေနဲ့ကို မလွတ်နိုင်ဘူးဟေ့။ အဖေ့လက်က မကျတဲ့အပြင် ပိုတက်လာတယ်ကွ ဟား... ဟား... ဟား"





ခပ်ကုပ်ကုပ် ထွက်သွားသော မျိုးရည်တို့ကို ကြည့်ကာ လမင်းလေးက ရည်မွန့်အား ပြောသည်။

"ဂရေ့စ်ကို ရှိုးနေတာလေ၊ အဲဒီနှစ်ကောင် အခု ဒါလင်ရောက်လာမှ အမြီးကုပ်ပြီး ခေါက်သွားကြတာ။ ကြည့်ရတာ ယူ့ကို သိနေတဲ့ပုံပဲ"

သူ ဘာမှပြန်မပြောဘဲ ရယ်ပြလိုက်ပြီး ဂရေ့စ်၏ ဆံပင်လေးကို အသာအုပ်ကိုင် ထိုးဖွပစ်လိုက်၏။ သည်အခိုက်မှာပင် သူ့ဖုန်းမှ အသံမြည်လာသည်။ ကြည့်လိုက်တော့ နံပါတ်တွေ အများကြီး၊ ရှေ့မှာ plus (+) လည်း ပါသည်။

"over sea ပဲ။ ကိုယ့်ဆီကို over sea ဝင်စရာလည်း မရှိပါဘူး။ inport, export ကလည်း ရဲရင့်ပဲ လုပ်နေတာ"

ဒွိဟစိတ်နှင့် ဖုန်းကို ဖွင့်လိုက်သည်။ တစ်ဖက်က အသံက သူ ဘယ်လိုမှ ထင်မှတ်မထားသောသူ။

"ဟဲလို ရည်မွန်လား၊ ကိုယ်ပါ ရဲရင့်ရန်ရှင်းပါ"

"ဩော်... ကိုရန်၊ မတွေ့ရတာကြာပြီ ကိုရန် အခု ဘယ်မှာလဲ"

"ကိုယ် အခု အိန္ဒိယမှာ ခဏပေါ့၊ ကွန်ဖရင့် လာတက်တာ"

ထင်တော့ ထင်မိသား။ ဂဏန်းတွေက +9 နှင့် စနေသည်။ ရည်မွန်သည် အပြင်မှာ ဟန်ကောင်းသော်လည်း နှလုံးခုန်သံသည် ရင်ထဲမှာ ပြင်းပြင်းလှုပ်ခုန်လာ၏။

"Sperm test ရော ထပ်လုပ်ဖြစ်သေးလား ရည်မွန်"

အဲဒါဟာ သူ မကြားချင်ဆုံးသောစကား ဖြစ်သည်။ ဒီမေးခွန်း၏ နောက်ကွယ်မှာ အဓိပ္ပာယ်တွေ အများကြီး ရှိသည်။ ရှင်းရခက်သော ပြဿနာတွေ တစ်လှေကြီး ရှိသည်။

"ကိုရန် ခဏစောင့်ပါ။ အခု ကျွန်တော့်ရှေ့မှာ ဧည့်သည်ရှိနေလို့ ကျွန်တော် အပြင်ထွက်ပြောမယ် ကိုင်ထားပါ ကိုရန်"

ဂရေ့စ်အား ခဏစောင့်ဟု လက်ဟန်ပြကာ ရည်မွန်က အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူပြောမည့် စကားတွေကို သူများ မကြားစေချင်။ ကား ပါကင် မှ သူ လင်ခရူဇာကြီးပေါ် တက်လိုက်သည်။ ကားတံခါးကိုပိတ်ပြီး Air Con ဖွင့်သည်။

"ပြောပါ ကိုရန်၊ လွတ်လွတ်လပ်လပ် ပြောလို့ရပါပြီ"

"Sperm test လေ။ အဲဒါ ရည်မွန် ထပ်စစ်ကြည့်ဖြစ်လား"

"ကျွန်တော်နဲ့ဆိုင်တဲ့ အဲဒီစစ်ချက်ကို ကိုရန်က နိုင်ငံခြားကနေ လှမ်းပြီး မေးရလောက်အောင် ဒီကိစ္စဟာ ကိုရန့်အတွက် ဘယ်လောက်များ အရေးပါနေလို့လဲ။ ပွင့်ပွင့်လင်းလင်း ပြောပါ"

"မင်း မြခက်နွယ်နဲ့ လက်ထပ်လိုက်တယ် မဟုတ်လား။ သူ့သား ရဲရင့်လေ၊ ကိုယ် ရဲရင့်နဲ့ တွေ့ချင်လို့ပါ"

"ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"အဲဒါ ကိုယ် မပြောတတ်ဘူး ရည်မွန်၊ ရဲရင့်ကို ကိုယ် တွေ့ချင်တယ်။ မြင်ချင်တယ်။ ပြီးတော့ Something တစ်ခုခုပေါ့။ ကိုယ် လုပ်ပေးချင်တယ်"

ရည်မွန် သက်ပြင်းချသည်။ နှစ်ဆယ့်ငါးနှစ်တောင် ရှိခဲ့ပြီ။ အခုမှ မေတ္တာတွေ၊ သစ္စာတွေ လာလုပ်ပြနေလို့ သင့်၊ မသင့် ဒီလူ နားလည်ဖို့ ကောင်းသည်။

"ကိုရန် အခု အိမ်ထောင်နဲ့ပဲ မဟုတ်လား"

"ဟုတ်တယ်၊ အမေရိကားမှာ ကျန်ခဲ့တယ်။ ကိုယ့်အမျိုးသမီးက အိုင်းရစ်ပါ။ သမီးလေး နှစ်ယောက် ကိုယ်တို့မှာ ရှိနေပြီ။ မိဘမေတ္တာကို ကိုယ် သိလိုက်တဲ့အချိန်မှာ သားသမီးရဲ့ မေတ္တာကို ကိုယ် တောင့်တမိတယ်။ ကိုယ်တို့ မြန်မာတွေမှာရှိတဲ့ မိဘနဲ့ သားသမီးရဲ့ ချစ်ခြင်းမေတ္တာကို သူတို့ဆီမှာ ကိုယ် ရှာလို့မရခဲ့ဘူး။ ကိုယ့်ကို တစ်ခုခု စီစဉ်ပေးပါ ရည်မွန်"

ရည်မွန် ရယ်သည်။ သနားဖို့ကောင်းလိုက်တဲ့ လူ၊ လူကြီးပြီး ပညာ





တတ်ကြီးဖြစ်ပေမယ့် မေတ္တာနဲ့နဲ့ရှာသူ။ ပေးဆပ်ရသော မေတ္တာနှင့် အတ္တကို ခွဲခြားမသိရှာလေသူ။

"အကောင်းဆုံးကတော့ ဒီအတိုင်းပဲ ထားလိုက်ပါတော့ဗျာ။ အဲဒီကြိုးဟာ ခင်ဗျားကိုယ်တိုင် ဖြတ်ခဲ့တဲ့ ကြိုးပါ။ ကျွန်တော့်မှာ ကြိုးတစ်ချောင်းရှိတယ် ကိုရန်၊ လူမဆန်တဲ့ ယောကျ်ားတစ်ယောက် ဖြတ်ချသွားတဲ့ ကြိုးအပိုင်းပြတ်လေးကို ရည်မွန်က ထုံးပြီး ပြန်ဆက်၊ ကြိုးအပြတ်လေး သုံးခုဆိုတော့ ကြိုးအထုံးလေး သုံးခုပေါ့။ ရဲရင့်ရည်ကလည်း အဲဒီထဲက အထုံးလေး တစ်ထုံးပါပဲ။ ကျွန်တော်က အဲဒီကြိုးကို အထုံးလေးတွေ မြဲပြီး ကျစ်နေအောင် ဆက်ခဲ့တယ်။ အခုဆို ဘယ်သူမှ အဲဒီကြိုးက အထုံးလေး သုံးခုကို မမြင်နိုင်တော့ဘူး။ ခင်ဗျားလည်း ခင်ဗျား ဖြတ်ခဲ့တဲ့ ကြိုးကလေးရဲ့ ဆက်ထုံးဟာ ဘယ်မှာလဲဆိုတာ မသိနိုင်ဘူး။ ဖြည်လည်း မဖြည်နိုင်သလို ပြန်လည်း ဆက်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်က ချမ်းမြေ့တဲ့ ရင်နဲ့ ဒီအတိုင်းပဲ ထားလိုက်တယ်။ ခင်ဗျားလည်း ဒီအတိုင်းပဲ ဆက်ထားလိုက်ပါ။ အဲဒါဟာ အကောင်းဆုံးပါ ကိုရန်"

ရေခြားမြေခြား အိန္ဒိယမှ လူတစ်ယောက်၏ သက်ပြင်းချသံကို နားမှာ ကပ်လျက် ကြားလိုက်ရသည်။

"Sorry ပါ ရည်မွန်၊ ငါဖြတ်ခဲ့တဲ့ ကြိုးအထုံးလေးကို ငါ မဖြည်တော့ပါဘူးလို့ ကတိပေးပါတယ်။ ကြိုးအထုံးလေး သုံးခုထိ သည်းညည်းခံနိုင်တဲ့ မင်းရဲ့ ခွင့်လွှတ်နိုင်စွမ်းကိုလည်း ငါ လေးစားမိပါတယ်။ ဂွတ်လပ်ပါ ရည်မွန်"

"Good Luck ကိုရန်"

ရဲရင့်ရန်ရှင်းနှင့် ပြောအပြီးမှာ သူ့ရင်သည် အေးမြစွာ လန်းဆတ်သွားသည်။

သြော်… မေတ္တာဆိုတာ အေးမြခြင်းပဲ မဟုတ်ပါလား။

www.burmeseclassic.com



သည်မှာပင် ဆိုင်ထဲက လမင်းလေး သူ့ကားနံဘေး ရောက်လာသည်။ ရည်မွန်က ကားတံခါးကို ပျာပျာသလဲ ဖွင့်ပေးလိုက်၏။

“ဂရေ့စ်ရယ် နေက ပူလိုက်တာ ဆိုင်ထဲမှာတော့ မစောင့်ဘူး၊ ကိုယ့်ကြောင့် ဂရေ့စ် အသားလေးတွေ နေလောင်တော့မှာပဲ”

“ဒါလင်က အကြာကြီးပဲ ဖုန်းပြောနေတာလေ။ ယူ ဘယ်လေဒီနဲ့ ပြောနေတာလဲလို့ ဂရေ့စ် ခိုးလို့ လိုက်လာတာ”

“ကိုယ့်ရဲ့ မိန်းမကို ကျောသွားတဲ့သူမို့ ကိုယ် လက်စားချေပြီး ပြောလိုက်တာပါ။ ကိုယ့်နာမည် ရည်မွန် တဲ့။ ယောကျ်ားချင်းဆို အကျောမခံဘူး။ မိန်းကလေးဆိုရင်တော့ ကိုယ့် ရင်ကို ဓားနဲ့ထိုးလည်း ပြုံးပြုံးလေးနဲ့ အထိုးခံတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ ဂရေ့စ် မပါဘူး။ ကိုယ် သိတာပေါ့။ ကဲ... ဟန်နီ မင်း ဘယ်ကိုသွားမလဲ ပြော”

ဂရေ့စ်၏ ခေါင်းလေး သူ့ပခုံးပေါ် ပြုကျလာသည်။ သူ ကားကို မောင်းထွက်ခဲ့၏။

“ဂရေ့စ်ကတော့ နာ့စ်ဆိုတော့ ကိုယ် ပြောပြလို့ ရတယ်။ မိန်းမတစ်ယောက်နဲ့ အိပ်ရာပေါ်က ကိစ္စမှာ ကိုယ် အားနည်းတယ်။ ကြောက်တတ်တယ်”

“သိတယ်လေ၊ သိလို့လည်း ယူ့ကို ဂရေ့စ် မကြောက်တာပေါ့”

“ကိုယ် အသက်နှစ်ဆယ်တုန်းက ကားအက်စီးဒင့် ဖြစ်ခဲ့တယ်။ ကိုယ့်ကျောရိုးမှာ ထိခိုက်မိတယ်။ ကိုယ် မိန်းမတစ်ယောက်နဲ့ အိပ်ရာပေါ်က ကိစ္စမှာ အားနည်းသွားတယ်။ စိတ်က ရှိပေမယ့် စွမ်းအားက မရှိဘူး။ အဲဒါနဲ့ အစ်ကိုလို သူငယ်ချင်းလို တင်းနစ်ရိုက်ဘက် ဆရာဝန်နဲ့ Sperm test ပေါ့။ သုက်ပိုးကို စစ်ကြည့်တယ်။ ပိုးကောင်ရေက တစ်သန်းအထက်မှာ ရှိရမှာ မဟုတ်လား။ တစ်ခါထုတ်တဲ့ ပမာဏမှာ ပိုးကောင်ရေက ကိုယ့်မှာ တစ်သိန်းအောက်မှာ။ ကိုယ်က ဘယ်တော့မှ ကလေး မရနိုင်တဲ့ကောင်လေ”



BURMESE CLASSIC .com



ဂရေ့စ် နှစ်နှစ်ပျော်ပျော် ရယ်သည်။ ဂရေ့စ် ရယ်တော့ သူလည်း ရယ်သည်။ အမှန်တော့ အဲဒီကိစ္စမှာ ကိုယ်က မစွမ်းဘူးဆိုတာ မိန်းကလေးတွေ သိအောင် ကိုယ်က တိုးတိုးတိတ်တိတ် အသိပေးနေရတာပါ ဂရေ့စ်ရယ်။ ခပ်ပြောင်ပြောင် ပြောရင်းနှင့် သူ ရယ်ပစ်လိုက်သည်။ ဖြစ်ရလေ ရည်မွန်ရယ်။

■



www.burmeseclassic.com

www.burmeseclassic.com



ညနေ (၅) နာရီ ထိုးတော့မည်။

လရိပ်သည် ဒေါ်မြခက်နွယ်အား ရေချိုးသန့်စင်လျက် ဝီးလ်ခဲ့ပေါ် တင်ထား၍ခြံရှေ့သို့ တွန်းထွက်လာ၏။ ဒီအချိန်ဆို သန္တာရီသည် ချက်ပြုတ်ပြီး၍ ရေချိုးခန်းဝင်နေပြီ။ ပြီးလျှင် နောက်က ထွက်လိုက်လာလိမ့်မည်။ လရိပ်ရည်သည် ဝီးလ်ခဲ့လ်ပေါ်မှ ထိုင်လျက် ခြံအဝင်ဝသို့ မျှော်ကြည့်နေသော ဒေါ်မြခက်နွယ်၏ အပူအပင်မဲ့သော မျက်နှာကလေးကို ငေးကြည့်နေ၏။ အမေ့မှာ လူကြီးတစ်ယောက်၏ အသိဉာဏ်တွေ မရှိတော့၊ စကားလည်း မပြော၊ အမေ့စိတ်က ကလေးတစ်ယောက်လိုပါပဲ။ အပူအပင်မဲ့စွာ အေးချမ်းလွန်းလှသည်။ ညနေ ငါးနာရီထိုးလျှင် အဖေရော၊ အစ်ကို နှစ်ယောက်စလုံး အိမ်ကို အရောက်ပြန်ကြသည်။

အစ်ကိုနှစ်ယောက်နှင့် အဖေ ဝယ်လာသည့် ဒေါနတ်တို့ ချောကလက်တို့ကို အမေ နှစ်သက်သည်။ ဒီ စားစရာလေးတွေ လက်ထဲမှာကိုင်လျက် အမေ ပျော်နေတတ်သည်။

သူမ ဘေးတိုက်ကြည့်နေဆဲမှာပင် အမေ့ မျက်လုံးတွေက အရောင်လက်သွားပြီး အမေ့ နှုတ်ခမ်းတွေက အားရပါးရကြီး ပြုံးသွားသည်။ ခြံဝမှာ အဖေ့ကားနှင့် အစ်ကိုနှစ်ယောက်၏ ကားဝင်လာပြီ။ အချိန်က ညနေ ငါးနာရီတိတိအချိန်။

နီကိုရဲ



BURMESE CLASSIC .com

www.burmeseclassic.com